MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TE
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 18 THE WEEK OF MAY 20
WWW.ICT.COM.MM



## လက်ဗွေရာသုံး လုံခြုံရေးစနစ် ဖုန်းများတွင် သုံးနိုင်တော့မည်

## Webinar ဆိုတာ ဘာလဲ

## ရန်ကုန်မြို့အား အဆင့်မြင့်မြို့တော်အဖြစ် ပြုပြင် ပြောင်းလဲမည့် လုပ်ငန်းစဉ်

## မန္တလေးတိုင်းတွင် ၁၅၀၀တန် ဆင်းမ်ကတ် (၇၀,၀၀၀) ချထားပေးမည်

## Windows 7 နှင့် 8 အကြားက ကွာခြားချက်များ

## Yangon ICT Fair အတွက် အထူး အစီအစဉ်ရှိ


Toyota Highlander 2012


HTC One SC (CDMA)


အိတ်ဆောင် Scanner


HUAWEI Ascend D2


Acer Aspire V5-431 (PDC)



REDLINK COMMUNICATIONS
Booth No – E1 ( Tatmadaw Hall ) 24th ~ 26th May 2013
ကနဦးတပ်ဆင်ခ လုံးဝပေးစရာမလို
Internet ချက်ခြင်း တပ်ဆင်အသုံးပြုနိုင်မည့်
အထူးအခွင့်အရေး
Certificate No. TH 10/5319
Official Technology Partner of 27th SEA GAMES MYANMAR 2013 www.mmseagames2013.com
ICT Exhibition နှင့် မိုးရာသီအကြို
အထူးဈေးနှုန်း
24th ~ 31st May 2013
Additional Bonus for Gold+, Prepaid & Much More
Broadband Internet Service
* Terms & Conditions Apply
အသေးစိတ်သိရှိလိုပါက - Sales Office & Service Center
* Pearl Condo : 09 73031684 ~ 85 * BAK (IT Mall) : 09 43170015 * Junction Square : 09 43170016
* Chaw Twin Gone : 01 660304, 664282 * Junction Maw Tin : 09 431 38326 နှင့် Sales Agent များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။


Model: အောင်မြင့်မြတ်, Photography: သိန်းဇော်ဝင်း (Photo Magic)

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

# လက်ဗွေရာ ပုံရိပ်သုံး လုံခြုံရေးစနစ် ဖုန်းများတွင် သုံးနိုင်တော့မည်



မင်းခန့်

Paypalစနစ်ရဲ့ သတင်းအချက်အလက် ဆိုင်ရာ အရာရှိ Michael Barrettက မကြာ သေးခင်က ပြုလုပ်ကျင်းပခဲ့တဲ့ Interop IT အစည်းအဝေးပွဲမှာ အင်တာနက် စနစ်သုံး လုံခြုံရေးစနစ်အသစ် တစ်မျိုးကို တီထွင် ဖန်တီးနိုင်နေပြီ ဖြစ်ကြောင်း၊ အဆိုပါ စနစ်မှာ ယခင် Passwordစနစ်အား အစား ထိုး အသုံးပြုသွားရန် ရည်ရွယ်ထားကြောင်း၊ Biometric နည်းပညာကို အသုံးပြုထားတာ ဖြစ်ကြောင်းနှင့် လက်ဗွေရာ ပုံရိပ်ဖမ်း Scannerစနစ်ဖြင့် အသုံးပြုရမှာ ဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် အဆိုပါ နည်းပညာ အား Smartphoneများတွင် အသုံးပြုနိုင်ရန် ဒီနှစ်ကုန်ပိုင်းမှ စတင်၍ ဈေးကွက် ဖြန့်ချိသွား မှာ ဖြစ်ကြောင်းလည်း ဆက်လက် ပြောကြား ခဲ့ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက အဲဒီ နည်းပညာကို အသုံးပြုနိုင်ဖို့အတွက် လက်ဗွေ ရာသုံး လုံခြုံရေးစနစ် အသုံးပြုဖူးသူ ဖြစ်လျှင် ပိုမို အဆင်ပြေမည်ဖြစ်ကြောင်းနှင့် အဆိုပါ စနစ်အား မရင်းနှီးသူများအတွက်တော့ အချိန် ပေး၍ သုံးစွဲရမည် ဖြစ်ကြောင်းလည်း သိရပါ တယ်။ ယခုအခါ ဈေးကွက်ဝင် လက်ဗွေရာ သုံး လုံခြုံရေးစနစ်များမှာ အသုံးပြုပြီး လပိုင်း အကြာတွင် Updateလုပ်ရန် အချက်ပြပြီး စနစ်ပျက်ယွင်းမှုများ ရှိနေ ကြောင်းလည်း ဆိုပါတယ်။ ဒါပေမယ့် တဖြည်းဖြည်းချင်း တိုးတက်ကောင်းမွန်တဲ့ စနစ်ကို တီထွင်လာ နိုင်တာကြောင့် မကြာခင်အချိန်မှာ Hackerနဲ့ Crackerတွေရဲ့ ရန်က လွတ်ကင်းနိုင်တော့ မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။ နောက်ပြီး မကြာခင် အချိန်ကာလမှာပင် Password တွေ မှတ်သားရမှု၊ မေ့ပျောက် မှုတို့ကြောင့် ကြုံတွေ့နေရတဲ့ Account ပျက်စီးမှုတွေ၊ Recovery လုပ်ငန်းတွေကို အစားထိုးနိုင် တော့မှာ ဖြစ်ကြောင်းနဲ့ Account လုံခြုံရေး ကို စိတ်ချလက်ချ ထားရှိနိုင်တော့မှာ ဖြစ် ကြောင်းတို့ သိရပါတယ်။

Ref: www.geeky-gadgets.com

# Nok Airမှ မြန်မာသို့ လေကြောင်းခရီးစဉ် ပျံသန်း ပြေးဆွဲမည်



Image Credit: www.asia.city.com

Sid

ထိုင်းနိုင်ငံ အခြေစိုက် ပြေးဆွဲလျက်ရှိ သော တန်ဖိုးနည်း လေကြောင်းလိုင်း Nok Airမှ မြန်မာနိုင်ငံသို့ လေကြောင်းလိုင်းများ ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရပါ သည်။ အဆိုပါ လေကြောင်းလိုင်းသည် ထိုင်းနိုင်ငံ မဲဆောက်၊ ချင်းမိုင်နှင့် ရနောင်းမြို့ များမှ မြန်မာနိုင်ငံ၏ မြို့ကြီးများသို့ လေ ကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း Nok Air လေကြောင်း လိုင်းမှ ဒုတိယ အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr. Piya Yodmaniထံမှ သိရပါသည်။ ပထမဦးဆုံး လေကြောင်းခရီးစဉ်အဖြစ် မဲ ဆောက်နှင့် မော်လမြိုင်အား လာမည့် စက်တင် ဘာလအတွင်း ပြေးဆွဲပျံသန်းသွားရန် ရှိ ကြောင်းနှင့် နောက်ပိုင်းတွင် မဲဆောက်- ရန်ကုန် ခရီးစဉ်၊ ဒွန်မြောင်း-ရန်ကုန် ခရီးစဉ် များကိုပါ ဆက်လက် ပြေးဆွဲ သွားရန်ရှိ ကြောင်း သိရပါသည်။ ထို့အပြင် အခြားသော လေကြောင်း ခရီးစဉ်များဖြစ်သော ချင်းမိုင် - မန္တလေး၊ ချင်းမိုင်-ပုဂံနှင့် ဘန်ကောက်-ရန်ကုန် ခရီးစဉ်များအတွက်ပါ အစီအစဉ်များ ရေးဆွဲ လျက်ရှိကြောင်း သိရပါသည်။ မဲဆောက်- မော်လမြိုင် လေကြောင်း ခရီးစဉ်ပြေးဆွဲမှု တွင် Nok Airမှ Saab 340B Turboprop အမျိုးအစား ခရီးသည် ၃၄ ယောက် လိုက်ပါ စီးနင်းနိုင်မည့် လေယာဉ်များဖြင့် ပြေးဆွဲသွား မည်ဖြစ်ကြောင်းလည်း သိရပါသည်။ ထို့အ ပြင် ဘန်ကောက် - ရန်ကုန် ခရီးစဉ်အတွက် ခရီးသည် ၁၈၉ ယောက် လိုက်ပါစီးနင်းနိုင် မည့် Boeing 737-800 Jet လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲသွားရန် ဆောင်ရွက်လျက်ရှိ ကြောင်းနှင့် လက်ရှိပြေးဆွဲနေသော Airbus 320s လေယာဉ်များနှင့် အပြိုင် ပြေးဆွဲသွား မှာ ဖြစ်ကြောင်းကိုလည်း Mr. Piya Yodmani မှ ဆက်လက်ပြောကြားခဲ့ပါသည်။

# Myanpay Account ရှိသူတိုင်း Online မှတစ်ဆင့် တိုက်ရိုက် ငွေဖြည့်သွင်းနိုင်




ဒေဝီ

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အွန်လိုင်း မှတစ်ဆင့် မိုဘိုင်းဖုန်းများသို့ ငွေဖြည့်သွင်း နိုင်သည့် ဝန်ဆောင်မှုကို ၂၀၁၃ခုနှစ် မတ် လ ၇ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေး လျက်ရှိပြီး အဆိုပါ ဝန်ဆောင်မှုအတွက် www.topup.com.mmကို အသုံးပြု၍ ဝန် ဆောင်မှုကို ရယူနိုင်ကာ ဝန်ဆောင်မှု ရယူ လိုသူများ အနေဖြင့် MyanPay Account ရှိရမည် ဖြစ်သည်။

အဆိုပါ ဝန်ဆောင်မှုတွင် GSM, WCDMA, CDMA, 800 MHz, 450 MHz မိုဘိုင်းဖုန်း Networkများအား တိုက်ရိုက် ငွေဖြည့်သွင်း နိုင်မည်ဖြစ်သည်။ "ကျွန်တော်တို့ရဲ့ ဝန်ဆောင် မှုက Onlineကနေ အသုံးပြုသူရဲ့ မိုဘိုင်းဖုန်း ထဲကို တိုက်ရိုက် ငွေဖြည့် သွင်းပေးတဲ့ ဝန်ဆောင်မှု ဖြစ်ပါတယ်။ အခု လက်ရှိမှာ တော့ GSM, WCDMA, CDMA 800 MHz, 450 MHzဖုန်းတွေကို ငွေဖြည့်သွင်း ပေးလို့ရ ပါတယ်။ အသစ်ထွက်ရှိတဲ့ MECTel-CDMA 800 MHz Mobile Net-work တွေကိုလည်း ဝန်ဆောင်မှု ရရှိအောင် လုပ်ပေးမှာပါ။ Web-siteမှာ ငွေပေးချေမှုကိုတော့ MyanPay Online Payment Gate-wayကို အသုံးပြု ထားပါတယ်။ ပြီးတော့ Online Serviceဖြစ် တဲ့အတွက် ၂၄ နာရီ ပတ်လုံး ဝန်ဆောင်မှု ရရှိမှာ ဖြစ်ပါတယ်"ဟု အဆိုပါ Websiteမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

၎င်း Websiteတွင် ဝန်ဆောင်မှု ရရှိရန် အတွက် ရိုးရှင်းသော အဆင့် (၃)ဆင့်သာ လုပ်ဆောင်ရန် လိုအပ်ကြောင်း သိရပြီး၊ ပထမအဆင့်တွင် မိမိငွေဖြည့်သွင်းလိုသော ငွေပမာဏနှင့် ဖုန်းနံပါတ်ကို ထည့်သွင်းပေး ရန် လိုအပ်ကာ ဒုတိယအဆင့်တွင် Myan-Payဖြင့် ငွေပေးချေမှု ပြုလုပ်ရမည် ဖြစ်သည်။ တတိယအဆင့် အနေဖြင့် ငွေပေးချေပြီး နောက် မိမိ၏ မိုဘိုင်းဖုန်းသို့ ငွေဖြည့်သွင်း လိုက်သော ငွေပမာဏ ချက်ချင်း ရောက်ရှိ လာမည် ဖြစ်ကြောင်း သိရသည်။ ထူးခြား ချက် အနေဖြင့် အဆိုပါ Website တွင် On-lineမှတစ်ဆင့် တိုက်ရိုက် ငွေဖြည့်သွင်းပေး ခြင်း၊ ငွေဖြည့်သွင်းရန် လုပ်ဆောင်ချက် များမှာ ရိုးရှင်းလွယ်ကူခြင်းနှင့် အနည်းငယ် သာ ဆောင်ရွက်ရခြင်း၊ Top Up Cardများ အား ခဲခြစ်စရာ မလိုအပ်ခြင်း၊ ငွေပေးချေပြီး ဖြည့်သွင်းလိုက်သော ငွေပမာဏ ချက်ချင်း ရောက်ရှိလာခြင်း၊ Online Service ဖြစ် သောကြောင့် ၂၄ နာရီပတ်လုံး ဝန်ဆောင်မှု ရရှိနိုင်ခြင်းတို့ ဖြစ်သည်။

# Yangon ICT Fair (May 2013) အတွက် အထူးအစီအစဉ်တချို့

လင်းထက်

HTC-၂၀၁၃ခုနှစ်၊ မေလ (၂၄)ရက်နေ့မှ (၂၆)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Yangon ICT Fair (May 2013)တွင် HTC မှ မြန်မာ စာ စနစ်ပါဝင်သော GSM, CDMAဖုန်းများကို Booth No. A3တွင် ရောင်းချ သွားမည် ဖြစ် ကြောင်းနှင့် ကံစမ်းမဲ အစီအစဉ်အနေဖြင့် အထူးဆု Toyota Belta (၁)ဆု၊ Panasonic VIERA 42" TV (၁၀)ဆု၊ urBeats In-Ear Headphones (၁၀၀)ဆုတို့ကို မဲဖောက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။ ကံစမ်းမဲ ကာလကို ဩဂုတ်လ (၈)ရက်နေ့အထိ သတ်မှတ်ထားပြီး ကံထူးရှင်များ စာရင်းကို လည်း သတင်းစာ နှင့် ဂျာနယ် ကြော်ငြာများ တွင် ထည့်သွင်းပေး သွားမည်ဖြစ်ကာ ပြပွဲ အကြောင်းအရာများနှင့် ပက်သက်ပြီး အသေး စိတ် သိလိုပါက ဖုန်း- 245-180၊ 373-026၊ 385-177တို့တွင် ဆက်သွယ်စုံစမ်း မေးမြန်း နိုင်ကြောင်း သိရသည်။

msi - (Royal Smart Co.Ltd) MSI Brandများဖြစ်သော Laptop, Mainboard, Graphics Card, Tabletနှင့် All-in-One PC များအား Booth No.1တွင် ခင်းကျင်းပြသ ရောင်းချသွားမည် ဖြစ်ပြီး msi GE 600ND Gaming Laptopအား ဒေါ်လာ ၃၀ လျှော့၍ ရောင်းချသွားမည် ဖြစ်ပါသည်။ ကံစမ်းမဲ အစီအစဉ်များအဖြစ်လည်း ကျပ်ငွေ တစ်သိန်း၊ ငါးသောင်းကျပ်၊ သုံးသောင်းနှင့် အခြားသော ငွေသားကံစမ်းမဲ အစီအစဉ်များပါဝင်ကာ ATI Cross Fire X နည်းပညာအပါအဝင် အခြားသော နည်းပညာများကိုလည်း တင်ဆက် ပြသသွားမှာ ဖြစ်ကြောင်း သိရပါသည်။

## Highlight News

- ဟဲဟိုးမှ ပျံသန်းလာသော မြန်မာလေကြောင်းမှ MA 60 အမျိုးအစားခရီးသည် တင် လေယာဉ်တစ်စင်းသည် မေလ ၁၆ ရက်နေ့ ၁၁ နာရီ ၅၅ မိနစ်တွင် မိုင်းဆတ် လေဆိပ်သို့ ဆင်းသက်စဉ် အရှိန်များ၍ လေယာဉ်ပြေးလမ်းချော်ကာ တိမ်းစောင်းမှု ဖြစ်ပွားခဲ့ကြောင်း သိရပါသည်။ အဆိုပါ လေယာဉ်ခရီးစဉ်တွင် ခရီးသည် ၅၅ ဦး လိုက်ပါလာပြီး ထိခိုက်ဒဏ်ရာ ရရှိမှု အနည်းငယ်သာ ရှိခဲ့ကြောင်းနှင့် အသေအပျောက် မရှိကြောင်း သိရပါသည်။
- ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တွင် မေလ ၁၃ ရက်နေ့က ပြုလုပ်ကျင်းပခဲ့သည့် ဆက်သွယ် ရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရွေးချယ်ရေး အကြံပေးအဖွဲ့နှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲ၌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာနိုင်ငံ၏ လက်ရှိ ဆက်သွယ်ရေး ကဏ္ဍမြင့်တင် ရန် ဆက်သွယ်ရေး လုပ်ငန်းလိုင်စင် ရယူလုပ်ကိုင်မည့် ပြည်ပဆက်သွယ်ရေး ကုမ္ပဏီ များ အနေဖြင့် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။
- လာမည့် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့ တောင် အာရှ အားကစားပြိုင်ပွဲနှင့် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ဆောင်ရွက်ရ မည့် ကာလအမီ ပြည်တွင်း၌ အဆင့်မြင့် ဟိုတယ်ကြီးများ လုံလောက်စွာ ရှိစေရန်အတွက် ဟိုတယ်သစ် ဆောက်လုပ်မှုများအား ခွင့်ပြုလုပ်ကိုင်ခွင့် ပေးလျက်ရှိကြောင်းနှင့် လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် ဟိုတယ်သစ် ၈၀၀ ခန့် လုပ်ကိုင်ခွင့် ပြုထားကြောင်း သိရပါသည်။
- မြန်မာနိုင်ငံသည် ပြီးခဲ့သည့် နှစ်နှစ်တာ ကာလအတွင်း အစိုးရအဖွဲ့သစ်မှ တာဝန်ပြောင်းလဲ ရယူခဲ့ပြီး နောက်ပိုင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ငါးဆကျော် တိုးတက်လာခဲ့ကြောင်း သိရပါသည်။ ရင်းနှီးမြှုပ်နှံမှု များတွင် ပြည်တွင်း စီးပွားရေး လုပ်ငန်းရှင်များ၏ ကုမ္ပဏီ (၆၄)ခုမှ ကျပ် ၁,၁၀၀ ဘီလီယံဖိုးနှင့် ပြည်ပ ကုမ္ပဏီ (၉၄)ခုမှ ဒေါ်လာ ၁,၄၁၉ သန်းဖိုး ရင်းနှီးမှုများ ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ စီးပွားရေး ရင်းနှီးမြှုပ်နှံမှု တိုးတက် များပြားလာခဲ့ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းသစ် ရှစ်သောင်းကျော် ပေါ်ပေါက်ခန့်ထားနိုင်ခဲ့ကြောင်းလည်း သိရပါသည်။
- TKT (Teaching Knowledge Test) Preparation သင်တန်းအား ဇွန်လ (၈)ရက်မှ စက်တင်ဘာလ (၁)ရက်နေ့အထိ မန္တလေး ဗြိတိသျှကောင်စီတွင် ဖွင့်လှစ်သင်ကြား သွားမည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါသင်တန်းအား စနေ၊ တနင်္ဂနွေများတွင်သာ သင်ကြားသွားမည်ဖြစ်ပြီး၊ သင်တန်းသားဦးရေ (၂၀)သာ လက်ခံသွားမည်ဖြစ်ကာ သင်တန်းကြေးမှာ ကျပ် ၁၅၀,၀၀၀ဖြစ်ပြီး၊ သင်တန်းဆိုင်ရာ အချက်များအား ဖုန်း (၀၂-၃၃၉၀၄)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Sid စုစည်းသည်

# WHO WE ARE

## MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

## EDITORIAL TEAM

| | |
|---|---|
| CEO / Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Dr. PTS, Ma Naw Phyu Lay, Ma Ma Zee Kwet, |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Min Khant |
| Reporter | Daiwe, Jet Sin, Myo Zin, Thant Sin Oo |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal Thi Ha |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

## ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Ei Hnin Phyo, Si Thu Soe Paing, Moe Thidar Hlaing |

## CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Soe Min Paing |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အား ရရှိရေး လုပ်ငန်းများ စတင် ဆောင်ရွက်နေပြီ

ဒေဝီ

မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အား ရရှိရေးအနေဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ရန် အတွက် စီမံကိန်း လုပ်ငန်းများကို စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။

ချင်းပြည်နယ်တွင် 66KV ဓာတ်အားလိုင်း စီမံကိန်းများ၊ 66KV/11KV/5MVA ကျော့-ဂန့်ဂေါ-ဟားခါး ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။ ရခိုင်ပြည်နယ်တွင်လည်း ဓာတ်အားလိုင်း စီမံကိန်းများ၊ ဓာတ်အားခွဲရုံ စီမံကိန်းများကို စတင် ဆောင်ရွက်လျက် ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များ၊ ယခု ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးအတွင်း လျှပ်စစ်ဓာတ်အား ရရှိရန် စီမံကိန်းလုပ်ငန်းများကို အပြီး ဆောင်ရွက် သွားမည်ဖြစ်ပြီး ၂၀၁၄ခုနှစ် နှစ်ဆန်းပိုင်းတွင် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရပါသည်။ လျှပ်စစ်ဓာတ်အား ရရှိရန် ဆောင်ရွက်ရသည်မှာ အဆိုပါ ပြည်နယ်များတွင် မြို့နယ်အလိုက် မိမိ အစီအစဉ်ဖြင့်




လျှပ်စစ်မီးကို ထုတ်လုပ် သုံးစွဲရပြီး၊ လျှပ်စစ်မီး သုံးစွဲသည့်အခါ လျှပ်စစ်မီး သုံးစွဲခ ပိုမို၍ ပေးဆောင်ရသောကြောင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိရန် စီမံကိန်းများ ဆောင်ရွက်ရကြောင်း သိရှိရပါသည်။

# ၁၅၀၀၀တန် ဖုန်းဆင်းမ်ကတ် ၃၅၀,၀၀၀ကို ဒုတိယအကြိမ် ရောင်းချပေးမည်ဖြစ်၍ အုပ်ချုပ်ရေးမှူးရုံးများတွင် စတင်လျှောက်ထားနိုင်ပြီ

ဒေဝီ

၁၅၀၀၀တန် တန်ဖိုးနည်း CDMA မိုဘိုင်း Sim Cardများအတွက် လျှောက်ထားမှုများကို သက်ဆိုင်ရာ မြို့နယ် ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးများတွင် ယခင်ကလို စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ တန်ဖိုးနည်း မိုဘိုင်းဖုန်း လျှောက်ထားမှုကို မည်သည့် အုပ်ချုပ်ရေးမှူး ရုံးတွင်မဆို စတင် လျှောက်ထားနိုင်ပြီ ဖြစ်သည်ဟု သိရသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ငွေကျပ် ၁၅၀၀၀တန် CDMA 800 MHz မိုဘိုင်း Sim Cardများကို ယခုလ ၂၀ရက်နေ့တွင် ငွေကျပ် ၁၅၀၀၀တန် ဖုန်းဆင်းမ်ကတ် အခုရေ ၃၅၀,၀၀၀ကို ဒုတိယအကြိမ် ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။ မိုဘိုင်းဖုန်းများကို ထပ်မံ ချထားပေးရာတွင်လည်း WCDMA ဖုန်းများသာ အဓိက ချထားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ MEC Tel အမှတ်တံဆိပ်ပါ CDMA 800 MHz မိုဘိုင်း တယ်လီဖုန်းစနစ် အသုံးပြုမှုအတွက် ရေဒီယို စခန်းပေါင်း ၂၈၂၃ ထားရှိကြောင်း သိရသည်။

အများပြည်သူများ အနေဖြင့် ဖုန်းဆင်းမ်ကတ်များကို လစဉ် ပုံမှန် ရောင်းချပေးသွားမည် ဖြစ်သောကြောင့် ပြင်ပမှ ဈေးကြီးပေး၍ မဝယ်ကြရန်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နှိုးဆော်ထားကြောင်း၊ ဖုန်းဆင်းကတ်များကို ဧပြီလ ၂၄ရက်နေ့တွင် ရောင်းချစဉ်က ပထမအကြိမ်အဖြစ် ဖုန်းဆင်းမ်ကတ် ၃၅၀,၀၀၀ စတင် ရောင်းချပေးခဲ့ရာ ပြင်ပဈေးကွက်တွင် အဆိုပါ ၁၅၀၀၀တန် ဖုန်းဆင်းမ်ကတ်များကို ငွေကျပ်သုံးသောင်းမှ ခြောက်သောင်းအထိ ရောင်းချခဲ့ကြောင်း သိရပါသည်။ မေ ၂၀ရက်နေ့တွင် ရောင်းချပေးမည့် ဖုန်းအမျိုးအစားများမှာ CDMA 800MHz အမျိုးအစားဖြစ်ပြီး ၎င်းစနစ် မတပ်ဆင်ရသေးသော ချင်းပြည်နယ် အတွက်ကိုသာလျှင် WCDMA(3G) ဖုန်းဆင်းမ်ကတ်များကို ရောင်းချပေးမည်ဟု သိရသည်။ ယခုထပ်မံ ရောင်းချပေးမည့် ဖုန်းဆင်းမ်ကတ်များနှင့် ပတ်သက်၍ လိုက်နာလုပ်ဆောင်ရမည့် စည်းကမ်း ဥပဒေများနှင့် ဈေးနှုန်းများသည် ယခင် ဧပြီလ ၂၄ ရက်နေ့က ရောင်းချပေးခဲ့သော ဖုန်း ဆင်းမ်ကတ်များကဲ့သို့ ပြဋ္ဌာန်းထားသည့် စည်းကမ်း ဥပဒေများအတိုင်း ဖြစ်ကြောင်း သိရပါသည်။

# ဆက်သွယ်ရေး လုပ်ငန်းများအတွက် ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာ ဝန်ကြီးဌာနမှ ဖြေလျှော့မှုများ

မင်းခန့်

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းရှင်များအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနမှ ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် အရေးယူ ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေရန် မေလ (၁၄)ရက်နေ့က ထုတ်ပြန် ကြေညာခဲ့ပါသည်။ အဆိုပါ ဖြေလျှော့မှုများမှာ ICT လုပ်ငန်းအပိုင်း၊ တယ်လီဖုန်း စက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းဝယ်ခွင့် လိုင်စင်နှင့် စပ်လျဉ်း၍ ယခင်လိုင်စင်လျှောက်ထားရာတွင် လုံလောက်သော နိုင်ငံခြား ငွေကြေး သုံးစွဲခွင့် Bank Statement အထောက်အထား တင်ပြရန် မလိုခြင်း၊ ပြည်ပမှ တင်သွင်းမည့် အကြိမ်တိုင်းအတွက် ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနသို့ လာရောက်၍ စာရွက်စာတမ်းနှင့် ထောက်ခံချက် ရယူဆောင်ရွက်ရန် မလိုခြင်း၊ ဆက်သွယ်ရေး စက်ပစ္စည်းတင်သွင်းခွင့် ထောက်ခံချက် ရယူခြင်းနှင့် စပ်လျဉ်း၍ ဖုန်း (ကြိုးလိုတုဖုန်းမပါ) အရေအတွက် (၂)လုံးအထိအား Personal Useအတွက် သယ်ဆောင်လာခြင်း ဖြစ် ပါက ထောက်ခံချက် ရယူရန်မလိုခြင်း၊ Fax Machineအတွက် တင်သွင်းခွင့် ထောက်ခံချက်



ရယူရန် မလိုခြင်း၊ ရုံးသုံးနှင့် အိမ်သုံး Wireless Routerများ၊ Acess Pointsများ၊ Switchများနှင့် ပတ်သက်၍ 2.4GHzလှိုင်းနှုန်း အသုံးပြုသော ICTပစ္စည်းများ၊ IEE 802.11 (a/b/g/n)ပစ္စည်းများ၊ Bluetooth Deviceများအတွက် တင်သွင်းခွင့် ထောက်ခံချက် ရယူရန် မလိုခြင်းတို့ ဖြစ်ပါသည်။

# ဆန်တင်ပို့ရန် ကိုယ်ပိုင် ဆိပ်ကမ်းတစ်ခု MAPCOမှ တည်ဆောက်သွားမည်



ဒေဝီ

ဆန်စပါး လုပ်ငန်းရှင် အများစုနှင့် ဖွဲ့စည်းထားသော မြန်မာ့လယ်ယာစီးပွား အများပိုင် ကော်ပိုရေးရှင် MAPCOသည် ဆန်တင်ပို့သော ဆိပ်ကမ်းတစ်ခုကို ကိုယ်ပိုင် တည် ဆောက်သွားမည် ဖြစ်ကြောင်း MAPCOမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။ အဆိုပါ ဆိပ်ကမ်းကို သီလဝါ ဆိပ်ကမ်းတွင် တည်ဆောက် သွားမည် ဖြစ်ပြီး ဆန်တင်ပို့သည့် ဆိပ်ကမ်း တည်ဆောက်ရန်အတွက် အစိုးရမှ ခွင့်ပြုပြီး ဖြစ်ကြောင်း သိရသည်။ အခုလက်ရှိ ကာလတွင် ဆိပ်ကမ်း တည်ဆောက်ရန် အတွက် တိုင်းတာမှုများကို စတင် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ ဆန်တင်ပို့သည့် ဆိပ်ကမ်းကို လာမယ့် ၂၀၁၅ခုနှစ်မှာ အပြီး တည်ဆောက် သွားမှာ ဖြစ်ပါသည်။ ယခုလို တည်ဆောက်ရခြင်းသည် ဆန်တန်ချိန် တစ်သန်းခွဲလောက် ပို့ရပါက ဆိပ်ကမ်း တစ်ခုထဲက စက်တွေပါ ထည့်ပြီး တည်ဆောက် သွားမှာ ဖြစ်ကြောင်း သတင်း ရရှိပါသည်။

# မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှု ဧရိယာ လျော့ကျလာ

မင်းခန့်



Image Credit: www.cempaka-nature.blogspot.com

မြန်မာနိုင်ငံအနေဖြင့် သစ်တောများ ခုတ်လှဲ သုံးစွဲမှုများ မြင့်တက်လျက် ရှိပြီး ထင်းအတွက် သာမကပဲ သစ်ထုတ်လုပ်မှု ကဏ္ဍများမှာပါ အများအပြား ထုတ်လုပ် သုံးစွဲနေမှုကြောင့် သစ်တော ဖုံးလွှမ်းမှု ဧရိယာများ လျော့ကျလာလျက် ရှိကြောင်း သိရပါသည်။ ယခုလက်ရှိ ထုတ်ယူ သုံးစွဲနှုန်းအတိုင်း ဆက်လက် ထုတ်ယူ သုံးစွဲသွားမည်ဆိုပါက မကြာခင် အချိန်အတွင်း သစ်တောဖုံးလွှမ်းမှု ဧရိယာ နှုန်းထားမှာ သုံးပုံတစ်ပုံထိအောင် ကျဆင်းသွားနိုင်ကြောင်း World Wide Fund (WWF)၏ မေလဆန်းပိုင်း ထုတ်ပြန်ချက်များအရ သိရပါသည်။ ဂြိုလ်တုမှ မှတ်တမ်းတင် ပုံရိပ်များအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ၂၀၀၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း သစ်တော ဟက်တာပေါင်း ၄၉ သန်းရှိရာမှ ၄၂ သန်းထိအောင် လျော့ကျသွားခဲ့ရပြီး ၁၅ ရာခိုင်နှုန်း ထိအောင် လျော့နည်းကျဆင်းသွားခြင်းဖြစ်ကြောင်း မဲခေါင်ဒေသတစ်ဝှမ်း ဂေဟာစနစ်ဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။ United Nations၏ အဖွဲ့ခွဲ Food and Agriculture Organizationမှ ၂၀၀၉ ခုနှစ်အတွင်း လေ့လာချက် မှတ်တမ်းတင်ချက်များအရ မြန်မာနိုင်ငံ လူဦးရေ စုစုပေါင်း သန်း ၆၀၏ ရာခိုင်နှုန်း ၅၀မှ ၆၀အတွင်း ပြည်သူတို့မှာ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများအား ၎င်းတို့၏ ဘ၀ အခြေခံလိုအပ်ချက်များအတွက် မှီခိုနေရပြီး အနည်းဆုံး လုပ်သား ၅၀၀,၀၀၀ ခန့်သည်လည်း သစ်တော ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြကြောင်း သိရပါသည်။

# တစ်နှစ်အတွင်း မြန်မာဂျာနယ်လစ်ကွန်ယက် ရုံးတွင် သတင်းစာရှင်းလင်းပွဲ တစ်ရာကျော်ပြုလုပ်ခဲ့

လင်းထက်

မြန်မာဂျာနယ်လစ် ကွန်ယက် (Myanmar Journalist Network-MJN)ရုံး စတင် ဖွင့်လှစ်ခဲ့သည့် ၂၀၁၂ခုနှစ် ဇွန်လမှ ယနေ့အထိ အကြောင်းအရာ မျိုးစုံတို့ဖြင့် သတင်းစာရှင်းလင်းပွဲပေါင်း တစ်ရာကျော်အား အဆိုပါ MJNရုံးတွင် ပြုလုပ်နိုင်ခဲ့ကြောင်း မြန်မာဂျာနယ်လစ် ကွန်ယက် တွဲဖက် အတွင်းရေးမှူး ဦးသန်းဌေးမှ ပြောကြားခဲ့ပါသည်။ အဆိုပါ ရုံးခန်းတွင် သတင်းစာ ရှင်းလင်းပွဲများအား အခမဲ့ ပြုလုပ်ရှင်းလင်းနိုင်မှာ ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အခြေစိုက် သတင်းမီဒီယာများ သတင်းလာရောက် ရယူနိုင်သကဲ့သို့ တစ်လလျှင် သတင်းစာ ရှင်းလင်းပွဲ ဆယ်ခုခန့်ထိအောင် ပြုလုပ်နိုင်ခဲ့ကြောင်း တို့ကိုပါ ပြောကြားပါသည်။ မြန်မာဂျာနယ်လစ်ကွန်ယက် (MJN)အား ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၂)ရက်နေ့က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အသင်းဝင်အင်အား ၃၀၀ ကျော် ရှိကြောင်းနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်လိုသူများသည် ဖုန်းနံပါတ် ၀၉-၄၄-၈၀၁၅-၃၃၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရပါသည်။

## Highlight News

- တန်ဖိုးနည်း ကျပ် ၁၅၀၀ တန် CDMA 800 MHz တယ်လီဖုန်းများအား ဒုတိယအကြိမ်မြောက်အဖြစ် လာမည့် မေလ ၂၀ ရက်နေ့မှ စတင်ကာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ သို့ရာတွင် CDMAစနစ် တပ်ဆင်ထားခြင်း မရှိသော ချင်း ပြည်နယ်တွင်မူ WCDMA အမျိုးအစား တယ်လီဖုန်းများအား တန်ကြေးတူဖြင့် ရောင်းချပေးသွားမှာ ဖြစ်ကြောင်းလည်း သိရပါသည်။ နောက်ဆက်တွဲ သတင်းများအရ မန္တလေးတိုင်းဒေသကြီးအတွင်းတွင်ပင် တယ်လီဖုန်းလိုင်းပေါင်း ခုနစ်သောင်းခန့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။
- မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ကြီးမှူး၍ ဆေးဘက်ဆိုင်ရာ ဆရာဝန် အသင်းနှင့် ကျွမ်းကျင် ဆေးပညာရှင်များပူးပေါင်း ဖွဲ့စည်းမတည်ထားသော အရေးပေါ် အသက်ကယ်ကုသပို့ဆောင်ရေး လုပ်ငန်း (Emergency Ambulance Service – EAS)များ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ အဆိုပါ အဖွဲ့အစည်းသည် ဧရာဝတီ ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး ၂၀၁၂ခုနှစ် အတွင်းမှ စတင်ကာ ရန်ကုန် မြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်း ယာဉ်တိုက်မှု ဖြစ်ပွားခြင်းမှ အစရှိသော အသက်အန္တရာယ်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ လိုအပ်သော အကူအညီများအား အခမဲ့ ကုသပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။ အရေးပေါ် အခြေအနေနှင့် ကြုံတွေ့၍ အကူအညီ လိုအပ်သူများသည် အသက်ကယ်တင် ကုသပို့ဆောင်ရေး လုပ်ငန်းအတွက် ဖုန်း ၀၉-၄၂၁၀-၆၀-၉၉၉၊ ၀၉-၄၂၁၀-၆၃-၉၉၉၊ ၀၉-၄၂၁၀-၇၂-၉၉၉တို့သို့ နေ့စဉ် ၂၄ နာရီပတ်လုံး အကူအညီများ ဆက်သွယ်ရယူနိုင်ကြောင်း သိရှိရပါသည်။
- ဒုတိယအကြိမ် အမျိုးသား သတင်းဆုပေးပွဲတွင် အကောင်းဆုံး သတင်းရုပ်သံဆု ရရှိထားသည့် ပြည်တွင်း သတင်းရုပ်သံလိုင်း MNTVသည် မကြာမီ အချိန်အတွင်း သတင်းဦးစားပေး ဖော်ပြသည့် အခမဲ့ ရုပ်သံလိုင်းအဖြစ် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ MNTVရုပ်သံလိုင်းသည် လက်ရှိအချိန်တွင် Sky Netနှင့် ဆက်စပ် ရုပ်သံလိုင်း ၈၄ လိုင်းတို့တွင် လက်ရှိ စမ်းသပ်ထုတ်လွှင့်နေသော ရုပ်သံလိုင်းတစ်ခုဖြစ်ပြီး နောက်ဆုံးရ သတင်းများအား အသားပေး ဖော်ပြနေခြင်းများကြောင့် လူကြိုက်များသည့် ရုပ်သံလိုင်း တစ်လိုင်းဖြစ်ကြောင်း သိရပါသည်။ အဆိုပါလိုင်းသည် လက်ရှိအချိန်တွင် စမ်းသပ်လိုင်းအဖြစ် အခမဲ့ ထုတ်လွှင့်လျက်ရှိပါသည်။ လက်ရှိ အချိန်အထိ အခမဲ့ ထုတ်လွှင့်ပြသနေသော ရုပ်သံလိုင်းများမှာ MRTV, MWD, MRTV-4နှင့် Channel-7တို့ ဖြစ်ကြောင်း သိရပါသည်။

Sid စုစည်းသည်။



# ရန်ကုန်မြို့အား အဆင့်မြင့် မြို့တော် အဖြစ် ပြုပြင် ပြောင်းလဲရေး...





Sid

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးပွဲတွင် မြန်မာ အစိုးရမှ ရန်ကုန်မြို့တော်အား အဆင့်မြင့် မြို့တော်အဖြစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အသေးစိတ် အစီအစဉ်များအား တင်ပြခဲ့ပါသည်။ အဆိုပါ အစီအစဉ်တွင် တဖြည်းဖြည်းချင်း လူဦးရေ ထူထပ် များပြားလာသည့် ရန်ကုန်မြို့တော်အား သက္ကရာဇ် ၂၀၄၀ပြည့်နှစ်အမီ အဆင့်မြှင့်တင်သွားရန် လုပ်ဆောင်ရမည့် အချက်များအား ဖော်ပြထားကြောင်း သိရပါသည်။ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (YCDC)နှင့် အစိုးရ မြို့ပြစီမံကိန်းဌာနတို့ ညှိနှိုင်း၍ ရန်ကုန်မြို့တော်အား စီးပွားရေး အချက်အချာ ဒေသတစ်ခု ဖြစ်လာစေရန် စင်ကာပူနိုင်ငံ၏ Green Isle Systemကို အခြေခံနည်းနိသသယယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း အစီအစဉ်များ ထုတ်ပြန်ခဲ့ပါသည်။ မြို့ပြ တည်ဆောက်ရေး အဖွဲ့များ အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား မကြာခင် စတင် လုပ်ကိုင်သွားရန် မျှော်မှန်းထားကြောင်းနှင့် ဗဟို စီးပွားရေးနယ် တစ်လျှောက် အချင်းဝက် ၁၀ ကီလိုမီတာမှ ၁၅ ကီလိုမီတာရှိသော အစိမ်းရောင်ဝန်းကျင်များ ဖန်တီးသွားရန် ရှိကြောင်း သိရပါသည်။ အဆိုပါ အစီအစဉ်တွင် အချက်အချာဒေသ ၁၀ ခုပါဝင်မှာ ဖြစ်ပြီး ဒေသခွဲ ၆ ခု ပါရှိဦးမှာ ဖြစ်ပါသည်။

ဒုတိယမြောက် ဗဟိုစီးပွားရေးနယ်မြေအား မင်းဓမ္မမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် တည်ဆောက်သွားရန်ရှိကြောင်း သိရပါသည်။ အဆိုပါ နယ်မြေတွင် ယခုအခါ မြေဧရိယာ တစ်ဟက်တာလျှင် လူဦးရေ ၃၆၅.၅ယောက် နေထိုင်လျက်ရှိကြောင်းသိရသည်။ ရန်ကုန်မြို့ ပြင်ဆင် ပြောင်းလဲရေး အစီအစဉ်တွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် အား ၂၀၂၀ပြည့်နှစ်တွင် အပြီးသတ် တည်ဆောက်သွားရန်နှင့် မြန်မာနိုင်ငံနှင့် ဂျပန်တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသော သီလဝါ အထူး စီးပွားရေးဇုန်ကိုလည်း ၂၀၁၅ခုနှစ် အတွင်း အပြီးသတ်တည်ဆောက်သွားရန် အစီအစဉ်များပါရှိကြောင်း သိရသည်။ သီလဝါ အထူးစီးပွားရေးဇုန်မှာ ရန်ကုန်မြို့မှ ၂၅ကီလိုမီတာ အကွာတွင်ရှိပြီး အဆိုပါ စီးပွားရေးဇုန် တည်ဆောက်မှုလုပ်ငန်းများအား မြန်မာ ကုမ္ပဏီ ၉ခုနှင့် ဂျပန်ကုမ္ပဏီကြီး ၃ခုတို့က တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရပါသည်။ တည်ဆောက်မှုလုပ်ငန်းများ၏ ၅၁ ရာခိုင်နှုန်းအား မြန်မာကုမ္ပဏီများမှ တာဝန်ယူခြင်းဖြစ်ပြီး ကျန် ၄၉ရာခိုင်နှုန်းအား ဂျပန်ကုမ္ပဏီကြီးများဖြစ်သော Mitsubi-shi, Sumitomoနှင့် Marubeniတို့မှ တာဝန်ယူခြင်းဖြစ်ကြောင်း သိရပါသည်။

ထို့ပြင် သီလဝါ အထူးစီးပွားရေးဇုန်တွင် ဂျပန်ကား ကုမ္ပဏီတစ်ခုဖြစ်သော Suzuki၏ စက်ရုံ တည်နေရာဖြစ်လာနိုင်ပြီး လာမည့် ဖေဖော်ဝါရီ မှ စတင်က ကားထုတ်လုပ်မှု လုပ်ငန်းများ လည်ပတ်သွားမည် ဖြစ်ကြောင်းနှင့် စီးပွား ရေးဇုန် တည်ဆောက်ပြီးစီးပါက ကား ထုတ်လုပ်ရေးစက်ရုံအား ရွှေ့ပြောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်းကို Japanese Exter-nal Trade Organization (JETRO)မှ အုပ်ချုပ်ရေး မန်နေဂျင်းဒါရိုက်တာ Mr. Masaki Takaharaက ပြောကြားခဲ့သည်။

ထို့အပြင် ဒလ၊ သန်လျင်၊ ကျောက်တန်းနှင့် တွံတေးမြို့များကိုလည်း အဆင့်မြှင့်တင်သွားရန် ရှိကြောင်း သိရပါသည်။ ရန်ကုန်မြို့သည် လူဦးရေထူ ထပ်မှုနှုန်းများ တဟုန်ထိုး တိုးတက်လျက် ရှိပြီး၊ မြို့ပြစီမံကိန်းဌာနမှ မှတ်တမ်းများအရ ၁၉၅၀ခုနှစ်က လူဦးရေ တစ်သန်းရှိကြောင်း၊ ၁၉၉၅ခုနှစ် အရောက်တွင် ၃သန်း၊ လက်ရှိတွင် ရန်ကုန်လူဦးရေ ၅.၁၄ သန်းနှင့် ရန်ကုန်မြို့အား အဆင့်မြင့်မြို့တော်အဖြစ် တည်ဆောက်ပြီးဖြစ်မည့် ၂၀၄၀ပြည့်နှစ် အရောက်တွင် ရန်ကုန်မြို့လူဦးရေသည် ၁၀သန်းခန့်အထိ ရှိလာမည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။




# Online NVS စနစ်ကို မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်

ဒေဂီ

Online NVS စနစ်ကို မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက် လျက်ရှိတယ်လို့ မြန်မာ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်မှ သိရသည်။ အဆိုပါ NVS စနစ်သည် National Verification System နိုင်ငံသားစစ်မှန်ကြောင်း အတည်ပြု စစ်ဆေးသော စနစ်ဖြစ်ပြီး Online NVS စနစ်ဟာ ထိုင်းနိုင်ငံ အတွင်းရှိ မြန်မာ အလုပ်သမားများကို အထောက်အထား ထုတ်ပေးရာမှာ များစွာ အထောက်အကူပြုသော စနစ် တစ်ခုဖြစ်ကြောင်းသိရပါသည်။

၎င်း စနစ်သည် ထိုင်းနိုင်ငံ အတွင်းရှိ မြန်မာ အလုပ်သမားများကို မြန်မာနိုင်ငံသားဟုတ်၊ မဟုတ် စီစစ် အသိအမှတ်ပြုရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ အလုပ်သမားများ၏ အချက်အလက်များကို အချိန်နဲ့ တစ်ပြေးညီ စီစစ်အတည်ပြု ပေးနိုင်ရန် ရည်ရွယ်တည်ထောင် ထားသော စနစ်တစ်ခုဖြစ်ပြီး ယင်းစနစ်သည် မြန်မာနိုင်ငံ၏ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေး လီမိတက်မှ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# KMDမှ Dell၏ မူပိုင်ခွင့်ရရှိ

Sid




မြန်မာနိုင်ငံမှ ကွန်ပျူတာလုပ်ငန်း တစ်ခုဖြစ်သော KMDမှ ပြည်တွင်းသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်း ဖြန့်ဖြူးလျက်ရှိသော အမေရိကန် အခြေစိုက် Dell ကုမ္ပဏီထုတ် ကွန်ပျူတာများ မူပိုင် ရောင်းချခွင့်အား ပြီးခဲ့သော သီတင်းပတ် အတွင်းက ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ကွန်ပျူတာများမှာ Dellကုမ္ပဏီထုတ် Desktop(PC) ကွန်ပျူတာများ၊ Laptopများ နှင့် Notebook များ ဖြစ်ကြောင်း သိရှိရသည်။

# OK Virus Cleaner DVD Version 6ကို Computer & Mobile ပြပွဲတွင် စတင် ပြသ ရောင်းချပေးသွားမည်




သန့်စင်

OK Virus Cleaner Groupမှ အခွေသစ်ဖြစ်သော OK Virus Cleaner DVD Version 6 အခွေတွင် OK Virus Cleaner Program များနှင့် အတူ Virus များကို ကာကွယ်ပေးမည့် နောက်ဆုံးပေါ် An-tivirus Software Versionများ၊ ပျက်စီး ပျောက်ဆုံးသော Dataများကို ပြန်လည် ရယူနိုင် မည့် Data Recovery Softwareများ၊ မိမိကွန်ပျူတာကို Error များ ကင်းပြီး၊ ပိုမိုမြန်ဆန်စွာ အသုံးပြုနိုင်ရန် ပုံမှန် ထိန်းသိမ်းပြုလုပ်ရမည့် Maintenance Softwareများ၊ Win-dows Protection နည်းပညာများ၊ USB Driveများ အတွက် Virus ကာကွယ်/ရှင်း လင်းပေးသည့် Soft-wareများ၊ USB Driveကို Passwordပေးခြင်း၊ USB Port များကို Pro-tect ပြုလုပ်ခြင်း၊ Format ပြုလုပ်မရသည့် Stickများအတွက် Format ပြုလုပ်နိုင်သည့် Softwareများနှင့် Windows Service Pack Changer၊ .Net Frameworkစသည့် Windows Utilities များ ပါဝင်သည်။

ပမာဏကြီးမားသော Hard Diskများ၏ Data အချက်အလက်များကို ကာကွယ်ရန် အတွက်လည်း နောက်ဆုံးပေါ် Deepfreeze Versionများ၊ Android Mobile Phoneများ နှင့် Tabletများအတွက် Virusနှင့် Malware များရန်မှ ကာကွယ် နိုင်ရန်အတွက်Android Secuirty Softwareများ၊ Android Phone ကို ကြာမြင့်စွာ အသုံးပြုပြီး၊ နှေးလာပါက ကောင်းမွန်စွာ အသုံးပြုနိုင်ရန် ထောက်ပံ့ပေးမည့် Utilitiesများ ပါဝင်မည် ဖြစ်သည်။မိမိ၏ ဖုန်းအားပျောက်ဆုံးသွားပါက ၎င်းဖုန်း အား Lockချခြင်း၊ သတိပေး Alamများ ပေါ်အောင်ပြုလုပ်ခြင်း၊ တွေ့ရှိသူအား မိမိ၏ အခြားဖုန်းတစ်လုံးအား ခေါ်ဆိုပေးစေရန် ပြုလုပ်ခြင်း၊ ၎င်းပျောက်ဆုံးသွားသည့် ဖုန်းအတွင်းရှိ မိမိ၏ အရေးကြီး Data အချက်အလက်များကို မိမိကွန်ပျူတာမှ ထိန်းချုပ်ဖျက်ဆီးစေခြင်းစသည့် နည်းပညာ Pro-gramများနှင့် အသုံးပြုပုံများကိုလည်း ထည့်သွင်း ရှင်းပြပေးထားသည်။ အသေး စိတ် သိရှိလိုပါက ဖုန်း - ၀၉၇-၃၀၆-၃၄၂၅ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

# Singtech၏ ဧပြီလအတွက် ကံထူးရှင် ရွေးချယ်ပွဲ ကျင်းပ




သန့်စင်

Singtech၏ ကံစမ်းမဲကာလ ဒုတိယလ အတွက် ကံထူးရှင် ရွေးချယ်ပွဲကို မေလ ၁၅ ရက်နေ့ ညနေ ၄ နာရီတွင် လမ်း ၅၀အနီးရှိ Singtechရုံးခွဲတွင် ပြုလုပ်ခဲ့သည်။ Sing-tech ၏ ကံထူးရှင် ရွေးချယ်ပွဲကို မတ်လမှ စတင်ခဲ့ပြီး မေလအထိ ၃လတိုင်တိုင် ပြုလုပ်ကျင်းပသွားမည် ဖြစ်သည်။ Singtech Notebook ဝယ်ယူသူတိုင်းသည် ကံစမ်းမဲကူပွန်တစ်စောင် ရရှိမည်ဖြစ်ကာ အချက်အလက် များကို ဖြည့်စွက်ပြီး ကံစမ်းမဲပုံး အတွင်း ထည့်သွင်းကံစမ်းနိုင်မည် ဖြစ်သည်။ ဆုများအနေဖြင့် ထိုင်းနိုင်ငံသို့ စရိတ် ငြိမ်း လိုက်လံပို့ဆောင်ပေးခြင်း၊ LCD TV အလုံး ၃၀နှင့် ဖုန်းအလုံး ၁၈၀တို့ကို ကံစမ်းမဲ ဖောက်ပေးခဲ့ပါသည်။ ဧပြီလအတွက် ကံထူးရှင် ရွေးချယ်ပွဲသို့ ကွန်ပျူတာဆိုင်များမှ ကိုယ်စားလှယ်များနှင့် စာနယ်ဇင်း အသိုင်းအဝန်းမှ ပုဂ္ဂိုလ်များ တက်ရောက်ပြီး မဲနှိုက် ရွေးချယ်ပေးခဲ့ကြကြောင်း သိရပါသည်။


DO DO KO KO
Computer & Electronics Sales Centre
Made In Japan Laptop & Desktop စက်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။
SAMSUNG
300E4V-A01( Series3) 2013 February
* CPU: Intel Celeron 847 Dual 1.1 GHz
* LCD: 14.0″ LED HD(200nit, Anti Reflective Screen)
* Memory: 2GB (DDR3 1333MHz/2G*1)
* HDD: 320GB (5.4K R SATA)
* DVD: Super Multi DualLayer (9.5mm)
* WIRED: 100M Lan, Webcam, Wifi, HDMI
* COMMUNIC : 02.11 bgn (1X1) + BT4.0
* COLOR : Sleek Silver
* Accessories: Original Bag
ကမ္ဘာ့ No.1 Apple နှင့် ရင်ဘောင်တန်းနေသော Samsung Laptop 1 လုံးကိုအထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါပြီ။
299000/-
1 Year International warranty & Life time service
TOSHIBA SS RX3
* Core i5 2.66GHz
* 4GB DDRIII
* HDD 160GB
* 256MB VGA
* DVD RW
* Wifi
* 12.1″ (Crystal)
3xx,xxx/-
lenovo Thinkpad R60 Thinkpad R61
* Core 2 Duo 1.8GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Combo
* Wifi
* 15.1″ TFT
159,000/-
Panasonic CF-W5
* Core 2 Duo 1.0GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD RW
* LAN , Wifi
* 13.1″ TFT
159,000/-
FUJITSU FMV-C8250 FMV-C8230
* Core 2Duo 1.66GHz
* 1GB DDRII
* HDD 40GB
* 256MB VGA
* CD Rom
* LAN
* 15″ TFT
129,000/-
FUJITSU FMV-C8240
* Core 2Duo 2.0GHz
* 1GB DDRII
* HDD 40GB
* 256MB VGA
* DVD Combo
* LAN
* 15″ TFT
145,000/-
FUJITSU FMV-A8290
* Celeron 2.20GHz (3rd Generation)
* 1GB DDRIII
* HDD 80GB
* 256MB VGA
* DVD Rom
* LAN
* 15″ TFT
169,000/-
FUJITSU FMV-C8220
* Celeron M1.6GHz
* 512MB DDRII
* HDD 40GB
* 256MB VGA
* DVD Combo
* LAN
* 15″ TFT
89,000/-
TOSHIBA M 35
* Core Dual 1.66GHz
* 1GB DDRII
* HDD 40GB
* 256MB VGA
* DVD Combo
* Wifi
* 12.1″ (Crystal)
155,000/-
TOSHIBA M 40
* Core 2 Duo 1.8GHz
* 1GB DDRII
* HDD 160GB
* 256MB VGA
* DVD RW
* Wifi
* 13.3″ (Crystal)
219,000/-
NEC T-7250
* Core 2 Duo 2.0GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD RW
* LAN
* 15.1″ TFT
169,000/-
DELL Latitude D530
* Core 2 Duo 2.2GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Combo
* Wifi
* 15.1″ TFT
159,000/-
DELL Latitude D520
* Core 2 Duo 1.60GHz
* 1GB DDRII
* HDD 120GB
* 256MB VGA
* DVD Combo
* Wifi
* 15.1″ TFT
179,000/-
အထူးလျှော့ဈေး Desktop + 17″ LCD အစုံ
- Core 2Dual 2.2GHz
- 2 GB
- 80 GB
- 256MB VGA
- CD Rom
With 17″LCD
149,000/-
Gift - Japan Keyboard + Mouse
– နေရာယူမှုသက်သာပြီး မီးစားအလွန်သက်သာတဲ့ ဈေးနှုန်းချိုသာဆုံးစက်
– အဆင့်မြင့်မြင့်သုံးလိုသူများအတွက် All in One (Pc Attach Desktop)
All In One PC
Panasonic
* Celeron D2.6 GHz
* 512MB
* 40 GB
* 64 VGA
* DVD Combo
* 15″ TFT
85000/-
Present ( Japan Keyboard + Mouse )
* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊
ဖုန်း– ၃၈၈၆၅၄၊ ၃၈၉၀၆၇၊ ၀၉–၅၁၃၈၉၃၂၊ ၀၉–၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး)
ဖုန်း– ၀၉–၇၃၁၆၁၂၀၇၊ ၅၇၉၇၈၁
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုခမာလမ်း၊ (ဈ)ရပ်ကွက်(၆–ကွေ့ ကားမှတ်တိုင်အနီး)၊
ဖုန်း– ၉၆၉၀၁၇၅၊ ၀၉–၅၁၂၄၁၄၁
* မန္တလေး – အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်။
ဖုန်း– ၀၂–၇၁၇၆၈၊ ၀၉–၆၈၁၁၅၅၇
* ပဲခူး – အမှတ် (၁)၊ မင်းလမ်း ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့။
ဖုန်း–၀၉–၇၃၁၁၈၃၅၀၊ ၀၉–၄၉၅၇၁၁၄၂

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

# Laptop **Acer Aspire** V5-431(PDC)



လင်းထက်

Aspire V5-431ဟာ ပါးလွှာပေါ့ပါးပြီး၊ သွက်လက်တဲ့ စွမ်းဆောင်ရည်နဲ့အတူ 2.1 ကီလိုဂရမ် အလေးချိန်သာ ရှိမှာ ဖြစ်သလို 21 မီလီမီတာ (0.82 လက်မ) အထူသာရှိတဲ့ Acerရဲ့ Notebook အသစ်တစ်မျိုး ဈေးကွက် ဝင်လာတာ တွေ့ရပါတယ်။ ပုံမှန် Notebookများထက် ၃၀% ပါးလွှာအောင် ပြုလုပ်ထားပြီး ၁၀% ပေါ့ပါးအောင် တီထွင်ထားတဲ့ Design အသစ်ဖြစ်ပါတယ်။ Keypadများကြားထဲမှ ပြင်ပလေအေးများကို စုပ်ယူပြီး၊ လေပူများကို ဘေးပေါက်မှ ပြန်လည်ထွက်စေတဲ့ Airflow System ကြောင့် Notebookကို အမြဲ အေးမြစေပါတယ်။ ကြည်လင် ပြတ်သားတဲ့ HD ရုပ်ထွက်များနဲ့အတူ Dolby Advanced Audio V2 Surround Soundကြောင့် ကြည်လင်ပြတ်သားတဲ့ အသံထွက်များ ပေးစွမ်းနိုင်မှာပါ။ USB 3.0 Power off Charging ပါရှိပြီး၊ LAN/VGA Combo Portကို Extension အနေနဲ့ ထပ်မံ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ Intelရဲ့ HD Support လုပ်ပြီး Powerစား သက်သာစေတဲ့ Second Generation Pentium B987 (1.50GHz)၊ 2GB DDR3 Memory၊ 500 GB HDDနှင့်အတူ Intel HD Graphicကို အသုံးပြု ထားပေးပါတယ်။ DVD Supermulti DL Drive၊ 14" HD Acer Cinecrystal LED LCDတို့ကလည်း Notebook တစ်လုံးနဲ့ ကိုက်ညီတာ တွေ့ရမှာပါ။ ဒါ့အပြင် Card Reader, Bluetooth 4.0, USB 3.0, HDMI, HD Webcamတို့ စုံလင်စွာ တပ်ဆင်ထားပြီး Wireless LANကို လျင်မြန်စွာ ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။ LAN/VGAအတွက် Combo Portကို External အဖြစ် ထပ်မံ ထည့်သွင်း ပြီး၊ 4 Cell Li-ion Battery ဖြစ်ပါတယ်။ ဈေးနှုန်းက ကျပ် 398,700 ဝန်းကျင် ဖြစ်ပြီး၊ ရွှေလမင်းနဂါးမှ တင်သွင်း ဖြန့်ချိခြင်း ဖြစ်ကာ Acerရဲ့ Dealer, Reseller ဆိုင်များနှင့် ဖုန်းနံပါတ် ၀၁-၂၂၁-၆၈၃ တို့တွင် အာမခံသက်တမ်း (၂)နှစ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

Ref: www.tech2.in.com

# Digital Camera **Fujifilm** FinePix Z1000EXR



လင်းထက်

Fujifilmရဲ့ အိတ်ဆောင် တန်ဖိုးနည်း ကင်မရာသစ် FinePix Z1000EXRဟာ သုံးစွဲသူတွေရဲ့ မှတ်ချက် ကောင်းတွေနဲ့အတူ ဈေးကွက်မှာ နေရာကောင်း ရရှိနေပါတယ်။ အိတ်ဆောင်ကင်မရာ တစ်လုံးမှာ Mega Pixel 10ကနေ 12 ကြားထဲသာ ရှိတတ်ကြပေမယ့် ယခု ကင်မရာမှာတော့ 16MP စွမ်းအားရှိမယ့် Lens ပါရှိမှာ ဖြစ်ပါတယ်။ Optical Zoom လုပ်ဆောင် နိုင်မှုနှုန်းက 5xထိ ပါရှိ ထားပြီး Zoomကို အသုံးပြုတဲ့အခါ ဖြစ်တတ်သည့် Focus မပြတ်သားမှုတွေအတွက်လည်း အဆင်ပြေနိုင်အောင် ပုံရိပ် ဝေဝါးမှု ရာခိုင်နှုန်း ၃၀ ထိ လျော့ချ ပေးနိုင်မယ်လို့ ဆိုပါတယ်။ Screenက Touch- screenစနစ် LCD အမျိုးအစားဖြစ်ပြီး၊ ပြသ ပေးနိုင်မယ့် အကျယ်အဝန်းက ၃.၅ လက်မ ရှိမှာ ဖြစ်ပါတယ်။ LCD Screenဖြစ်ပေမယ့် Viewing Angle တွေ ကောင်းမွန်အောင် ဖန်တီးထားပါတယ်။ နည်းပညာမြင့် ပစ္စည်းတွေ အပေါ်အများ ထွက်ရှိလာတဲ့အတွက် ဒီကင်မရာရဲ့ လုပ်ဆောင်နိုင်မှုတွေထဲက အခြားသော အရာတွေထက် ထူးခြားတာ တစ်ခုက Data တွေကို Transferအပိုင်းမှာ Wirelessစနစ်နဲ့ လုပ်ဆောင်ပေးနိုင်တာပဲ ဖြစ်ပါတယ်။ ပြီးတော့ Smart-phone, Tablet, iPad, iPhoneတွေနဲ့ပါ အလွယ်တကူ ချိတ်ဆက်နိုင်မှာပါ။ ကိုယ်ထည် အရွယ်အစားက ၆ × ၁၀.၂ × ၁.၈စင်တီ မီတာ ဖြစ်ပြီး၊ အလေးချိန်ကတော့ ၁၄၁ ဂရမ်သာ ရှိမှာ ဖြစ်ပါတယ်။ Memory Card Slotလည်း ပါဝင်ပြီး၊ Memory အပိုင်းမှာလည်း SD Cardကို 32GBထိအောင် တိုးမြှင့် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ဒေါ်လာ ၁၃၉ ပဲ ဖြစ်တာကြောင့် သယ်ယူရ လွယ်ကူတဲ့ အိတ်ဆောင် ကင်မရာတစ်လုံးအတွက်တော့ ဈေးသင့်မည်လို့ မျှော်လင့်ပါတယ်။

Ref: www.amazon.com

# Monitor **Acer** S200HLAbd



မင်းခန့်

Acerရဲ့ ထုတ်ကုန်သစ် မော်နီတာ တစ်လုံးဖြစ်တဲ့ S200HlAbd ဈေးကွက်ထဲ ဝင်ရောက်လာတာ တွေ့ရပါတယ်။ စွမ်းအင် သက်သာခြင်း၊ ပေါ့ပါးခြင်းနဲ့ ဈေးနှုန်း သင့်တင့်ခြင်းတွေကြောင့် ဈေးကွက်မှာ အောင်မြင်မှု ရနေတဲ့ မော်နီတာ တစ်လုံးဖြစ်ပါတယ်။ S Series စာရင်းဝင် မော်နီတာ ဖြစ်တာကြောင့် ကြာရှည်စွာ အသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်။ Acer ထုတ် S Series တွေရဲ့ စွမ်းဆောင်ရည်တွေ ဖြစ်တဲ့ စွမ်းအင် သုံးစွဲမှု လျော့နည်းတဲ့ အချက်နဲ့ ကုန်ပစ္စည်းရဲ့ အလေးချိန် ပေါ့ပါးမှု အပိုင်းတွေကို ယခင် Modelတွေထက် သာလွန်ကောင်းမွန်အောင် ဖန်တီး ထုတ်လုပ်ထားတာ တွေ့ရပါတယ်။

Monitorရဲ့ Contrast Ratioက 100,000,000:1 ဖြစ်ပြီး၊ Resolutionက 1600x900ရှိမှာ ဖြစ်လို့ ရုပ်ထွက်ပိုင်း ကောင်းမွန်ပါလိမ့်မယ်။ ဒါ့အပြင် Response Timeကလည်း 5Ms ဖြစ်လို့ Game တွေနဲ့ ရုပ်သံတွေကို အကောင်းဆုံး ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် Response Time မြန်ဆန်မှုက Graphicနဲ့ ဆိုင်တဲ့ Softwareတွေနဲ့ Gammerတွေအတွက် စိတ်ကြိုက် ဖြစ်စေမှာပါ။ Screen အရွယ်အစားက လက်မ ၂၀ အပြည့်ရှိမှာ ဖြစ်ပြီး Full HDစနစ် ရုပ်ထွက်တွေကို ပေးစွမ်းနိုင်မှာပါ။ Brightnessက 250 nits ရှိမှာ ဖြစ်သလို စွမ်းအင် သုံးစွဲမှု အပိုင်းမှာလည်း ပုံမှန် မော်နီတာတွေထက် ၆၈ ရာခိုင်နှုန်းလောက် စွမ်းအားသုံးစွဲမှု ချွေတာပေးနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ၁၀၁,၇၀၀ကျပ် ဖြစ်ပြီးတော့ ရွှေလမင်းနဂါးမှ တင်သွင်းဖြန့်ချိခြင်း ဖြစ်ကာ Acerရဲ့ Dealer, Reseller ဆိုင်များနှင့် ဖုန်းနံပါတ် ၀၁-၂၂၁-၆၈၃တို့တွင် အာမခံ သက်တမ်း (၂) နှစ်ဖြင့် ဝယ်ယူ ရရှိနိုင်ပါသည်။

Ref: www.dealzon.com

# Tablet **Acer** Iconia B1



မင်းခန့်

Acerရဲ့ အမျိုးအစားအသစ် Iconia B1 Tabletဟာ Screen အရွယ်အစား ၇ လက်မ အရွယ်ရှိပြီး ၀.၃ ကီလိုဂရမ်သာ အလေးချိန်ရှိမှာ ဖြစ်ပါတယ်။ Iconia B1ကို အနက်ရောင် Coverပေါ်တွင် အပြာရောင် လိုင်းစင်းများဖြင့် အလှဆင်ထားတာ တွေ့ရပါတယ်။ Android၏ နောက်ဆုံးထုတ် Versionဖြစ်သော Jelly Bean 4.1.2ကို အသုံးပြု ထားတဲ့အပြင် 512 MB RAM ပါရှိမှာ ဖြစ်ပါ တယ်။ Dual Core Processorကို အသုံးပြုထားပြီး အမြန်နှုန်းက 1.2GHz ထိအောင် ရှိမှာ ဖြစ်တာကြောင့် အကောင်းဆုံး မြန်နှုန်းမြင့် Tablet တစ်လုံး မဟုတ်ပေမယ့် ဈေးနှုန်းနဲ့ ကိုက်ညီမှု ရှိတာကိုတော့ တွေ့ရပါတယ်။ Dataများ သိုလှောင် သိမ်းဆည်းနိုင်ရန်အတွက် 8GB Internal Memory ပါဝင်ပြီး ထပ်မံ တိုးချဲ့ အသုံးပြုချင်သူများအတွက် 32GB အထိ ထပ်မံတိုးချဲ့ အသုံးပြုနိုင်ပါတယ်။ အပျော်တမ်း Camera အသုံးပြုချင်သူများအတွက် 0.3MP ရှိမယ့် ကင်မရာပါရှိပြီး Internet WiFi အသုံးပြုနိုင်ရန်အတွက် 802.11 b/n/g ပါရှိပါတယ်။ Bluetooth 4.0ကို အသုံးပြုထားတာကြောင့် အခြားသော Tablet များထက် အားသာချက် ရှိတယ်လို့ ဆိုနိုင်ပါတယ်။ Battery အနေဖြင့် Lithium-ion Battery 10Wကို အသုံးပြု ထားပါတယ်။ Acer Iconia B1 Tabletကို ဝယ်ယူ အားပေးချင်သူများအတွက် ဈေးနှုန်း ၁၂၁,၀၀၀ကျပ်နဲ့ အာမခံသက်တမ်း Part (၆)လနှင့် Service (၁)နှစ် တို့နဲ့ Acer ၏ Delarနှင့် Resealer ဆိုင်ကြီးများတွင် ဝယ်ယူ အားပေးနိုင်ပါတယ်။

# MOBILE FRIEND
## Laptop Sales & Services

**2013 Yangon ICT Fair (Computer & Mobile)** Booth No-(G-9)

**3 Days Only ! ! !** တပ်မတော်ခန်းမ (24-5-13 to 26-5-13)

"လက်ဆောင်(၁၀)မျိုး" နှင့်အတူ "Laptop Free" ရရှိနိုင်မည့်အထူးအခွင့်အရေး

**DELL Latitude D610**
Intel Pen: (M) 1.8GHz
512MB RAM
40GB HDD
VGA-128MB
COMBO
Lan-Modem
LCD - 14"

**95,000/-Ks**

**DELL Latitude D610**
Intel Pen: (M) 1.8GHz
1GB RAM
40GB HDD
VGA-128MB
COMBO
Lan-Modem-Wi-Fi
LCD - 14"

**105,000/-Ks**

**NEC VY 93M/C4**
Intel Cel: (M) 933MHz
1GB RAM
40GB HDD
VGA-256MB
DVD-RW
Lan-Modem-Wi-Fi
LCD - 12"

**110,000/-Ks**

**DELL Latitude D610**
Intel Pen: (M) 1.8GHz
1GB RAM
60GB HDD
VGA-128MB
DVD-RW
Lan-Modem-Wi-Fi
LCD - 14"

**120,000/-Ks**

**NEC VY 93M/C4**
Intel Cel: (M) 933MHz
1GB RAM
80GB HDD
VGA-256MB
DVD-RW
Lan-Modem-Wi-Fi
LCD - 12"

**130,000/-Ks**

**FUJITSU FMV S8225**
Intel Core Solo 1.7GHz
1GB RAM
60GB HDD
VGA-256MB
DVD-RW
Lan-Wi-Fi
LCD - 14"

**145,000/-Ks**

**lenovo T 60**
Intel Core Duo 1.7GHz
1GB RAM
60GB HDD
VGA-256MB
COMBO
Lan-Modem-Wi-Fi
LCD - 15"

**155,000/-Ks**

**lenovo T 61**
Intel Core 2 Duo 1.8GHz
1GB RAM
80GB HDD
VGA-256MB
DVD-RW
Lan-Modem-Wi-Fi
LCD - 14" (Wide)

**165,000/-Ks**

**lenovo T 61**
Intel Core 2 Duo 1.8GHz
2GB RAM
80GB HDD
VGA-256MB
DVD-RW
Lan-Modem-Wi-Fi
LCD - 14" (Wide)

**175,000/-Ks**

**DELL Latitude D531**
Intel Dual Core 1.9GHz
1GB RAM
80GB HDD
VGA-351MB
COMBO
Lan-Modem-Wi-Fi
LCD - 15" (Wide)

**169,000/-Ks**

**TOSHIBA Dynabook M40**
Core 2 Duo 1.8GHz
2GB RAM
250GB HDD
VGA-256MB
DVD-RW
Lan-Modem-Wi-Fi
LCD - 14" (Crystal Wide)

**245,000/-Ks**

**ရန်ကုန်** ➡ အမှတ်(၁၃၈)-မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၃၉၈၄၇၄၊ ၀၉ ၅၁၉၉၇၇၈၊ ၀၉၄ ၂၁၀ ၂၃ ၂၁၀

**ပျဉ်းမနား** ➡ အမှတ်(၁၀/၇၀)၊ ပိုလ်တာရာလမ်း၊ ပိုလ်ချုပ်ကြေးရုပ်အနီး၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၆၇ ၂၁ ၂၆၃၊ ၀၉၄ ၂၀၇၄၇၉၀၅

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

## GADGETS

# အိတ်ဆောင် Scanner



Sid

မကြာခင်ကမှ ဈေးကွက်ဝင်လာတဲ့ PC ဆက်စပ်ပစ္စည်း အိတ်ဆောင် Scannerဟာ အသုံးပြုမှုနဲ့ သယ်ယူရ လွယ်ကူမှုတွေကြောင့် လူကြိုက်များနေတာ တွေ့ရပါတယ်။ အမြင့်ဆုံး အရည်အသွေးထိ Scanning လုပ်ပေးနိုင်မယ့် နှုန်းက 600 DPI ဖြစ်ပါတယ်။ Micro SD Cardကို အသုံးပြုနိုင်မှာဖြစ်သလို 32 GBထိအောင် တိုးမြှင့် သုံးစွဲနိုင်ဦးမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် Scanning အပိုင်းမှာလည်း အရွယ်အစားနဲ့ ညီမျှ သင့်တင့်တဲ့ စွမ်းဆောင်ရည်တွေ ပေးစွမ်းနိုင်ပြီး Storage အပိုင်းမှာလည်း ကောင်းမွန်တာကြောင့် ပစ္စည်းကောင်း တစ်ခုအဖြစ် ရပ်တည် နေတာပါ။ ဒါ့အပြင် USB Portကိုပါ ချိတ်ဆက် သုံးစွဲနိုင်ဦးမှာဖြစ်တာကြောင့် PCနဲ့ လည်းအကောင်းဆုံး ချိတ်ဆက် နိုင်မှာပါ။ သိမ်းဆည်းပေးနိုင်မယ့် File Formatက Mono JPEG File ဖြစ်ပါတယ်။ အကြီးဆုံး ထုတ်ပေးနိုင်မယ့် Image Sizeက A4အထိ ရှိမှာ ဖြစ်ပြီးတော့ AA အရွယ်အစား Battery နှစ်လုံးကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ် ဆိုရင်တော့ Zay-Lite Tech စတိုး ၀၉-၇၃၂-၀၃၅-၆၀မှာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

## Angry Birds တံဆိပ် ရေမွှေးစုံ




လင်းထက်

ကမ္ဘာကျော် Angry Birds Video Gameရဲ့ ပုံရိပ်ကို အသုံးပြုပြီးတော့ Air Val International ကနေပြီးတော့ ထုတ်ကုန်သစ်အဖြစ် လက်ဆောင်ပစ္စည်း တစ်မျိုးအဖြစ် သုံးစွဲနိုင်မယ့် ရေမွှေးသစ် တစ်မျိုးကို ဈေးကွက် ဖြန့်ချိလိုက်ပါပြီ။ Angry Birdsရဲ့ ဇာတ်ကောင် တွေဖြစ်တဲ့ Red Bird, Yellow Bird, Black Birdနဲ့ King Pidတွေ ပုံစံတူ ရေမွှေးပုလင်းများအဖြစ် ထုတ်လုပ် ဖြန့်ချိထားတာ တွေ့ရပြီး ရေမွှေး တစ်ပုလင်း စီရဲ့ ပါဝင် ပမာဏက ၅ မီလီလီတာစီ ရှိမှာ ဖြစ်ပြီး ရေမွှေးကဒ် တစ်စုံစီတွင် လေးမျိုးစလုံး ပါဝင်မှာ ဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် ရေမွှေးကဒ် တစ်စုံလုံး မဝယ်ယူချင်သူများအတွက်လည်း ၅၀ မီလီ လီတာပါ ရေမွှေးပုလင်းကြီး တစ်လုံးစီအား သီးခြားစီ ထုတ်လုပ်ထားကြောင်းလည်း တွေ့ရပါတယ်။ ရေမွှေးပုလင်း လေးလုံးပါ တစ်ကဒ်လျှင် ဈေးနှုန်း ၁၂.၉၉ဒေါ်လာဖြစ်ပြီး၊ လက်ဆောင် ပေးဖို့အတွက်ရော ကားတွေမှာ သုံးဖို့ အတွက်ပါ အထူး ကောင်းမွန်တာ တွေ့ရပါတယ်။ အထူးသဖြင့် ၅၀ မီလီလီတာ ပုလင်းကြီးတွေက ကားတွေမှာ ထားရှိ သုံးစွဲဖို့ အဆင်ပြေစေမှာ ဖြစ်ပါတယ်။

Ref: www.Craziestgadgets.com

## Mophie Juice Pack



သန့်စင်

HTC ဆိုဒ် Mobile Case ပါ၊ HTC Oneရဲ့ အလေးချိန်နဲ့ နှစ်ခုပေါင်း အလေးချိန်က 3.12 အောင်စပဲ ရှိပါတယ်၊ 2,500mAh ပါဝင်တဲ့အတွက် HTC One မှာပါဝင်တဲ့ Batteryနဲ့ နှိုင်းစာရင် 200 mAh ပိုပါတယ်၊ Caseရဲ့ အောက်ခြေမှာရှိတဲ့ Standard Micro USB Portနှင့် အားသွင်းနိုင်တယ်၊ Micro USB ကြိုးဖြင့် အားသွင်းတဲ့ အခါမှာလည်း ဖုန်းကို Case အတွင်းကနေ မဖြုတ်ပဲ အားသွင်း ထားလို့ရပါတယ်၊ HTC One မှာပါတဲ့ Power, Volume Keysတွေ အတိုင်း အပေါက်ရာတွေ ပါဝင်မှာ ဖြစ်ရုံမက Keysတွေကို နှိပ်တဲ့ အခါမှာလည်း လွယ်ကူ ပါတယ်၊ နောက်ကျောဘက်မှာလည်း Ultra Cameraနှင့် LED Flash အတွက် အပေါက်ကြီး တစ်ခု ပါဝင်တယ်၊ သူ့ရဲ့ပုံစံ နောက်ကျောက ထုထည် ကြီးမားတဲ့အတွက် ဖုန်းလွတ်ကျတဲ့အခါ တစ်ခါတည်း ကွဲအက်သွားစေမှာ မဟုတ်စေတဲ့ အပြင် နူးညံ့တဲ့ အထိအတွေ့ မျက်နှာပြင် ရှိနေပါတယ်။ ဒေါ်လာ ၉၉.၉၅ ဝန်းကျင်နှင့် နိုင်ငံတစ်ဝန်းက ဈေးကွက်ကြီးတွေမှာ ရောင်းချနေပြီလို့ သိရပါတယ်။

Ref: www.slashgear.com

GET 1 MONTH FREE FOR ONE YEAR SUBSCTIPTION
CALL NOW 01-430-897 01-553-918 OR CIRCULATION@MYANMARICT.COM

# CDMA နှင့် GSM နှစ်မျိုးသုံး htc one SC



လင်းထက်

တန်ဖိုးနည်း တယ်လီဖုန်းတွေ အများကြီး အသုံးပြုခွင့် ချထားပေးနေချိန်တွေမှာ ဆက်သွယ် ရေးစနစ် နှစ်မျိုးလုံး သုံးစွဲနိုင်မယ့် ဟန်းဆက်တွေက သုံးစွဲသူတွေအတွက် အကောင်းဆုံး စွမ်းဆောင်ပေး နိုင်ပါလိမ့်မယ်။ စီးပွားရေးတွက် တွက်မယ် ဆိုရင်လည်း စနစ်နှစ်မျိုးလုံး သုံးစွဲနိုင်မှာ အဆင်ပြေစေမှာပါ။

## General

အသုံးပြုနိုင်မယ့် ဆက်သွယ်ရေး ကွန်ယက်တွေက CDMA 800/1900နဲ့ GSM 900/1800/1900တွေ ဖြစ်ပါတယ်။ ဒါကြောင့် ဟန်းဆက်တစ်ခုတည်းနဲ့ Simနှစ်ခုလုံးကို အပြည့်အဝ အသုံးချ နိုင်မှာပါ။

## Body

ကိုယ်ထည်ပိုင်းကို အကြမ်းခံ ပလတ်စတစ်အသား ဦးစားပေး တည်ဆောက်ထားပြီး အမြင့် ၅.၀၄ လက်မ၊ အကျယ် ၂.၆၃ လက်မနဲ့ အထု ၀.၃၅ လက်မပဲ ရှိမှာ ဖြစ်လို့ ကိုင်တွယ်ရတာ အဆင်ပြေမှာပါ။ အလေးချိန် စုစုပေါင်းက ၁၁၆ ဂရမ် (၄.၀၉ အောင်စ)ပဲ ရှိပါလိမ့်မယ်။

## Display

အသုံးပြုထားတဲ့ Screen အမျိုးအစားက Super LCD2 ဖြစ်ပြီး Touch screen စနစ်ကို အသုံးပြုနိုင်မှာ ဖြစ်ကာ ပြသပေးနိုင်မယ့် အရောင်က ၁၆၀၀၀၀၀ ထိအောင်ဖြစ်လို့ ရုပ်ထွက်ပိုင်းကတော့ စိတ်ကြိုက် ဖြစ်စေမှာပါ။ ပြသပေးနိုင်မယ့် Screenအကျယ်က ၄.၃ လက်မပဲ ရှိမှာ ဖြစ်တာကြောင့် အနည်းငယ် ကျဉ်းတယ်လို့ ပြောနိုင်ပါတယ်။ Resolutionက 480x800 Pixel ဖြစ်ပါတယ်။

## Sound and Memory

Alert လုပ်ပေးနိုင်မယ့် ပုံစံတွေက Vibration အပြင်၊ MP 3နဲ့ WAV အမျိုးအစား Fileတွေကို Ringtoneအဖြစ် သုံးစွဲနိုင်ပါလိမ့်မယ်။ Loud Speaker ကိုလည်း အသုံးပြုနိုင်မှာ ဖြစ်ပြီး Headphone အတွင်း ၃.၅ မီလီမီတာ Jack တစ်ခုလည်း ထည့်သွင်းထားပါတယ်။

RAM 1 GB ပါရှိမှာ ဖြစ်ပြီးတော့ Internal Memoryက 4 GBကို Built-in ပါဝင်ပါလိမ့်မယ်။ Micro SD အမျိုးအစားကို အသုံးပြုပြီးတော့ Extended Memoryအဖြစ် တိုးမြှင့်အသုံးပြုနိုင်မှာ ဖြစ်ကာ 32 GBအထိ Extended လုပ်နိုင်ပါလိမ့်မယ်။

## Data and Camera

Wi-Fiအတွက် 802.11 b/g/n တပ်ဆင်ပါဝင်ပြီး Bluetooth v4.0ကို အသုံးပြုနိုင်မှာ ဖြစ်တာကြောင့် Smart Deviceဖြစ်တယ်ဆိုတာ မငြင်းနိုင်ပါဘူး။ micro USBv2.0ကိုတော့ Data In/Outအတွက် ထည့်သွင်းထား တာ တွေ့ရပါတယ်။ 5 Mega Pixelရှိ Cameraပါဝင်မှာ ဖြစ်ပြီး Pixelနှုန်းက 2592x1944 ရှိမှာ ဖြစ်ပါတယ်။ LED Flash Light ပါဝင်တဲ့အပြင် Auto Focusကိုပါ သုံးစွဲနိုင်မှာကြောင့် အချိန်မရွေး ပုံရိပ်တွေ ဖမ်းယူနိုင်မှာပါ။ Geo-tagging, Touch Focusနဲ့ Face Detection တွေကိုပါ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Video ရိုက်ကူးနိုင်မှုမှာတော့ 720 Pixelနှုန်းနဲ့သာ ရိုက်ကူးနိုင်မှာ ဖြစ်လို့ အားနည်းမှု ရှိပါတယ်။

## Features

Android OS အမျိုးအစားကို အသုံးပြုထားပြီးတော့ Versionက v4.0 (Icecream Sandwich) ဖြစ်ပါတယ်။ CPUက Dual Coreဖြစ်ပြီး အမြန်နှုန်းက 1 GHz ဖြစ်လို့ ထိပ်တန်းဖုန်းတွေလောက်တော့ မြန်ဆန်မှု မရှိပါဘူး။ Messagingတွေ အဖြစ် SMS, MMS, Emailနဲ့ Push Emailတွေ လုပ်ဆောင် သုံးစွဲနိုင်မှာပါ။ Browser အမျိုးအစားက HTML ဖြစ်ပြီးတော့ GPSလည်း ပါဝင်မှာ ဖြစ်ပါတယ်။ အရောင်မှာ အဖြူ၊ အနက်နဲ့ လိမ္မော်ရောင်တွေ ထုတ်လုပ်ဖြန့်ချိထားတာ တွေ့ရပါတယ်။

## Battery and Price

Battery အမျိုးအစားမှာ Li-ionဖြစ်ပြီး Capacityက 1800 mAh ရှိပါတယ်။ အချိန်ဘယ်လောက် အတိုင်းအတာထိ သုံးစွဲနိုင်မယ်လို့ မပြောပေမယ့် Capacity အရတော့ အသုံးခံနိုင်မှာပါ။ ဈေးနှုန်းက ၂၉၀,၀၀၀ကျပ်ဝန်းကျင်ဖြစ်ပြီး iTech Mobile ဖုန်း -၀၁-၂၅၂ -၉၀၂မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.gsmarena.com

# MOBILE

မျိုးဇင်

Huawei ဟန်းဆက်တွေဟာ မြန်မာပြည်ရဲ့ မိုဘိုင်းကွန်ယက်နှင့် ကိုက်ညီစွာ ထုတ်လုပ်ထားတဲ့အပြင် အရည်အသွေးပိုင်းမှာ အပြစ်ဆိုဖွယ် မရှိလောက်အောင်ပါပဲ။ ဈေးနှုန်းပိုင်းကို ကြည့်ရင်လည်း လူတန်းစားမရွေး အသုံးပြုနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ Huawei စမတ်ဖုန်းတွေဟာ အဆင့်မြင့် နည်းပညာတွေကို အသုံးပြုထားပြီး ဖုန်းဒီဇိုင်း အသွင်အပြင်ကိုလည်း တစ်မျိုးနဲ့တစ်မျိုး မရိုးနိုင်အောင် ဆန်းသစ် တီထွင် ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ မကြာသေးမီကမှ ပြည်တွင်းဈေးကွက်ထဲသို့ ဝင်ရောက်လာတဲ့ နောက်ဆုံး ပေါ် နည်းပညာသုံး စွမ်းအားပြည့် စမတ်ဖုန်းတစ်လုံးဖြစ်တဲ့ Huawei Ascend D2 စမတ်ဖုန်းကို အိုင်စီတီ ပရိသတ်တွေအတွက် မိတ်ဆက် ပေးလိုက်ရပါတယ်။

Ascend D2မှာ ပါဝင်တဲ့ အချက်အလက်တွေက အားရစရာ ကောင်းနေပါတယ်။ ၅လက်မ အရွယ်အစား Full HD Display မျက်နှာပြင်၊ 13MP Camera BSI&HDR၊ Quad Core 1.5GHz Processor၊ 3000 mAh Battery၊ Dust and Water Resistant အစရှိတဲ့ နောက်ဆုံးပေါ် နည်းပညာတွေကို Ascend D2မှာ တပ်ဆင် ပေးထားတဲ့အတွက် အဆင့်မြင့် စမတ်ဖုန်းတစ်လုံးရဲ့ အရည်အသွေးတွေကို ပိုင်ဆိုင်ထားတယ်လို့ ဆိုရပါမယ်။

## Revolutionary 5" FHD Screen

ဖုန်းမျက်နှာပြင်ကို ၅လက်မ အရွယ်အစားရှိတဲ့ Super Retina LCD ဖန်သားပြင်ဖြင့် တပ်ဆင်ပေးထားတဲ့အတွက် ဝင်းလက် တောက်ပတဲ့ ပုံရိပ်တွေကို ခံစားကြည့်ရှုနိုင်မှာပါ။ Resolutionကတော့ 1920x1080 အထိ ရရှိသောကြောင့် Full HD အရည်အသွေးရှိ ဗီဒီယိုတွေကို ရုပ်ထွက်ကြည်လင် ပြတ်သားစွာ ပေးစွမ်းနိုင်ပါတယ်။ တစ်လက်မမှာ ထောက်ပံ့ပေးထားတဲ့ Pixel ပမာဏကတော့ 443 ppi ရှိတဲ့အတွက် သဘာဝအရောင် အရည်အသွေးအတိုင်း တိကျမှန်ကန်စွာ ဖော်ပြပေးပါလိမ့်မယ်။ ဖုန်းမျက်နှာပြင် ထိခိုက် ပွန်းပဲ့မှာကို စိုးရိမ်ပူပန်နေသူ များအတွက် Ascend D2 မျက်နှာပြင်မှာ Corning Gorilla Glassလို့ခေါ်တဲ့ အရည်အသွေးကောင်းမွန်သော ဖန်သားပြင်ကို တပ်ဆင်ထားပေးတဲ့အတွက် ထိခိုက်ပွန်းပဲ့မှုဒဏ်ကို အကောင်းဆုံး ကာကွယ် ပေးနိုင်ပါတယ်။ ရေစိုဒဏ်နှင့် ဖုန်မှုန့်တွေ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးမယ့် (Dust and Water Resistant IPX 5/4) မျက်နှာပြင်ကိုလည်း ထည့်သွင်း ပေးထားပါသေးတယ်။

## 13MP Camera with BSI and HDR

Ascend D2ရဲ့ ကင်မရာ စွမ်းဆောင်ရည်ပိုင်းကတော့ အံ့ဩစရာကောင်းလောက်အောင်ပါပဲ။ 13MP စွမ်းရည်ရှိတဲ့ ကင်မရာ အရည်အသွေးက ထိပ်တန်း အဆင့်ရှိတဲ့ စမတ်ဖုန်းတွေရဲ့ ကင်မရာ စွမ်းဆောင်ရည်နှင့် တူညီမှု ရှိပါတယ်။ BSI Rear-Facing ကင်မရာ အမျိုးအစားဖြစ်ပြီး ရုပ်ပုံတွေကို အသေးစိတ် ဖမ်းယူနိုင်တဲ့ နည်းပညာကို ထည့်သွင်း ပေးထားပါတယ်။ Ascend D2ရဲ့ ကင်မရာထဲမှာ တခြား စမတ်ဖုန်းတွေထက် ISO Sensitivity Levelကို မြှင့်တင်ပေးထားတာ တွေ့ရပါတယ်။ Front-Facing ကင်မရာငယ်က 1.3MP HD စွမ်းရည် ရှိပါတယ်။ ကင်မရာရဲ့ Features ပိုင်းကို ကြည့်မယ် ဆိုရင်တော့ (Geo-Tagging, Face Dectection, HDR, Auto Focus, LED Flash) အစရှိတဲ့ စနစ်တွေ ပါဝင်ပါတယ်။

## Hardware & OS

စမတ်ဖုန်း သုံးစွဲသူတွေနဲ့ အဆင်ပြေစေတဲ့ Android OS 4.1 (Jelly Bean)ကို အသုံးပြု ပေးထားပါတယ်။ Ascend D2ရဲ့ ထူးခြားချက်ကတော့ Memoryပိုင်းကို ပုံမှန် အသုံးပြုနေကျ 1GB RAM အစား 2GB RAM အထိ တိုးချဲ့ တပ်ဆင်ထားတာ တွေ့ရမှာပါ။ အချက်အလက်တွေ သီချင်းတွေ ဗီဒီယို ဖိုင်တွေကို လုံလောက်စွာ သိမ်းဆည်းပေးမယ့် Internal Storage ကိုတော့ 32GBအထိ ပါရှိပါတယ်။ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကို ကောင်းမွန် စေဖို့အတွက် Quad Core CPUကို တပ်ဆင်ပေးထားပြီး အမြန်နှုန်း 1.5GHz ရှိပါတယ်။ Chipset အမျိုးအစားကတော့ Huawei K3V2ပဲ ဖြစ်ပါတယ်။

## Design & Body

Huawei Ascend D2ရဲ့ ဒီဇိုင်းပိုင်း ဆိုင်ရာမှာလည်း ခေတ်ဆန်ပြီး စွဲမက်ဖွယ် ကောင်းလောက်အောင် စမတ်ကျတဲ့ ဒီဇိုင်းပုံစံရှိပြီး အလူမီနီယံ ကိုယ်ထည်နှင့်အတူ သတ္တုသားဖြင့် ဘောင်ခတ်ပေးထားပါတယ်။ Ascend D2ရဲ့ အလေးချိန်ဟာ 170gရှိပြီး ဖုန်းကိုယ်ထည် အထူကတော့ 9.4mm အထိ ပါးလွှာမှု ရှိတဲ့အတွက် လက်ထဲမှာ သက်သောင့်သက်သာဖြင့် သွားလေရာကို အလွယ်တကူ ကိုင်ဆောင်သွားနိုင်မှာပါ။

## Connectivity

GSM ကွန်ယက်စနစ်သုံး စမတ်ဖုန်း အမျိုးအစားဖြစ်ပြီး အသုံးပြုနိုင်တဲ့ ကွန်ယက်တွေကတော့ (GSM 850/900/1800/1900 MHz )နှင့် (UMTS 850/900/2100 MHz)အစရှိတဲ့ ကွန်ယက်စနစ်တွေမှာ အသုံးပြုနိုင်ပါတယ်။ Wi-Fi အင်တာနက်ကို ချိတ်ဆက် အသုံးပြုနိုင်ရန် 802.11 a/b/g/n, Dual-Band, DLNA, Wi-Fi Direct, Wi-Fi Hotspot အစရှိတဲ့ ကြိုးမဲ့ ကွန်ယက်စနစ်တွေ ပါဝင်တာ တွေ့ရမှာပါ။ Bluetooth 4.0, Micro USB စတာတွေကိုလည်း ထည့်သွင်းပေးထားပါတယ်။


## Battery & Price

Ascend D2ရဲ့ ဘက်ထရီ သုံးစွဲမှုအပိုင်းမှာ အင်တာနက် ကြည့်ရှုခြင်းနှင့် ဂိမ်းကစားခြင်းတို့ကို အချိန် ကြာမြင့်စွာ အသုံးပြုနိုင်ရန်အတွက် ဘက်ထရီ စွမ်းအားကို 3000 mAhအထိ သုံးစွဲ ပေးထားတာ တွေ့ရပါတယ်။ Huawei ကုမ္ပဏီရဲ့ နည်းပညာ တစ်မျိုးဖြစ်တဲ့ QPC and ADRX Smart Power-Saving Technologyကို Ascend D2မှာ ထည့်သွင်း ပေး ထားတဲ့အတွက် တူညီတဲ့ လျှပ်စစ်ဓာတ်အား အခြေအနေ တစ်ခုအောက်မှာ ဖုန်းအား သွင်းချိန်ဟာ တခြား စမတ်ဖုန်းတွေထက် အချိန် ၃၀ ရာခိုင်နှုန်း လျှော့ချ ပေးထားတဲ့အတွက် အချိန်တိုအတွင်း ဘက်ထရီအား အပြည့် သွင်းနိုင်မှာ ဖြစ်ပါတယ်။ စမတ် ဖုန်း သုံးစွဲသူတွေ အတွက် အရောင်နှစ်မျိုး ထုတ်လုပ်ပေးထားပြီး (Crystal Blueနှင့် Pure White)ဆိုပြီး ထုတ်လုပ်ပေးထားပါတယ်။

Huawei Ascend D2ရဲ့ တန်ဖိုးကတော့ လေးသိန်းကျပ် ဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်ထဲမှာ အလွယ်တကူ ဝယ်ယူ ရရှိနိုင်ပါတယ်။





# Neolucida Drawing tool



သန့်စင်

Neolucida ဆိုတာ ပုံဆွဲရာမှာ အသုံးဝင်ပြီး ဈေးသက်သာတဲ့ Drawing Tool တစ်ခု ဖြစ်ပါတယ်၊ သင့်အရှေ့မှာရှိတဲ့ အရာတွေကို ခြေရာခံဖို့အတွက် သာမက အနီး စပ်ဆုံး ပုံတူ ဆွဲနိုင်ဖို့အတွက်ပါ အသုံးပြုနိုင် ပါတယ်၊ သူရဲ့ အသွင်က Portable ဒီဇိုင်း ဖြစ်တယ်၊ ကွေးကောက်လို့ လွယ်တယ်၊ ပေါ့ပါးတယ်။ သင် ရယူချင်တဲ့ ပုံရိပ်တွေနဲ့ သင့်မြင်ကွင်းကို အနီးစပ်ဆုံး ဖြစ်အောင် ပြသ ပေးနိုင်ပါလိမ့်မယ်၊ အဓိက လိုအပ် ချက်က သင်ရယူမယ့် ပုံရိပ်နဲ့ ကင်မရာကို အနီးစပ်ဆုံး ထားရှိရမှာဖြစ်ပြီး ကင်မရာက ဖမ်းယူ ပေးသမျှကို စတင် ခြေရာခံ ကြည့်ရှု နိုင်ပြီ ဖြစ်ပါတယ်၊ တည်နေရာ မပြောင်းရွှေ့ နိုင်တဲ့ ပုံရိပ်တွေကို ယူမယ်ဆိုရင်တော့ ကင်မရာရဲ့ ကွေးကောက်နိုင်မှုနှင့် ချိန်ညှိ နိုင်တဲ့ အထိုင်ပါ ရှိမှုကြောင့် သုံးရ အဆင်ပြေ ပါလိမ့်မယ်၊ သုံးစွဲပုံက Neolucidaကို မိမိ ဆွဲ လိုသည့် ပုံရိပ်ရဲ့ အနီးဆုံးနေရာမှာ တပ် ဆင်ပြီး Prism နားကပ်ပြီး မြင်နေရသည့် ပုံရိပ်ရဲ့ လမ်းကြောင်းအတိုင်း အလွယ်တကူ ရေးသား ဆွဲခြစ်ရုံပဲ ဖြစ်ပါတယ်၊ ချိန်ညှိပေးနိုင်မှု အမျိုးအစားအလိုက် ဈေးနှုန်းက ဒေါ်လာ ၃၀ဖြစ်ပြီး Kickstarter Websiteမှာ လေ့လာ ဝယ်ယူနိုင်ပါတယ်။

Ref: www.kickstater.com



## Animation




Title Name – Vividred Operation
Genre – Action
No. of episodes - 12
Studio – A-1 Pictures
Score – 3.5 out of 5

နေအောင်လတ်

Vividred Operationဟာ Strike Witches ဇာတ်လမ်းတွဲများရဲ့ Directorနှင့် ဇာတ်ကောင်ဒီဇိုင်း ဖန်တီးရှင်ဖြစ်သူ Kazuhiro TAKAMURAရဲ့ ဇာတ်လမ်းတွဲ အသစ်ဖြစ်ပြီး Strike Witches စီးရီးနှင့် ရုပ်ရှင်ထဲကလိုပဲ Directorနှင့် Character Designerအဖြစ် ပြန်လည် ပါဝင်ထားပါတယ်။ Vividred Operationဟာ Strike Witches ဇာတ်လမ်းတုန်းကလိုပဲ စွမ်းအားရှင် ကောင်မလေးတွေနှင့် အမျိုးအမည်မသိ ရန်သူတွေရဲ့ တိုက်ပွဲတွေကို အသားပေး တင်ဆက်ထားတဲ့ စီးရီးတစ်ခုဖြစ်ပြီး ယခုဇာတ်လမ်းမှာတော့ Strike Witches တုန်းကလို မှော်အစွမ်းနှင့် World War II ကာလ လက်နက်တွေကို အသုံးပြုတဲ့ တိုက်ပွဲများအစား အနာဂတ်အချိန်က လက်နက်ဆန်းများ အသုံးပြုတဲ့ တိုက်ပွဲတွေကို မြင်တွေ့ရမှာပါ။

Vividred Operationရဲ့ ဇာတ်လမ်းဟာ အနာဂတ်အချိန်မှာ နေရာယူထားပြီး သဘာဝစွမ်းအင် အရင်းအမြစ်ရှားပါးမှုနှင့် ကြုံတွေ့နေရချိန်မှာ Manifestation Engine အမည်ရတဲ့ Energy Generatorကြောင့် လူသားများအား စွမ်းအင် ရှားပါးမှုရန်မှ ကင်းဝေးခဲ့ကြရပါတယ်။ Manifestation Engineဟာ တစ်ကမ္ဘာလုံးရဲ့ စွမ်းအင်အရင်းအမြစ်အသုံးပြုသူ 95% အတွက် အပြည့်အဝ ထောက်ပံ့ပေးထားနိုင်ပြီး စွမ်းအင်ဖြန့်ဝေပေးရာ ပင်မ Reactorကတော့ Izu Ōshimaလို့ ခေါ်တဲ့ကျွန်းပေါ်မှာ တည်ရှိပါတယ်။ Manifestation Engineကို တီထွင်ထားသူကတော့ Vividred ဇာတ်လမ်းရဲ့ အဓိက ဇာတ်ကောင်ဖြစ်တဲ့ Akane Isshikiရဲ့ အဘိုးဖြစ်သူ Kenjirou Isshikဖြစ်ပြီး Akaneဟာ သူမရဲ့ အဘိုးဖြစ်သူနှင့် ညီမဖြစ်သူ Momo Isshikiတို့နှင့် နေထိုင်ပါတယ်။ Akaneတို့ မိသားစုဟာ Manifestation Engine တီထွင်ခြင်းကြောင့် ထောက်ပံ့ငွေ များစွာ ရရှိခဲ့သော်လည်း Kenjirouဟာ ခုနှစ်နှစ်ကျော်က Manifestation Engineမှာ ဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုမှ ဆုံးရှုံးမှုများနှင့် သေဆုံးသူများရဲ့ မိသားစုများကို ကူညီရန် အတွက် ငွေကြေးအားလုံးကို အသုံးပြုခဲ့လို့ Akane အနေနှင့် ကျောင်းတက်ရင်း အချိန်ပိုင်း အလုပ်တွေ လုပ်ကိုင်ကာ မိသားစုကို ပြန်လည် ထောက်ပံ့ နေရပါတယ်။ အဘိုးဖြစ်သူ Kenjirouဟာ Manifestation Engine အတွင်းမှ ပေါက်ကွဲမှု ဖြစ်ပွားအောင် လုပ်ဆောင်ခဲ့သူဟာ Aloneအမည်ရ အခြားကမ္ဘာမှာ သက်ရှိများဖြစ်ကြောင်း သိရှိထားတဲ့ ၎င်းတို့၏ ထပ်မံ လာရောက် တိုက်ခိုက်မှုကို ကာကွယ်ရန်အတွက် Vivid Systemနှင့် Pallet Suitများကို တီထွင်ခဲ့ပါတယ်။ ခုနှစ်နှစ်အကြာ Aloneဂြိုဟ်သားများ Manifestation Engineကို ဖျက်ဆီးရန် ပြန်လည် ရောက်ရှိလာချိန်မှာ Akaneနှင့် သူငယ်ချင်းများဟာ Vivid Systemကို အသုံးပြုပြီး စွမ်းအားရှင် အသွင် ပြောင်းလဲကာ ရန်သူ Aloneများကို တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။

Akaneနှင့် သူမရဲ့ သူငယ်ချင်း သုံးယောက်ဖြစ်တဲ့ Aoi၊ Wakabaနှင့် Himawariတို့ဟာ Vivid Systemကို အသုံးပြုပြီး Pallet Suit အမည်ရ တိုက်ပွဲဝင် ဝတ်စုံများဖြင့် ရန်သူ Aloneများကို တိုက်ခိုက်ရမှာဖြစ်ပြီး Fan Service Camera Shotsတွေ ပါဝင်တာကလွဲလို့ Strike Witches တုန်းကထက် Action Sceneများကို ပိုပြီး အသားပေးထားတာ တွေ့ရမှာပါ။ ကောင်မလေးတွေကိုလည်း Rang၊ Hammerနှင့် Sword အစရှိတဲ့ ကိုယ်ပိုင်လက်နက်တွေဖြစ်တဲ့ ပေးထားသလို အနီ၊ အပြာ၊ အစိမ်းနှင့် အဝါ ကိုယ်ပိုင် အရောင်တွေ ပေးထားလို့ Power Rangersနှင့် Magical Girls Fanတွေ သဘောကျကြမှာပါ။ Character ဒီဇိုင်းပိုင်းကတော့ အခုခေတ် Japanese Animation ပရိသတ် အများစု နှစ်သက်တဲ့ Moe' Design လေးတွေဖြစ်ပြီး ပုံမှန်အချိန်မှာ 2D Animation Styleကိုသာ အဓိထား အသုံးပြုထားပေမည့် တိုက်ပွဲခန်းတွေမှာတော့ စစ်တပ်ဘက်မှ ယာဉ်များနှင့် ရန်သူ Aloneများကို CG Animation Styleနှင့် ရေးဆွဲထားတာ တွေ့ရမှာပါ။ Aloneများရဲ့ ဒီဇိုင်းကိုလည်း တစ်မျိုးနှင့် တစ်မျိုး မထပ်အောင် ဖန်တီးထားသလို သဘောကျဖို့ အကောင်းဆုံး အချက်ကတော့ Akaneနှင့် သူ့အဖော်များဟာလည်း Docking Operationဖြင့် နှစ်ယောက်ပေါင်းကာ စွမ်းအင်အသစ်များ အသုံးပြုနိုင်ခြင်းပါပဲ။ ဇာတ်လမ်း နောက်ပိုင်းမှာတော့ Akaneတို့ဟာ Aloneတို့ရဲ့ အဓိက ဦးတည်ချက်ကို ရှာဖွေရမှာ ဖြစ်သလို Rei Kuroki အမည်ရ Alone များနှင့် ဆက်စပ်မှုရှိသူ ကောင်မလေးကိုလည်း ကယ်တင်ရမှာ ဖြစ်ပါတယ်။ Vividred Operationဟာ Animation Quality ပိုင်း၊ Soundtrackပိုင်းများ ကောင်းမွန်ပြီး ဇာတ်လမ်း အသွားအလာလည်း သွက်လက်တဲ့အတွက် Action ဇာတ်လမ်း နှစ်သက်သူများ သဘောကျမည့် စီးရီးကောင်းတစ်ခု ဖြစ်ပါတယ်။



Recommended Drive

# MITSUBISHI Lancer Sportback Ralliart 2010

Sid

Mitsubishiရဲ့ Lancer Sportback Ralliart 2010 မော်ဒယ်ဟာ လေးဘီးယက် စနစ်ဖြစ်ပြီး Double-clutch transmission စနစ်ဖြစ်တာတွေက အားသာချက် ဖြစ်ပါတယ်။ Sedanကားတွေနဲ့ ဆင်တူနေတယ်လို့ အများက ဝေဖန်ချက်တစ်ချို့ ပေးနေကြပေမယ့် ဈေးကွက်မှာတော့ အောင်မြင် နေပါတယ်။ နောက်တစ်ချက်က iPodနဲ့ USB စနစ်တွေ မသုံး စွဲနိုင်တာကြောင့် Mediaအပိုင်းမှာ အားနည်းချက်ရှိတယ်လို့ ဆိုနိုင်ပါ တယ်။ နောက်ပြီး Sport ဒီဇိုင်း တည်ဆောက်ထားတဲ့ လက်ကိုင်နဲ့ ကား အမြန်နှုန်းကို ထိန်းချုပ်ရမှု အပိုင်းတွေ သိပ်မညီလှဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ အဲဒီ ပြဿနာက အရှိန်လွန် မောင်းနှင်မှသာ ကြုံတွေ့ရမှာ ဖြစ်တာကြောင့် အိမ်စီးကားတွေ အဖြစ် အသုံးပြုမယ်ဆိုရင် ပြဿနာ မရှိပါဘူး။

အင်ဂျင်အပိုင်းမှာ ၂.၀ လီတာသုံး လေးလုံးထိုးအင်ဂျင်ဖြစ်ပြီး မြင်း ကောင်ရေ ၂၃၇ ကောင်အား ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ခရီးသည် ၅ ယောက် လိုက်ပါစီးနင်းနိုင်မှာ ဖြစ်သလို တံခါးပေါက် စုစုပေါင်း ၅ ပေါက်ပါ ရှိမှာပါ။ အလေးချိန်က ၃၆၀၀ ပေါင်ရှိမှာ ဖြစ်ပြီး အလျားက ၁၈၀.၄ လက်မ၊ မျက်နှာစာ အကျယ် ၆၉.၄ လက်မနဲ့ အမြင့် ၅၉.၇ လက်မ ရှိမှာ ဖြစ်ပါတယ်။ ၅.၈ စက္ကန့်အတွင်း အမြန်နှုန်းကို ၆၀ မိုင်အထိ မောင်းနှင် နိုင်မှာဖြစ်ပြီး အမြန်ဆုံး မောင်းနှင်နိုင်မယ့် နှုန်းက တစ်နာရီကို ၁၄၄မိုင် ဖြစ်ပါတယ်။ ဆီစားနှုန်းက ဆီတစ်ဂါလံကို မြို့တွင်း ၁၇ မိုင်နှုန်းနဲ့ မြို့ပြင် အဝေးပြေးလမ်းတွေပေါ်မှာဆိုရင် ၂၅ မိုင်အထိ မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။






## XiStera ဆိုတဲ့ iPhone 5နဲ့ တွဲဖက်ပစ္စည်းလေး




Sid

XiStera ဆိုတာ iPhone 5နဲ့ တွဲဖက် အသုံးပြုဖို့အတွက် အသစ် ထပ်မံ ထုတ်လုပ် လိုက်တဲ့ တွဲဖက်ပစ္စည်းလေးတစ်ခု ဖြစ်ပါ တယ်။ သူ့ရဲ့ လုပ်ဆောင်ပေးနိုင်မယ့် စွမ်း ဆောင်ရည်တွေက ရှစ်မျိုးတောင် ရှိမှာဖြစ် လို့ အရွယ်နဲ့ မလိုက်အောင် တောင်မှ စွမ်းဆောင်နိုင်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ပုံမှန် အမျိုးအစားတွေနဲ့ မတူတာက အကြမ်း သုံး အဖြစ်နဲ့ရော၊ Smartphone Acce-ssoryအဖြစ်နဲ့ပါ သုံးစွဲနိုင်အောင် တီထွင် ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ အဲဒီ စွမ်း ဆောင်ရည်တွေကတော့ သယ်ယူရ လွယ် ကူမယ့် Lens Adapter (အကူ မှန်ဘီလူး), Stand (ဖုန်း အထိုင်)၊ Tripod Mount (သုံးထောင့်ခွ)၊ Head Phone Wrap (နားကြပ် အထိန်း)၊ Stylus (အလှကိုင် ပစ္စည်း)၊ Bottle Opener (ပုလင်းဖောက်တံ)၊ Key Chain (သော့ချိတ်)နဲ့ Optical LED Lighting (မီးအလင်းစနစ်)တို့ ဖြစ်ပါတယ်။ ဈေးနှုန်းက ဒေါ်လာ ၂၀ ဖြစ်ပြီးတော့ စွမ်းဆောင်ရည် အကောင်းဆုံး ပေးနိုင်မယ့် ဆက်စပ် ပစ္စည်းလေးတစ်ခု ဖြစ်ပါတယ်။

Ref: www.kickstater.com



အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

Game Preview




ရထား

ဂိမ်းကတော့ Actionပါ၊ ဒါပေမယ့် ရသအစုံ ပါဝင်ပါတယ်။ ၂၀၁၆ ခုနှစ်က စထွက်ခဲ့တာ အခုဆို Saints Row IV ဖြစ်ခဲ့ပါပြီ။ ထွက်လာတိုင်း ဇာတ်လမ်းတွေက ကွဲပြားလာတာဆိုတော့ ဒီတစ်ခေါက်လည်း ဘာတွေပါလာဦးမလဲပေါ့။ ဒီဂိမ်းက နည်းနည်း ထူးဆန်းတယ်ဆိုတာ ပြောပြချင်တယ်။ ဘယ်လို ထူးတာလဲဆိုရင် GTAဂိမ်းကို သိကြမှာပါ။ သူ့လောက် ဂိမ်းကစားရတာ လွတ်လပ်တဲ့ဂိမ်း မရှိသေးသလောက်ပါပဲ။ Open World ဂိမ်းတွေထဲမှာ GTAက ကစားရတာ တော်တော်လွတ်လပ်ပါတယ်။ သွားချင်တဲ့ နေရာကို သွားပြီး လုပ်ချင်တာကို လုပ်လို့ရပါတယ်။ သို့သော် GTAက ဆော့သာ ဆော့နေရတာ ဂိမ်းရဲ့ ဦးတည်ချက် မရှိပါဘူး။ Saints Rowက ဆော့ရတာ လွတ်လပ်ပါတယ်၊ လုပ်ချင်တာလည်း လုပ်လို့ရတဲ့အပြင် (ဂိမ်းထဲမှာ ပြောတာပါ) လူသားနေတဲ့ ကမ္ဘာကို နယ်မြေလုကြတဲ့ ဂြိုလ်သားတွေကို နှိမ်နင်းရတဲ့ Themeလေးပါနေတော့ ဦးတည်ချက်လေး တစ်ခု ရှိတဲ့အတွက် ကစားရတာ မိုက်ပါတယ်။ GTAက မကောင်းဘူးလို့ ပြောတာမဟုတ်ပါဘူး။ GTAထက် ကစားရတာ လွတ်လပ်ပြီး ဦးတည်ချက်ရှိတဲ့ Action၊ Open-World၊ စွန့်စားမှု စတဲ့ ရသတွေပေးတဲ့ ဂိမ်းတစ်ခုဖြစ်နေလို့ ညွှန်းနေမိတာပါ။

ဖန်တီးမှု အသစ်တွေနဲ့ ဂိမ်းအသွင်အပြင်၊ အမြင်ဆန်းဆန်းတွေ မြင်တွေ့ရမယ့် မကြာမီ ဂိမ်းမာတွေ လက်ထဲထည့်ပေးတော့မယ့် Saints Row IVကို ၂၀.၈.၂၀၁၃ခုနှစ်မှာ ကစားနိုင်ဖို့အတွက် တာဝန်နှစ်ခုကို Deep Silverက ယူထားပါတယ်။ Developer၊ Publisher အဖြစ်နဲ့ပါ Deep Silverက တာဝန်ယူ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဂိမ်းမာတွေအတွက် အတော်လေး ပြင်ဆင်ထားတဲ့ Saints Row IVက အထူးအဆန်းတွေ ပါလာမှာ သေချာပါတယ်။ အရင်လို လူသားအချင်းချင်း တိုက်ခိုက်တာ မဟုတ်တော့ဘဲ ဂြိုလ်သားတွေနဲ့ တိုက်ခိုက်ရတာရယ်၊ လက်နက်အသစ်တွေရဲ့ အထင်ကရရှိတဲ့ နေရာတွေမှာ ဂိမ်းကို ဇာတ်အိမ်တည်တာတွေက မတူတော့တာ သေချာပါတယ်။ ပိုပြီးလန်းတာက သိပ္ပံဇာတ်လမ်းတွေမှာ ပါတဲ့ ဂတ်စုံခပ်ဆန်းဆန်းတွေ၊ တစ်ချက်ပစ်တာနဲ့ တစ်ကိုယ်လုံး အရည်ပျော်သွားတဲ့ Dubstep Gunတွေရယ်၊ အမိုက်စား ဆိုင်ကယ်ကြီးတွေ ပါလာတာကြောင့် ကစားရတာ ဘယ်လိုလဲ ဆိုတာ ထွက်လာတဲ့နေ့မှပဲ ဆုံးဖြတ်ကြည့်ကြပါလို့ ပြောချင်ပါတယ်။ ဂိမ်းရဲ့ဇာတ်လမ်းက ကမ္ဘာပေါ်ကို ဂြိုလ်သားတွေ ရောက်လာတယ်၊ ဖျက်ဆီးကြတယ် လူတွေကို သတ်ကြတယ်။ ဒါတွေကို ကာကွယ်ဖို့အတွက် ကမ္ဘာမြေပေါ်မှာ Saintsတွေ ရှိကြတယ်။ အဲဒီမှာ Saintsတွေက ဂြိုလ်သားတွေကို ပြန်လည် တိုက်ခိုက်ကြတယ်။ ဒီလိုလေးပါ။ ဒါပေမဲ့ Saintsတွေက စွမ်းအားရှိတဲ့ လူတွေပါ။ ဒါမှလည်း ဂြိုလ်သားတွေကို ပြန်တိုက်နိုင်မှာပေါ့။ ဂိမ်းက Open-World ဖြစ်နေတာကြောင့် မြေပေါ်မှာတင် မဟုတ်ဘဲ လေပေါ်မှာပါ ပျံသန်းနိုင်ပါတယ်။ လက်နက်အသစ်တွေ တွေ့ရမယ်၊ ရန်သူအသစ်တွေ တွေ့ရမယ်။ ဇာတ်လမ်းက အသစ်ဖြစ်သွားတယ်စတဲ့ အသစ်အဆန်းတွေကြားမှာ ဆော့နိုင်ဖို့အတွက် ရသစုံနေတဲ့ Saints Row IVကို Previewလေး သိနိုင်ဖို့အတွက် တင်ဆက်ပေးလိုက်ရပါတယ်။



# ဒီတစ်ပတ်တော့ ဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ကား (၁၀)ကားကို ဖော်ပြပေးလိုက်ပါတယ်

မင်းခန့်

### 1. Iron Man 3




ဖြန့်ချိသည့် ကုမ္ပဏီ
Buena Vista

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၂၀.၇၅ သန်း

### 2. The Great Gatsby




ဖြန့်ချိသည့် ကုမ္ပဏီ
Warner Bros.,

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၁၃.၀၁ သန်း

### 3. Tyler Perry Presents Peeples



ဖြန့်ချိသည့် ကုမ္ပဏီ
Lionsgate

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၁.၆၈ သန်း

### 4. Pain and Gain



ဖြန့်ချိသည့် ကုမ္ပဏီ
Paramount

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၁.၅၃ သန်း

### 5. 42




ဖြန့်ချိသည့် ကုမ္ပဏီ
Warner Bros.,

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၁.၅၀ သန်း

### 6. The Croods




ဖြန့်ချိသည့် ကုမ္ပဏီ
Fox

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၁. သန်း

### 7. Oblivion



ဖြန့်ချိသည့် ကုမ္ပဏီ
Universal

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၁.၂၈ သန်း

### 8. The Big Weeding



ဖြန့်ချိသည့် ကုမ္ပဏီ
Lionsgate

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၀.၉၅ သန်း

### 9. Mud




ဖြန့်ချိသည့် ကုမ္ပဏီ
Roadside Attraction

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၀.၈၂ သန်း

### 10. Oz The Great and Powerful



ဖြန့်ချိသည့် ကုမ္ပဏီ
Buena Vista

တစ်ပတ်အတွင်းစုစုပေါင်း ဝင်ငွေ
၀.၂၈ သန်း

## NEW PC GAMES FOR THIS WEEK

### Poker Night 2




Genre - Simulation

နာမည်ကျော် The Walking Dead Video Gameရဲ့ Developer ဖြစ်တဲ့ Telltales Gamesက ရေးသားထားတဲ့ အသစ် ထွက်ရှိထားသော Poker Simulation ဂိမ်းသစ်ဖြစ်ပါတယ်။ Borderlands 2၊ Portal 2နှင့် Evil Dead အစရှိတဲ့ စီးရီးများက ဇာတ်ကောင် များနှင့် အတူတူ ကစားနိုင်မှာပါ။ Story Modeလည်း ပါဝင်ပါတယ်။

### Zeno Clash II




Genre - First Person Action

Zeno Clash 2 ဂိမ်းသစ်ဟာ First Person Viewpointက မြင်ရတဲ့ ဂိမ်းအများစုလို Shooter ဂိမ်းမဟုတ်ဘဲ First Person Action ဂိမ်းအမျိုး အစားဖြစ်ပြီး ရန်သူတွေကို အနီးကပ် တိုက်ခိုက်ရမှာပါ။ ကစားသူဟာ Zenozoik အမည်ရ စိတ္တဇဆန်တဲ့ ထူးခြား ဆန်းကြယ်သော ကမ္ဘာမှာ ဝင်ရောက် ကစားရမှာဖြစ်ပြီး RPG Gameplayများ ထည့်သွင်းထားလို့ မိမိဇာတ်ကောင်ရဲ့ အနီးကပ် Melee တိုက်ကွက်များကို စိတ်ကြိုက် Customize လုပ်နိုင်ပါတယ်။

### Unreal Tournament 3 - Black Edition




Genre - First Person Shooter

Unreal Tournament 3 ဂိမ်း၏ 2013 Black Edition ဖြစ်ပြီး Multiplayer Modeနှင့် LAN Mode အပြင် Single Player Campaign အသစ်ဖြစ်သော Necris Invasion Campaignလည်း ပါဝင် ပါတယ်။ Greedနှင့် Betrayal အမည်ရ LANနှင့် Multiplayerအတွက် Game Mode အသစ်နှစ်မျိုး ပါဝင်လာပြီး Black Editionအတွက် သီးသန့် ထည့်သွင်းထားသော မြေပုံနှင့် လက်နက် အသစ်များကိုလည်း ရွေးချယ်ကစားနိုင်မှာပါ။

### Sakura Wars - So long, My Love




Genre - Strategy RPG

Strategy ဂိမ်းစီးရီးဖြစ်တဲ့ Sakura Wars Seriesရဲ့ နောက်ဆုံး ထွက်ဂိမ်း ဖြစ်ပါတယ်။ ကစားသူဟာ စက်ရုပ်များကြားမှ တိုက်ပွဲအတွင်းမှ Unitများအဖြစ် ဝင်ရောက် ကစားရမှာဖြစ်ပြီး Visual Novel ဂိမ်းပုံစံ Gameplayများနှင့် Turn-based Strategy တိုက်ပွဲများမှာ ဝင်ရောက် ကစားနိုင်မှာပါ။ မိမိ Unitများကို Armor၊ Weaponနှင့် Equipment ပေါင်းစုံ ပြင်ဆင်နိုင်ပါတယ်။

နေအောင်လတ် တင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘ၀ မြှင့်တင်ရေး


Image Credit: www.straitstimescom

TZO

(၁၂.၅.၂၀၁၃)ရက်နေ့ နံနက် ၈နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖိုးလမ်းရှိ အမျိုးသား ကဇာတ်ရုံ၌ ကျင်းပသည့် မန္တလေးတိုင်း ဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘ၀ မြှင့်တင်ရေး အခမ်းအနားတွင် နိုင်ငံတော် သမ္မတ ဦးသိန်းစိန် တက်ရောက် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတော် သမ္မတက တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက် ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ၂၆ရာခိုင်နှုန်းမှ ၁၆ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ အသေးစား ပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေး၊ သမ၀ါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုး တိုးတက်ရေးနှင့် သဘာ၀ပတ်၀န်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အသေးစား ငွေကြေးလုပ်ငန်းသည် ကျေးလက်နေ ပြည်သူများနှင့် မြို့ပြနေ အခြေခံ ပြည်သူများ လူမှုစီးပွားဘ၀မြှင့်တင်ရန် အဓိကကျသည့် အခြေခံ လုပ်ငန်း ဖြစ်ကြောင်း၊ ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစီးပွားရေး လုပ်ငန်းများမှာ အရင်းအနှီး မလုံလောက်သည့်အတွက် အတိုးနှုန်းကြီးစွာဖြင့် ပြင်ပမှ ချေးငွေရယူဆောင်ရွက်ရန် ထိုက်သင့်သည့် အကျိုးအမြတ်မရဘဲ မတည်ရင်းနှီးငွေ အခက်အခဲထဲတွင် သံသရာလည်လျက်ရှိကြောင်း၊ ယင်း အခက်အခဲကို သက်သာစေရန် နိုင်ငံတော် အစိုးရကိုယ်စား သမ၀ါယမ ၀န်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ သမ၀ါယမ ၀န်ကြီးဌာန ပြည်ထောင်စု၀န်ကြီး ဦးကျော်ဆန်းကလည်း အသေးစား ငွေကြေးလုပ်ငန်းသည် ပြည်သူများ လတ်တလော သက်သာချောင်ချိစေရန်အတွက်သာမက နောင်အနာဂတ် ပြည်သူများ၊ မိမိကိုယ်တိုင် ရပ်တည်နိုင်အောင် မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ ရရှိသည့် ချေးငွေများကို မိမိတို့ လုပ်ငန်းတွင် မှန်မှန်ကန်ကန် အသုံးပြုရန် လိုအပ်ကြောင်း၊ သတ်မှတ်ကာလရောက်သည့်အခါ ချေးငွေကို မှန်မှန်ကန်ကန်ပြန်ဆပ်ရန် အရေးကြီးကြောင်း၊ တစ်ဦးချင်း တာ၀န်ယူမှု၊ အဖွဲ့စနစ်ဖြင့် တာ၀န်ယူမှု၊ သမ၀ါယမ အသင်းများက တာ၀န်ယူမှုတို့ဖြင့် ပေါင်းစပ် ဆောင်ရွက်ရန် လိုကြောင်း ပြောကြားပါသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ၀န်ကြီးချုပ်က ရှင်းလင်းပြောကြားပြီး ခရိုင်အလိုက် ပထမအကြိမ် တာ၀န်ကျေ ပြန်လည်ပေးဆပ်ပြီး ဒုတိယအကြိမ် ထပ်မံထုတ်ချေးသည့်အသင်း ၄၈၃သင်းအတွက် ပုံပိုးချေးငွေ ကျပ် ၁၃၀၂၄ ဒသမ ၂၅သိန်းနှင့် အသင်းသစ် ၁၂၃၇သင်းအတွက် ပံ့ပိုးချေးငွေ ၄၂၅၈၀ ဒသမ ၅၀သိန်း၊ စုစုပေါင်း ၅၅၆၀၄ ဒသမ ၇၅သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရပါသည်။

ထို့နောက် နိုင်ငံတော် သမ္မတ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌနှင့် ပြည်ထောင်စု၀န်ကြီးများသည် အမျိုးသား ကဇာတ်ရုံ ၀င်းအတွင်း ပြသထားသော လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၊ ခေတ်မီလယ်ထွန်စက်များ၊ စပါးအစေ့ချ စိုက်ပျိုးရေး ကရိယာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံတွင် Starbucks Coffee Store ၂နှစ်အတွင်း ဖွင့်မည်


Image Credit: www.calgraylivingfreeblog.wordpess.com

TZO

အမေရိကန် အခြေစိုက် STARBUCKS ကော်ဖီကုမ္ပဏီကြီးသည် ၂နှစ်အတွင်း မြန်မာနိုင်ငံတွင် ကော်ဖီစတိုး ဖွင့်သွားမည် ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် Howard Schultzက ပြောကြားကြောင်း၊ AP သတင်းတစ်ရပ်တွင် ဖော်ပြထားသည်ဟု သိရသည်။ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲမှု ရလဒ်အဖြစ် အမေရိကန် ပြည်ထောင်စုနှင့် ဥရောပ သမဂ္ဂတို့၏ ပိတ်ဆို့မှုများ ရုတ်သိမ်းသွားသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ၏ စိတ်ဝင်စားမှု ခံနေရသော မြန်မာနိုင်ငံတွင် ကော်ဖီစတိုး ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံရှိ STARBUCKS ကော်ဖီစတိုး ဖွင့်လှစ်သည့် (၁၅)နှစ် မြောက်နေ့တွင် Howard Schultzက ပြောကြားခြင်း ဖြစ်သည်။

STARBUCKSကဲ့သို့ကုမ္ပဏီကြီးများ၀င်လာခြင်းသည်မြန်မာနိုင်ငံအတွက် နိုင်ငံတကာ မျက်နှာစာတွင် တန်းတူ ဆက်ဆံခံရသည့်အတွက် ကောင်းမွန်ပြီး တစ်ဦးနှင့်တစ်ဦး အကြိုက်မတူနိုင်သည့် အတွက်ကြောင့်လည်း ပြည်တွင်းရှိ ကော်ဖီနှင့် ကော်ဖီဆိုင်များ မထိခိုက်နိုင်ပါကြောင်း UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်ဟု သိရသည်။ STARBUCKS သည် နိုင်ငံပေါင်း ၆၀ကျော်တွင် ကော်ဖီစတိုးဆိုင်ပေါင်း၊ ၁၈,၀၀၀ ကျော်ရှိပြီး၊ ၁၉၇၁ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုရှိ ဆီးတဲလ်တွင် ပထမဦးဆုံးသော ကော်ဖီစတိုး စဖွင့်ခဲ့ပြီး စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့တွင်လည်း ကော်ဖီစတိုးများ ဖွင့်လှစ်ထားကြောင်း သိရသည်။

# MICနှင့် အောက်စဖို့ဒ် စီးပွားရေး လုပ်ငန်းစု (OBG)တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ ထုတ်ဝေမည်

TZO

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)နှင့် Oxford Business Group (OBG)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် နိုင်ငံရေး အခြေအနေများ သုံးသပ်ချက် အစီရင်ခံစာကို ပထမဆုံး အကြိမ်အဖြစ် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ထုတ်ဝေဖြန့်ချိသွားမည် ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ၂၀၁၃ခုနှစ် မြန်မာနိုင်ငံ၏ ခြုံငုံစီးပွားရေးစနစ်၊ အခြေခံ အဆောက်အအုံ၊ ဘဏ်စနစ်နှင့် အခြားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးမှု အခြေအနေများကို သုံးသပ်၍ "အစီရင်ခံစာ-မြန်မာ ၂၀၁၄"အဖြစ် ယခုနှစ် ကုန်ပိုင်းတွင် ထုတ်ဝေသွားမည် ဖြစ်ကြောင်း သိရသည်။

OBG အနေဖြင့် အစီရင်ခံစာ ထုတ်ဝေရန် စိတ်ပါ၀င်စားခဲ့ခြင်းမှာ စိုက်ပျိုးရေးသတင်း အချက်အလက်နှင့် နည်းပညာ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ယာမြေ၊ ခရီးသွားလုပ်ငန်းနှင့် ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံချင်သူများသောကြောင့် ဖြစ်ကြောင်း OBGမှ ဒေသတွင်း မန်နေဂျာ Ms. Stephanie Harlက ပြောပါသည်။

MICမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးက "ပြည်တွင်းနဲ့ နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူတွေအကြောင်း ထုတ်ဝေတဲ့ စာအုပ်ကို မျှော်လင့်နေတာ ကြာပါပြီ၊ အခုမှ ကမ္ဘာ့ကျော် ပုံနှိပ်ထုတ်ဝေမှု ကုမ္ပဏီကြီးက ပထမဆုံး အစီရင်ခံစာကို ထုတ်ဝေနိုင်မှာပါ"ဟု ပြောပါသည်။

၂၀၁၃ခုနှစ်၏ မြန်မာနိုင်ငံ အခြေအနေများကို သုံးသပ်ရန် ယခုနှစ်၊ ဖေဖော်၀ါရီလမှ စတင်လုပ်ဆောင်နေပြီး၊ စက်တင်ဘာလတွင် အပြီးသတ်ကာ နှစ်မကုန်မီ ထုတ်လုပ်မည် ဖြစ်ကြောင်း၊ ထိုအစီရင်ခံစာကို ခြောက်လ (သို့မဟုတ်) ရှစ်လကြာ ပြုစု၍ ထုတ်ဝေမည် ဖြစ်ကြောင်း သိရသည်။ ထိုအစီရင်ခံစာ ထုတ်ဝေပြီးပါက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေများကို သုံးသပ်၍ အလွယ်တကူ ၀င်ရောက်နိုင်မည်ဟု ဆိုသည်။ ယင်းအစီရင်ခံစာကြောင့် တိုင်းရင်းသား လုပ်ငန်းရှင်နှင့် နိုင်ငံတကာ လုပ်ငန်းရှင်များအကြား ဆက်ဆံရေး အဆင်ပြေလာနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် သတင်းအချက်အလက်များလည်း ပေးနိုင်မည် ဖြစ်သည်။ အစီရင်ခံစာ ရေးသားနိုင်ရန် OBGနှင့် MICတို့အကြားလည်းမှု စာချွန်လွှာ ရေးထိုးထားသည့်အတွက် ကော်မရှင်၏ ကျွမ်းကျင်မှု အကူအညီနှင့် သုတေသန အရင်းအမြစ်များကိုလည်း အသုံးပြုခွင့်ရမည် ဖြစ်ကြောင်း သိရသည်။

အောက်စဖို့ဒ် စီးပွားရေး လုပ်ငန်းစု (OBG)သည် အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် လက်တင် အမေရိက ဈေးကွက်များ၏ စီးပွားရေး သတင်း အချက်အလက်များကို ပုံနှိပ်ထုတ်ဝေသော ကမ္ဘာလုံးဆိုင်ရာ ပုံနှိပ် ထုတ်ဝေရေး၊ သုတေသနနှင့် အတိုင်ပင်ခံ စီးပွားရေး လုပ်ငန်းတစ်ခု ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြားတွင်ရှိပြီး မဟာဗျူဟာ မြောက်နေရာဖြစ်သည့် မြန်မာနိုင်ငံသည် သဘာ၀ သယံဇာတနှင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် နိုင်ငံတကာထက် သာလွန်သော အနေအထား၌ ရှိသော်လည်း အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှု၊ လူသားအရင်း အမြစ်နှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးမှု ရှိစေရန် ဆောင်ရွက်မှသာ နိုင်ငံတကာမှ ယုံကြည်မှုများလည်း တိုးလာနိုင်မည်ဖြစ်ကြောင်း Ms. Stephanie Harlက ပြောကြားသည်ဟု သိရသည်။

# သီရိလင်္ကာမှ မော်တော်ယာဉ် အရောင်းပြခန်း လာဖွင့်မည်

TZO

သီရိလင်္ကာနိုင်ငံမှ မော်တော်ယာဉ် အရောင်းကုမ္ပဏီ ၁၉ခု ပူးပေါင်း၍ မြန်မာနိုင်ငံတွင် Siam International အမည်ဖြင့် မော်တော်ယာဉ် အရောင်းပြခန်း ဖွင့်လှစ်ရန် စီစဉ်နေကြောင်း The Sunday Times သတင်းစာတွင် ဖော်ပြထားချက်အရ သိရသည်။ သီရိလင်္ကာ မော်တော်ယာဉ် တင်သွင်းရောင်းချသူများ အသင်းဥက္ကဋ္ဌ Indika Sampath Merenchigeက ရန်ကုန်တွင် မော်တော်ယာဉ် အရောင်းပြခန်း ဖွင့်လှစ်ကာ ဂျပန်နိုင်ငံမှ မော်တော်ယာဉ် အစီးရေ ၂၀၀ခန့် ပြသရောင်းချသွားမည် ဖြစ်ကြောင်း ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။ အထက်ပါ အသင်းမှ အကြီးအကဲများ မြန်မာနိုင်ငံသို့ လာရောက် လေ့လာခဲ့ပြီး ဌာနဆိုင်ရာများနှင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေသောကြောင့် ယခုကဲ့သို့ အရောင်းပြခန်း ဖွင့်လှစ်နိုင်ခြင်း ဖြစ်ကြောင်း၊ ပထမဆုံး အနေဖြင့် ရူပီသန်း ၃၀၀ခန့် ရင်းနှီးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြောကြားထားသော်လည်း ပြည်ပကုမ္ပဏီများကို ပြည်တွင်း၌ အရောင်းပြခန်း ဖွင့်လှစ်ခွင့် မပြုထားကြောင်း၊ ဖွင့်လှစ်ခွင့် ပြုမည်ဆိုပါက ရေရှည်တွင် ပြည်တွင်း လုပ်ငန်းရှင်များ အနေဖြင့် သီရိလင်္ကာ ကုမ္ပဏီများကို ယှဉ်ပြိုင်နိုင်စွမ်း ရှိမည်မဟုတ်ကြောင်း၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် ရုရှားတို့သည် ကားဟောင်းရောင်းသည့် နေရာတွင် ဂျပန်ထက်သာကြောင်း၊ ၎င်းတို့က ဂျပန်တွင် ရုံးများ ဖွင့်ထားသည့်အပြင် အဖွဲ့လည်း တောင့်ပြီး အတွေ့အကြုံလည်း များကြောင်း၊ ပြည်တွင်း မော်တော်ယာဉ် အရောင်းပြခန်း လုပ်ငန်းရှင် တစ်ဦးက ပြောပါသည်။

လောလောဆယ်တွင် ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ကားများကို ပြည်တွင်း၌ အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချလျက် ရှိသည့်အပြင် ကိုရီးယားမှ KIA၊ ဂျာမနီမှ BMW၊ အီတလီမှ Iveco၊ အမေရိကန်မှ Fordနှင့် ဂျာမနီမှ Mercedes Benzတို့ကလည်း ပြည်တွင်း၌ အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



Image Credit: www.halaiscience

# တစ်ဒေါ်လာ တစ်ရာကျပ်

လူမောင် (ဓါးသမိုင်း)



တစ်ဒေါ်လာ တစ်ရာကျပ်ဆိုတော့ ထူးဆန်း လှချည်လားဟ၊ ဘယ်တုန်းက တစ်ဒေါ်လာ တစ်ရာဖြစ်သွားတာလဲလို့ ထင်နေကြပါလိမ့်မယ်။ ဒါမှမဟုတ် လူမောင်တို့တော့ လုပ်ချလိုက်ပြန်ပြီ ကယောင်ကတမ်းနဲ့ အိပ် ချင်မူးတူး ပေါက်တတ်ကရ တွေရေးထား ပြန်ပြီလို့ မတွေးလိုက်ပါနဲ့ဦး။ လူမောင်ရဲ့ ဆောင်းပါးလေးလည်း ပြီးအောင်ဖတ်ပေးပါ ဦးဗျာ။ ရည်ရွယ်ချက်က ဒီလိုပါ၊ အရင် တုန်းက လူမောင်ကိုယ်တိုင် အသိအမှတ် လွဲခဲ့တဲ့ အယူအဆလေးတစ်ခုကို နောက် တက်လူငယ်တွေ နားလည်အောင် ရှင်းပြချင်လို့ပါ။ ဗဟုသုတ သဘောပေါ့၊ ဘာအကြောင်းလဲဆိုတော့ ငွေကြေးဖောင်းပွမှု ဆိုတဲ့အကြောင်းပါ။

ငယ်ငယ်တုန်းက လူမောင်ကိုယ်တိုင် ငွေကြေးဖောင်းပွတယ်ဆိုတဲ့ သဘောကို နားလည်တာက ငွေအရေအတွက် များပြားတာ၊ ကိုင်တွယ်ရမှု ရေတွက်ရမှု များပြားတာ ဒီလိုပဲ သိခဲ့တယ်။ အဲလို အသိများတော့ ကိုယ်တိုင်တွေးကြည့်တယ်၊ ငွေကြေး ဖောင်းပွတော့ ဘာဖြစ်လဲပေါ့၊ ငွေအရေအတွက်များတော့ ပိုတောင်အဆင်ပြေသေးတယ်၊ သူများတွေ ထက်တောင် ငွေပမာဏ ပိုပိုင်ဆိုင်သေးတယ်လို့ထင်ခဲ့တာ။ အခုမှ သိလိုက်တာက အဲဒီလို မဟုတ်ဘူး၊ ငွေကြေးဖောင်းပွတယ်ဆိုတာ ကိုယ်တွေ ကိုင်ထားတဲ့ ငွေနဲ့ သူများတွေ သုံးနေတဲ့ ငွေတွေကို ချိန်ညှိလိုက်တာ၊ အလွယ်ပြောရရင် ချိန်ခွင် ထဲထည့်ချိန်လိုက်တာ။ ကိုယ့်ပစ္စည်း(ငွေ) ဘယ်လောက်လေးသလဲ၊ သူများပစ္စည်း (ငွေ) ဘယ်လောက်လေးသလဲ ဆိုတာပေါ့။ ဒီမှာ အဖြေထွက်လာတယ်၊ အဖြေက ရိုးရိုးလေးပါ။ ဂါဝမ်းနဲ့ သံမဏိချိန်တွယ်သလိုပါပဲ၊ ကိုယ်လက်ထဲကငွေက ဂါဝမ်းလိုဖြစ်နေပြီး၊ သူများတွေ လက်ထဲက ငွေကတော့ သံမဏိလိုဖြစ်နေတာ ပြဿနာပါ။ တစ်နည်းပြောရရင် ငွေကြေးတန်ကြေး နည်းနေတာ။

ငွေကြေးဖောင်းပွမှု၊ တစ်နည်းဆိုရရင် ငွေကြေးတန်ကြေး နည်းနေလို့ကြောင့်ပဲ ဆင်းရဲချမ်းသာ ကွာဟမှုကလည်း မဆီမဆိုင်ပါလာတော့တာပေါ့။ ဘာကြောင့်လဲဆိုတာ ကျွန်တော်ရှင်းပြပါ့မယ်။ အရေအတွက် ဖောင်းပွမှုအတွက်က ပြဿနာ မဟုတ်ပါဘူး။ ဖြေရှင်းဖို့ လွယ်လွယ်လေးပါ။ မြန်မာကျပ်ငွေ တစ်ထောင်ကျပ်ကို အမေရိကန် တစ်ဒေါ်လာနဲ့ ညီမျှတယ် ဆိုကြပါစို့။ အများအမြင်မှာ အရေအတွက်ကတော့ ကွာနေတယ်။ တစ်ခုက ပွတယ်၊ နောက်တစ်ခုက ကျစ်တယ်၊ ဂါဝမ်းနဲ့ သံမဏိ။ ဒါပေမဲ့ အဲဒီ ချိန်ခွင်ထဲက ပြဿနာကို ဖြေရှင်းဖို့က ချိန်ခွင်ထဲကို မြန်မာကျပ်ငွေ တစ်ထောင်က တစ်ဖက်၊ အမေရိကန် တစ်ဒေါ်လာက တစ်ဖက် ထည့်ချိန်လိုက်ရင် ညီသွားပါပြီ။ ဒါမှမဟုတ် အရေအတွက်ချင်းပါ ညီချင်သေးလား၊ ရတယ်။ လက်ရှိကိုင်တွယ် အသုံးပြုနေတဲ့ မြန်မာကျပ်ငွေ တစ်ထောင်ကို အသစ်ထုတ်လိုက်တဲ့ ကျပ်ငွေတစ်ရာနဲ့ ဘယ်နေ့ဘယ်ရက်နောက်ဆုံးထားပြီး အစိုးရဘဏ်များတွင် လဲလှယ်ပါလို့ ကြေညာချက်ထုတ်၊ လဲပေးလိုက် အရေအတွက်ပါ နည်းသွားလိမ့်မယ်။ ဒီတော့ ချိန်တွယ်မှုအပိုင်းမှာရော အရေအတွက်အပိုင်းမှာပါ ပြဿနာ ဖြေရှင်းဖို့က လွယ်လွယ်လေး မဟုတ်လား။

ကျန်နေတာ နောက်တစ်ခုကတော့ ငွေကြေး အရည်အသွေးအပိုင်းဖြစ်ပါတယ်။ တနည်းပြောရရင် ငွေကြေးတန်ဖိုးအပိုင်းပါ။ နိုင်ငံတစ်နိုင်ငံ၊ ငွေကြေးတစ်မျိုးရဲ့ ဂုဏ်ဒြပ်ဟာ သူနဲ့ပဲ တိုင်းတာပြီး တန်ဖိုးဖြတ်ကြရပါတယ်။ ငွေကြေးတန်ကြေးရှိမှလည်း သူနဲ့ဆက်စပ်တဲ့ လုပ်ခလစာတွေ၊ နိုင်ငံရဲ့ ထွက်ကုန်ပစ္စည်းတန်ဖိုးတွေ၊ အခြား ဆက်စပ်ပစ္စည်းတန်ဖိုးတွေ တိုးတက်လာမှာပါ။ အမေရိကန်နိုင်ငံက အလုပ်သမားတွေ လစာကောင်းကောင်း ရနေကြတာ အမေရိကန်ဒေါ်လာတန်ကြေးရှိလို့ဆိုတဲ့ အချက်က အဓိကနေရာက ပါဝင်နေတာက သက်သေတစ်ခု မဟုတ်လားဗျာ။ ဒီနေရာမှာ လူမောင်ပြောမှာကလုပ်ခလစာအကြောင်းလေးပဲဆိုတော့ ကျန်တာတွေ ဘေးကပ်ထားပြီး ကွက်ကြားမိုးလေးပဲ ရွာလိုက်မယ်ဗျာ။

ကျွန်တော်တို့တွေ လုပ်ခလစာ အကြောင်းကို ဆက်ပြောကြရအောင်ဗျာ။ တစ်ဒေါ်လာနဲ့ တစ်ထောင်ကျပ်နဲ့ ညီမျှတယ်ဆိုရင် လုပ်ခမှာလည်း သူများ တစ်ဒေါ်လာရရင် ကိုယ်တွေက တစ်ထောင်ကျပ်ရဖို့ လိုအပ်နေပါတယ်။ ပြဿနာရဲ့ အဓိကသော့ချက်က အဲဒီအချက်လို့ ထင်ပါတယ်။ ဘာလဲဆိုတော့ သူများ တစ်ဒေါ်လာရရင် ကိုယ်တွေရော တစ်ထောင်ကျပ်ရရဲ့လား ဆိုတာပါပဲ။ အမေရိကန်နိုင်ငံမှာ အခုလက်ရှိအသုံးပြုနေတဲ့ အလုပ်သမားဆိုင်ရာ လုပ်ခလစာ ဥပဒေအရ အမေရိကန်လုပ်သားတစ်ယောက်ဟာ တစ်ရက်ကို ပုံမှန်အလုပ်ချိန် ၈ နာရီပဲ လုပ်ကိုင်ခွင့်ရှိသလို အဲဒီအချိန်ထက် ကျော်လွန်သွားရင် အချိန်ပိုကြေးခံစားခွင့် ရရှိမှာပါ။ လူမောင်ရေးတဲ့ ဆောင်းပါးက အချိန်ပိုအလုပ်ချိန်လစာလောက်အထိ မရည်ရွယ်ထားတော့ OT အကြောင်း ထည့်မပြောတော့ပါဘူး။

ပုံမှန်အလုပ်ချိန်တစ်နာရီအတွက် အမေရိကန်မှာ သတ်မှတ်ထားတဲ့ အနိမ့်ဆုံးလစာ နှုန်းထားက ၇.၂၅ဒေါ်လာ ကနေ အမြင့်ဆုံး ၉.၁၉ ဒေါ်လာ(အလုပ်ခွင်ရဲ့တည်နေရာ၊ အခြေအနေအပေါ် မူတည်၍ ပြောင်းလဲသည်) ဖြစ်ပါတယ်။ ဒီတော့ တစ်ရက်ကို (အလုပ်ချိန် ၈ နာရီပြီးတိုင်း) ပျမ်းမျှ ၅၈ ဒေါ်လာလောက် သူတို့တွေ ရရှိနေကြပါတယ်။ ဒီတော့ တစ်ရက်ကို ဒီလောက်ရရင် တစ်လအတွက် ဝင်ငွေပမာဏကို ကြည့်မယ်ဆိုတော့ ပျမ်းမျှ၁,၅၅၀ ဒေါ်လာပေါ့ဗျာ။

အထက်မှာ ပြောခဲ့သလို သူတို့က သံမဏိတွေ မဟုတ်လား။ ကျွန်တော်တို့က ဂါဝမ်းတွေဆိုတော့ အလေးချိန်ခြင်း ဆတူသွားအောင်လုပ်ဖို့ လိုနေပါသေးတယ်။ ဒီတော့ ကျွန်တော် ဥပမာပေးထားသလို တစ်ဒေါ်လာကို တစ်ထောင်ကျပ်နှုန်းနဲ့ သူတို့ရတဲ့ လစာကို တစ်ထောင်နဲ့ မြှောက်လိုက်ရအောင်ဗျာ။ ဒီတော့ ကျွန်တော်တို့ တစ်လကို ပျမ်းမျှ ၁,၅၀၀,၀၀၀ (ဆယ့်ငါးသိန်း) ကျပ်လောက်တော့ ရသင့်ပြီပေါ့ မဟုတ်လား၊ ဒါမှလည်း သူတို့နဲ့ တန်းတူဖြစ်မှာပေါ့၊ သံမဏိနဲ့ ဂါဝမ်းတွေ ဖြစ်လို့ အရေအတွက်အပိုင်းမှာ ကွာဟနေပေမယ့် အရည်အချင်းအပိုင်းမှာတော့ ကွာဟမှု မရှိတော့ဘူးပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ အဲဒီလောက် မရပါဘူး။ အဲဒီ တစ်ဝက်လည်း မရပါဘူး။ ဒါတော့ အားလုံးအသိပါ၊ ဘယ်သူမှလည်း မငြင်းနိုင်ပါဘူး။ အဲလောက်ရရင်တော့ လူမောင်ကိုယ်တိုင်လည်း အလုပ်ကို ကိုယ်ပိုင်ကားနဲ့ မလာရင် တောင်မှ လူကြပ်ကြပ်မှာတွယ်စီးတဲ့ ဘတ်စ် ကားကို ကျွန်တော်ဟာ ပြုတ်မကျအောင်စီး တတ် တယ်၊ ဟာ... ဘယ်ရောက်သွားပါလိမ့်၊ ကိုလွှမ်းမိုးဆီရောက်သွားပြီ၊ ဘတ်စ်ကားနဲ့ မလာပါဘူးဗျာ၊ အနိမ့်ဆုံးတော့ တက္ကစီ လောက်နဲ့ လာမှာပေါ့ဗျာ။ အခုတော့ ကျွန်တော်ကိုယ်တိုင်လည်းပဲ ဘတ်စ်ကားပဲ စီးပြီးလာရပါတယ်။

ဒီနေရာမှာ ဆယ့်ငါးသိန်းဆိုတာကလည်း ဥပမာထားပြီး အလွယ်တွက်ထားတာ ဖြစ်ပါတယ်။ တကယ်တမ်းမှာက အမေရိကန် တစ်ဒေါ်လာကို မြန်မာကျပ်ငွေ ၉၀၀ ဝန်းကျင်ပဲ ရှိပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ သူတို့နဲ့ တန်းတူကျဖို့အတွက် တစ်လကို ၁,၄၂၀,၀၀၀ (ဆယ်လေးသိန်းကျော်) ရဖို့တော့ လိုနေပါပြီ။ ဒီလောက်ရော ရကြပါရဲ့လား။ တချို့တော့ ရကြမှာပေါ့ဗျာ(တချို့ပါ)။ ကျွန်တော်ကိုယ်တိုင်လည်း မရပါဘူး။ ဒါပေမယ့်အဲဒီလောက်ရနေတဲ့ လူတွေကလည်း ငါတော့ လစာကောင်းရဲ့ဆိုပြီး မတွေးလိုက်ပါနဲ့ဦးနော်၊ ဒီနှုန်းထားက အမေရိကန်ရဲ့ အနိမ့်ဆုံးလုပ်ခနဲ့ နှိုင်းယှဉ်တွက်ပြထားတာပါ၊ တနည်းပြောရရင် သူတို့ဆီက အလုပ်ကြမ်းသမားတွေရဲ့ လုပ်ခလစာဆိုတာကို နားလည် စေချင်ပါတယ်ဗျာ။

ဒီလို ကွာဟချက်ကြောင့်ပဲ ဆင်းရဲချမ်းသာမှုလည်း ကွာဟလာပါတယ်။ ကျွန်တော်တို့ နိုင်ငံတွင်းမှာကို ဆင်းရဲ ချမ်းသာမှု ကွာဟလာပါတယ်။ တခြားနိုင်ငံ တွေနဲ့တော့ မနှိုင်းယှဉ်ပါနဲ့ဦး။ ဘာကြောင့်လဲ ဆိုတာတော့ ကျွန်တော်ရှင်းပြဖို့ မလိုလောက်တော့ပါဘူးနော်။ အချိန်တွေ ကုန်လွန်ကျော်ဖြတ်နေတာခြင်း တူပေမယ့် လူတစ်ယောက်က ဝင်ငွေ ဆယ်သိန်းလောက်ရနေချိန်မှာ တစ်ခြား တစ်ယောက်က ဝင်ငွေ တစ်သိန်းလောက်ပဲ ရနေပါတယ်။ ဒီတော့ လစာကောင်းတဲ့သူက ဘဏ်မှာ ငွေစုနေတဲ့အချိန်၊ ရွှေငွေပစ္စည်းတွေ ဝယ်ယူစုဆောင်းနေချိန်မှာ တခြားတစ်ယောက်က ချေးထားတဲ့ ငွေအတွက် အတိုးဆပ်နေကြရပါတယ်။

ဒါတွေက ဆင်းရဲချို့တဲ့ နိုင်ငံတွေနဲ့၊ ဖွံ့ဖြိုးမှု နောက်ကျတဲ့ နိုင်ငံတွေမှာ ကြုံတွေ့နေကြရတဲ့ ဘုံပြဿနာ တစ်ခုပါ။ ဒီတော့ ကျွန်တော်အမြင်အရ ပြဿနာကို ဖြေရှင်းစရာ နည်းလမ်းနှစ်ခုရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ပထမတစ်ခုက ကျွန်တော်တို့ရဲ့ အနိမ့်ဆုံးလစာကို တခြားနိုင်ငံတွေရဲ့ အနိမ့်ဆုံးလစာနဲ့ အနီးစပ်ဆုံး ချိန်ညှိပေးဖို့ (အမေရိကန်နိုင်ငံရဲ့ အခြေခံလစာနဲ့ ညီပေးဖို့ မဆိုလိုပါ)လိုအပ်ပါလိမ့်မယ်။ ဒါမှမဟုတ် လုပ်ခလစာကိုတော့ ဒီအတိုင်းပဲထားမယ်၊ မတိုးဘူး၊ မပြောင်းဘူးဆိုရင် လက်ရှိ ငွေကြေး တန်ဖိုးကို ဒီထက်တန်ကြေးတက်အောင်လုပ်ဖို့၊ လွယ်လွယ်ပြောရရင် တစ်ဒေါ်လာကို တစ်ရာကျပ်ဖြစ်အောင် လုပ်ဖို့ပါပဲဗျာ။

UNIVERSALLY PRESENTABLE...
World-Class Websites
Intuitive Design & Printing
Unique Decoration
MEDIALANE
THE CREATIVE AGENCY
01.430.897, 01.553.918
58B Myanma Gon Yaung Housing
Than Thu Mar Road Tamwe Township 11211
Yangon Myanmar
www.medialane.com.au
ALL THE WAY FROM AUSTRALIA.

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsearch.com တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 09-400-028-92 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 09-429-496-7295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 09-732-470-96 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 09-420-718-092 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 09-429-496-7295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 09-514-2775 |

### Engineering

| | |
|---|---|
| NAME | Zin Win Htut |
| SEEKING | Site Engineer, Project Engineer, Site Supervisor & Project |
| AGE | 25 |
| Contact | 09-428-113-322 |
| NAME | Ei Khine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 09-420-026-349 |
| NAME | Yiywe Aung |
| SEEKING | Autocad Engineer |
| AGE | 22 |
| Contact | 09-735-516-02 |

### Other

| | |
|---|---|
| NAME | Mg Nyi Nyi Soe |
| SEEKING | Legal |
| AGE | 24 |
| Contact | 09-420-079-70 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 09-400-028-928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 09-429-496-7295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 09-732-218-83 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phyo Thi Ha |
| SEEKING | Software Engineer/ Developer |
| AGE | 25 |
| Contact | 09-421-017-745 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-100-5209 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 09-429-496-7295 |
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 09-506-8854 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 09-450-020-858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-432-066-36 |

### Accounting

| | |
|---|---|
| NAME | eikhine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 420026349 |
| NAME | Thet Mon Soe |
| SEEKING | Accountant |
| AGE | 26 |
| Contact | 949594853 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 09-401-531-18 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 09-421-100-204 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (suitable) |
| AGE | 23 |
| Contact | 09-429-496-7295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 09-731-483-91 |

### Logistics, Transport and Supply

| | |
|---|---|
| NAME | Phyo Si Thu Nyunt |
| SEEKING | Warehouse Supervisor |
| AGE | 28 |
| Contact | 09-731-096-21 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 09-430-514-96 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 09-472-244-40 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Isola Garden Cafe and Restaurant

| | | |
|---|---|---|
| VACANT | Service Crew | |
| | Data Entry | 4 |
| | Administrative Assistant | 2 |
| PHONE | 01-532-124 | |
| ADDRESS | 80 University Avenue Rd, Bahan T/S, Yangon, Myanmar | |

### Advanced Technologies And Solutions

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | 652288, 521125, 652320 | |
| ADDRESS | အခန်း(၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | |

### Apple Ion Co.,Ltd

| | | |
|---|---|---|
| VACANT | Manager | 1 |
| | Marketing Executive | 2 |
| | Marketing Staff | 5 |
| | Driver | 1 |
| | Web Designer | 1 |
| PHONE | 01-525935, 01-534679, 01-524379, 01-505247, 01-5058248 | |
| ADDRESS | No.62A, Bawdiyeiktha-Thanlwin Road, Bahan Township, Yangon | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive cum Admin Officier | 1 |
| PHONE | 01-154-4221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### GLASS PALACE MANUFACTURING CO., LTD.

| | | |
|---|---|---|
| VACANT | Accounting | 1 |
| PHONE | 01-400-194 | |
| ADDRESS | NO.9 SOUTH HORSE RACE COURSE RD, TAMWE TOWNSHIP, YANGON, MYANMAR | |

### Pytheas Infosys Pte Ltd

| | | |
|---|---|---|
| VACANT | PHP Developer | 5 |
| PHONE | +65 97928305 | |
| ADDRESS | Singapore Management University, Victoria St, Singapore Postal Code:178901 | |

### Profit Computer Training Centre

| | | |
|---|---|---|
| VACANT | Networking and Server | 2 |
| | Web Designer | 2 |
| | Graphic Designer | 2 |
| | Computer Basic DTP | 2 |
| PHONE | 09-420-160-229, 09-730-847-51 | |
| ADDRESS | Yangon. | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive Cum Admin Officier | 2 |
| PHONE | 01-544221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

**သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။**

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Used Macbook Pro, Macbook Air, iMac, Mac Mini Sony Vaio, Dell, HP, ASUS, Lenovo, msi, Acer, Toshiba, Sing Tech, Samsung, Intel Core i3, i5, i7, B970, B960 B940, DualCore Core 2 Duo Laptop Notebook Netbook, HUAWEI Ascend D2, P1, U9508, U8951D, U8950, U8812D, U8825D, Macbook Pro, Macbook Air, iMac, Any Laptop Any Tablet External Hard Disk |
| Quantity | 1 |
| Price | ညှိနှိုင်းရေး |
| Contact | 09-730-481-06 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop Ultrabooks Notebook Netbook Mackbook MacbookPro Macbook Air.Phone Handset Apple Samsung HTC Nokia Blackberry Sony LG SKY HUAWEI All kind of Andriod Device and Apple Device iPad iPhone iPad Samsung Tablet all kind of Tablet PSP External |
| Quantity | 1 |
| Price | ညှိနှိုင်းရေး |
| Contact | 09-517-8391 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Acer 18.5" Monitor, Acer 20" Monitor, LG 18.5" Monitor |
| Quantity | 1 |
| Price | ညှိနှိုင်းရေး |
| Contact | 01-430-013 |
| Condition | Used |
| Description | iPad Mini 32 Wifi+4G 7 Month Warranty iPad 2 32GB Wifi |
| Quantity | 1 |
| Price | 300,000 |
| Condition | Used |
| Description | 99% New Sony Xperia Ion With Original Box & Accessories (Red Color) |
| Quantity | 1 |
| Price | 230,000 |
| Contact | 09-501-6694 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | Netbook Used HTC One X, One S, Sensation XE Sansation XL, Desire VC, Samsung Galaxy S, S Plus, S2, S3, Note1, Note2 iPhone 3gs/4s/5 LG, Optimus Sony Arc S, Huawei NOKIA Series All Apple Device iPad iPod Macbook Macbook Air ASUS Lenovo Acer msi Dell HP Laptop, Latest Model i3 i5 i7 Model |
| Quantity | 1 |
| Price | ညှိနှိုင်းရေး |
| Contact | 09-51-78391 |



အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

# နည်းပညာဆိုတာကို လေးလည်း လေးစားတယ် ကြောက်လည်း ကြောက်တယ်ဆိုတဲ့ အိပ်မက်ဆုံရာမှ

## အောင်မြင့်မြတ်...



မင်းခန့်

Q: မင်္ဂလာပါ ညီလေးရေ၊ ICTဂျာနယ်ရဲ့ ပရိတ်သတ်တွေကို နှုတ်ဆက်စကားလေး ပြောပေးပါဦး။

A: မင်္ဂလာပါ အစ်ကို၊ ICTဂျာနယ်ရဲ့ ပရိတ်သတ်အားလုံးလည်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့...။

Q: ညီက အိပ်မက်ဆုံရာ Season 5မှာ Sunsilk Popular Choice Awardဆုရော၊ အကောင်းဆုံး အဆိုရှင် ဆုကိုပါ ပထမဆုံးအနေနဲ့ တစ်ယောက်တည်း ရခဲ့တာဆိုတော့ အဲဒီအပေါ် ခံစားချက်က...။

A: ပထမဆုံးအနေနဲ့ မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့တာဆိုတော့ ပျော်တော့ပျော်တာပေါ့နော်၊ ဒါပေမယ့် ကျွန်တော် အဲဒီအပေါ်ကို စိတ်ဖိစီးမှုအများကြီးတော့ မထားပါဘူး။

Q: ညီက ဂီတသမားတစ်ယောက်ဆိုတော့ ညီသဘောကျနှစ်မြို့က်တဲ့ ပြည်တွင်း၊ ပြည်ပက Vocalistတွေကိုလည်း ပြောပြပေးပါဦး။

A: ပြည်တွင်းက ကျွန်တော်ကြိုက်တဲ့ Vocalistတွေ ဆိုရင် ကိုဇော်ပိုင်နဲ့ ကိုRဇာနည်တို့ကို အကြိုက်ဆုံးပါပဲ၊ ပြည်ပက ဆိုရင်တော့ Michael Jacksonနဲ့ West Lifeအဖွဲ့တွေ အကြိုက်ဆုံးပါပဲ။

Q: ညီ အကြိုက်ဆုံး ဂီတ အမျိုးအစားက...။

A: အကြိုက်ဆုံး ဂီတ အမျိုးအစားရယ်လို့တော့ မရှိပါဘူး၊ ကျွန်တော်အထင်ပေါ့နော်..ဂီတ အမျိုးအစားတိုင်းမှာ Melodyကောင်းတဲ့ သီချင်းလေးတွေ ရှိတယ်၊ ကျွန်တော်ကတော့ သံစဉ် ကောင်းရင် ဘယ်ဂီတရယ်မှမဆို အားလုံးကို သဘောကျပါတယ်။

Q: အစ်ကို သတိထားမိတာတော့ ပြိုင်ပွဲကာလ တစ်လျှောက်လုံးမှာ ညီက ကိုငှက်ရဲ့ သီချင်း အတော်များများကို သီဆိုပြိုင်ပွဲဝင်သွားတယ်နော်၊ ဒီတော့ Classic ဆန်တဲ့ သီချင်းလေးတွေကို ပိုပြီး သဘောကျတာလား...။

A: အင်း..ဒါကလည်း ကြိုက်လို့ဆိုတာထက် ပြိုင်ပွဲနဲ့ လိုက်လို့ပေါ့နော်၊ လူတွေက ပြောလေ့ရှိတယ်၊ ဒီသီချင်းကို ဘာကြောင့်ဆိုလဲ၊ ကြိုက်လို့ဆိုတယ်ပေါ့၊ တကယ်ကျတော့ ကျွန်တော်က ကြိုက်လို့ ဆိုတာထက် ပြိုင်ပွဲနဲ့ လိုက်မယ့် သီချင်းလေးတွေပေါ့၊ အင်း..သီချင်းကောင်းတယ် ဆိုတာထက် ပြိုင်ပွဲနဲ့ လိုက်အောင် ရွေးချယ်ပြီး ပြိုင်ပွဲဝင်ခဲ့တာပါ။

Q: ကျေးဇူးပါ ညီလေးရေ၊ အစ်ကို သိချင်တာလေး နောက်တစ်ခုပေါ့နော် ဒီနေ့ခေတ်ကာလက နည်းပညာခေတ်၊ သိပ္ပံခေတ်လို့ ခေါ်ကြတယ်လေ၊ အဲဒီ နည်းပညာ အပေါ်မှာရော ညီလေးအမြင်က...။

A: ကျွန်တော်အမြင် ပြောရရင် နည်းပညာ ဆိုတာ တကယ့်ကို ကြောက်ဖို့ကောင်းတဲ့ အရာပါပဲ၊ ကိုယ် ကိုယ်တိုင်လည်း တီထွင်ဖန်တီးနိုင်တာ မရှိသေးတော့ နည်းပညာဆိုတာကို လေးစားတယ်၊ ပြီးတော့ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာတွေက ကောင်းသထက်ကောင်းလာတော့ ကြောက်လည်း ကြောက်မိတယ်။

Q: အခုလောလောဆယ် ညီလေးကိုင်ဖြစ်တဲ့ ဖုန်းက...။

A: Huawei အမျိုးအစားထဲကပါပဲ..ကိုင်ဖြစ်တာ ကြာပါပြီ..ကျွန်တော် ပြိုင်ပွဲမဝင်ခင် ကတည်းကပါပဲ...။

Q: တခြားရော Tabletတို့၊ Notebookတို့ သုံးဖြစ်လား။

A: မသုံးဖြစ်ဘူးဗျ။ ကျွန်တော် ဝါသနာ အပါဆုံးက ဂီတဆိုတော့လေ၊ သီချင်းနားထောင်တာတောင်မှ ဖုန်းနဲ့ပဲ နားထောင်ဖြစ်တယ်။

Q: ဒါနဲ့ အင်တာနက်ရော ညီလေး သုံးဖြစ်လား၊ Chatting ထိုင်တာတို့၊ Facebook သုံးတာတို့လိုပေါ့...။

A: အင်တာနက်တော့ သုံးဖြစ်တယ် အစ်ကို၊ Chattingကတော့ အရင်တုန်းကပဲ ထိုင်ဖြစ်တာ၊ မသုံးဖြစ်တာ ကြာပြီ၊ အခု နောက်ပိုင်းတော့ Facebookပဲ အသုံးများတယ် အစ်ကို။

Q: ကောင်းပါပြီ ညီလေးရေ၊ ဒီတော့ နောက်ထပ် အိပ်မက်ဆုံရာမှာ ပြိုင်ပွဲဝင်မယ့် လူငယ်ဝါသနာ ရှင်လေးတွေ အတွက် ညီလေး အကြံပြုချင်တာလေးတွေ ပြောပေးပါဦး။

A: အကြံပြုချက်ဆိုရင်တော့ ကျွန်တော် အဓိက ပြောချင်တာက ပြိုင်ပွဲဝင်တဲ့သူတိုင်း၊ အင်း.. သီချင်း ရွေးချယ်မှု အပိုင်းမှာပေါ့နော်၊ ကျွန်တော် ပြောပြီးသလိုပါပဲ၊ ပြိုင်ပွဲနဲ့ လိုက်မယ့် သီချင်းကို ရွေးချယ်ပါ၊ ပြီးမှ ကိုယ်နဲ့ လိုက်မယ့်၊ ကိုယ်နိုင်နင်းမယ့် သီချင်းကို ပြန်ပြီး ရွေးချယ်ပါ။ တကယ်လို့ ကိုယ်မနိုင်နင်းတဲ့ သီချင်းကို ရွေးချယ် ဖြစ်ခဲ့မယ်ဆိုရင် ရလဒ်ကောင်းရဖို့ မလွယ်ပါဘူးလို့...။

Q: ဒီ... အိပ်မက်ဆုံရာ အစီအစဉ်အပေါ် ညီလေးရဲ့ အမြင်ကရော..။

A: ကျွန်တော် အမြင်ဆိုရင်တော့ အိပ်မက်ဆုံရာ အစီအစဉ်ကို အရမ်းကြိုက်ပါတယ်၊ အရမ်းကောင်း တယ်လို့လည်း ထင်ပါတယ်။ ဒါကလည်း ကျွန်တော့် အစီအစဉ်မို့လို့ဆိုတာထက် ပရိတ်သတ် လည်း အားပေးနှစ်မြို့က်နေတာကြောင့်ပါ။

Q: ညီလေးရဲ့ အခုလောလောဆယ်နဲ့ အနာဂါတ်အတွက် အနုပညာ ခရီးလမ်းကြောင်း ပြင်ဆင်ထား ပုံလေးလည်း ပြောပြပေးပါဦး။

A: အနာဂါတ်ဆိုတာကလည်း ဘယ်သူမှ မပိုင်တော့လေ.. သေချာပြောနိုင်တာတော့ မရှိသေးပါဘူး။ အခွေ ထုတ်ဖို့အတွက်လည်း ကြိုးစားနေဆဲပါပဲ။ အခုလောလောဆယ်ဆိုရင်တော့ တွံတေးမှာ ရုံပုံငွေပွဲ တစ်ပွဲ ဆိုဖို့ ရှိတယ်၊ နောက်ပြီး မြိတ်မှာ သီချင်းသွားဆိုဖို့ရယ်၊ MRTV-4နဲ့ ရိုက်ကူးရေး အစီအစဉ် တချို့ ရှိတယ်ပေါ့နော်။ ဒီလောက်ပါပဲ...။

Q: အခုလို ဖြေကြားပေးတဲ့ အတွက် ကျေးဇူးပါပဲ ညီလေးရေ...နောက်ဆုံး အနေနဲ့ အစ်ကိုတို့ ICTဂျာနယ် ပရိတ်သတ်ကြီးကို ပြောချင်တာလေးရှိရင်...။

A: ဟုတ်ကဲ့ပါ... ICTဂျာနယ် ပရိတ်သတ်ကြီးအားလုံးလည်း နည်းပညာခေတ်ထဲမှာ အကောင်းဆုံး တိုးတက် အောင်မြင်ပါစေလို့... ကျွန်တော့်ရဲ့ အနုပညာကိုလည်း အားပေးပါလို့... ကျေးဇူးပါပဲ အစ်ကို။

# မရှိမဖြစ် ကောင်းကင်အမေ

TZO



အမေများနေ့ အမေများနေ့ ...လို့ ပြောနေကြတာ၊ ဘယ်လို အမေများနေ့လဲ ပေါ့။ အမေများနေ့ ဆိုပြီး ဘယ်တုန်းက ဖြစ်လာသလဲပေါ့။ ကိုဘအေးတို့ ငယ်ငယ်တုန်းကတော့ အဲဒီလို မရှိခဲ့ပါဘူး။ သီတင်းကျွတ်မှာ အမေ၊ အဖေ၊ အဘိုး၊ အဘွား တွေကို ကန်တော့ကြတာပဲ ရှိပါတယ်။ အခုလူတွေဆိုတာကတော့ နိုင်ငံခြားမှာ ချစ်သူများနေ့ ဆိုရင်လည်း ဒီမှာ ချစ်သူများနေ့ လိုက်ကြတာပဲ။ အမေများနေ့ ဆိုရင်လည်း အမေများနေ့လိုက်ကြတာပဲ။ ဘာနေ့ ညာနေ့ အကုန်လုံး လိုက်နေကြတာ။

ဘာပဲပြောပြောလေ။ အမေများနေ့ ဆိုတာကတော့ လုပ်သင့်တဲ့ နေ့တစ်နေ့ပေါ့။ ဒါကြောင့် ဒီအမေများနေ့ဆိုတာ ဘယ်လို ဖြစ်လာသလဲလို့ ကိုဘအေး လေ့လာ ကြည့်လိုက်ပါတယ်။

"အမေများနေ့"ကို မြောက်အမေရိကက နိုင်ငံကျော် စာရေးဆရာမ Juhia Ward Howeက ၁၈၇၀ခုနှစ်မှာ စတင် အကောင်အထည် ဖော်ခဲ့တာဖြစ်ပြီး နှစ်စဉ် မေလရဲ့ ဒုတိယပတ် တနင်္ဂနွေနေ့ကို "နိုင်ငံတကာ အမေများနေ့"အဖြစ် သတ်မှတ်ခဲ့တယ်လို့ သိရပါတယ်။ နောက်ပိုင်းမှာ သူမရဲ့ သမီးဖြစ်သူ Anna M. Jarvisက နိုင်ငံတကာ အမေများနေ့ကို အများက လက်ခံနိုင်စေရန်အတွက် ဆက်လက် အကောင်အထည်ဖော်ခဲ့ပြီး အမေများနေ့လို့ ပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

နိုင်ငံတကာမှာတော့ အမေများနေ့ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ သတ်မှတ်ပြီး ကျင်းပခဲ့ကြတာ တွေ့ရပါတယ်။ မက္ကဆီကို နိုင်ငံမှာဆိုရင် မေလ ၁၀ရက်နေ့၊ တောင်ကိုရီးယားမှာ မေလ ၈ရက်နေ့ ပိုလန်နဲ့ ပါရာဂွေးနိုင်ငံတို့မှာတော့ မေလအတွင်းမှာပဲ ကျင်းပခဲ့ကြတယ်လို့ အကြမ်းဖျဉ်း သိရပါတယ်။ မြန်မာနိုင်ငံမှာ စာရေးဆရာ၊ ဒါရိုက်တာကြီး ဦးသုခက ၁၉၉၅ခုနှစ်မှ စတင်ပြီး နှစ်စဉ် ပြာသို လပြည့်နေ့တိုင်းကို အမေများနေ့ အဖြစ် သတ်မှတ်ကာ ပထမဆုံးအကြိမ် "အမေများနေ့"ကို မန္တလေးမြို့မှာ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ မေလ ဒုတိယပတ် တနင်္ဂနွေနေ့ကို သတ်မှတ်ပြီးတော့ အမေများနေ့တွေ ကျင်းပ ပြုလုပ် ခဲ့ကြပါတယ်။ ဒီနှစ်အတွက် အမေများနေ့ကတော့ မေလ ၁၂ရက်နေ့ ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံမှာ အမေများနေ့ကို တွင်တွင်ကျယ်ကျယ် ကျင်းပ ခဲ့ခြင်း မရှိဘဲ အမေများနေ့ရောက်ခါနီး နေ့ရက်များမှာ ရှော့ပင်းစင်တာ များ စူပါ မားကတ်များမှာ အမေများနေ့ ဈေးရောင်းပွဲ များသာ ကျင်းပလေ့ရှိကြပြီး ယခုနောက်ပိုင်း နှစ်များမှာ "အမေများ နေ့"ကို အမှတ်တရ အခမ်းအနားများဖြင့် ကျင်းပလာခဲ့တာ ဖြစ်ပါတယ်။ အမေများနေ့ ရောက်ဖို့ တစ်ပတ် အလိုလောက်ကတည်းက ရှော့ပင်း စင်တာများမှာ အမေများနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်များအပြင် မိခင်နဲ့ သားသမီးတို့ စုံတွဲသီချင်းဆို ပြိုင်ပွဲ များ၊ ဓာတ်ပုံပြိုင်ပွဲများ၊ မိခင်မေတ္တာဖွဲ့ ဝတ္ထုတိုပြိုင်ပွဲများ ကျင်းပလာကြပြီး၊ ယခုနောက်ပိုင်းတွင် Onlineမှတစ်ဆင့် မိခင်နှင့် သားသမီးများ တွဲရိုက်ထားသည့် ဓာတ်ပုံပြိုင်ပွဲများကိုလည်း တွင်တွင် ကျယ်ကျယ် ကျင်းပလာခဲ့ကြပါတယ်။ ဒီနှစ်မှာလည်း Mother's Choiceက အမေများနေ့ အထိမ်းအမှတ်အဖြစ် အနန္တဂိုဏ်းဝင် မိခင်ရဲ့ ကျေးဇူး မေတ္တာတရား ကြီးမားပုံကို ညွှန်းဆိုတဲ့ "ကောင်းကင်ထက်က တံတိုင်း" ဝတ္ထုတိုပြိုင်ပွဲလေး ပြုလုပ်ပြီးတော့ မေလ ၁၂ရက်နေ့က ဒေါပုံမြို့နယ်၊ Capital Hypermarket မှာ ဆုချီးမြှင့်ပွဲ ပြုလုပ်ခဲ့တာ တွေ့ရပါတယ်။ ဒီလိုပွဲကို ၂၀၁၀ပြည့်နှစ်က စတင်ကာ နှစ်စဉ် ကျင်းပခဲ့တာ ဖြစ်ပြီး၊ ၂၀၁၂ခုနှစ်က စာမူပြိုင်ပွဲကို ဂုဏ်ပြုခြင်းနဲ့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ မိခင်အို ၁၅ဦးအား ဖိတ်ကြား၍ အလှူငွေပေးအပ်ခြင်း၊ ဆံပင်ညှပ်ပေးခြင်းနဲ့ အနုပညာရှင်များက အမေများအား ဂုဏ်ပြုအစီအစဉ်များ၊ ကလေးများရဲ့ ချစ်စရာ အစီအစဉ်များ၊ အမေများအား ဂုဏ်ပြုဆောင်ပုဒ် အပျော်တမ်း ပြိုင်ပွဲ ဂိမ်းများ၊ Lucky Draw ကံစမ်းမဲများ ဖောက်ပေးခဲ့ပါတယ်။ ယခုကျင်းပတဲ့ ၂၀၁၃ခုနှစ် အမေများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မိခင်ရဲ့ ကျေးဇူးမေတ္တာကို ပေါ်လွင်အောင် ရေးသားနိုင်သော ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ဆက်လက် ကျင်းပရန်ရှိပြီး၊ ၂၀၁၄ခုနှစ်၊ အမေများနေ့မှာ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းကို ပြုလုပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ Living Mallမှာလည်း Happy Mother's Dayဆိုပြီး Promotion ပွဲတွေ ပြုလုပ်ခဲ့တာ တွေ့ရပါတယ်။

အမေများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုတွေကို အနယ်နယ်အရပ်ရပ်မှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြုလုပ်ကြတာ တွေ့ရပါတယ်။ တချို့က စုပေါင်း သွေးလှူကြတယ်၊ တချို့ကလည်း အမေ့ကျေးဇူး ဖော်ကျူးတဲ့ ဟောပြောပွဲတွေ လုပ်ကြတယ်။ အမေများနေ့ကို ရောက်ရှိလာတဲ့အခါ သားသမီးတွေက အမေ့အတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးတာ၊ ကိုယ်တိုင် ပြုလုပ်ထားတဲ့ Handmade လက်ဆောင်လေးတွေ ပေးတာ၊ အမေနဲ့အတူ ဘုရားသွားတာ၊ အဲဒီနေ့ တစ်နေ့လုံး အမေ့အတွက် အချိန်ပေးပြီး မိသားစုနဲ့ လျှောက်လည်တာ၊ ညစာအတူ စားတာ စတာတွေ လုပ်လာကြပြီး တချို့ကလည်း Internetကတစ်ဆင့် Mother's Dayကတ်တွေကို Printထုတ်ပြီး လက်ဆောင်ပေးတာ ပန်းဆိုင်က ပန်းတွေကို အိမ်တိုင်ရာရောက် ပို့ဆောင်စေပြီးSurprise လုပ်တာတွေ ပြုလုပ်ခဲ့ကြပါတယ်။

အမေရှိတဲ့သူတွေက ဒီလို လုပ်နိုင်ကြပေမယ့် အမေမရှိတော့တဲ့ သူတွေကတော့ ကိုယ့်ကို လူ့လောကထဲ ရောက်အောင် မီးရှူးသန့်စင် ဖွားမြင်ပေးခဲ့တဲ့ အမေရဲ့ကျေးဇူးကို သတိရအောက်မေ့ပြီး မိခင်ဖြစ်သူကို ရည်စူးလို့ တန်ဖိုးနည်းတာဖြစ်စေ၊ များတာဖြစ်စေ ကိုယ်တတ်နိုင်သလောက်နဲ့ အလှူဒါန လေးများ ပြုလုပ်ပေးသင့်ပါတယ်။ အမေရှိသော်လည်း အမေနဲ့ ဝေးကွာနေသူတွေက လက်ဆောင်ပစ္စည်းများ မပို့ပေး နိုင်ရင်တောင် ဒီနေ့ခေတ်လို ဆက်သွယ်ရေး နည်းပညာတွေ တိုးတက်လာချိန်မှာ အီးမေးလ် ပို့လို့ဖြစ်ဖြစ် တယ်လီဖုန်းနဲ့ ဆက်သွယ်လို့ ဖြစ်ဖြစ် အမေရဲ့ မေတ္တာရဲ့ ကျေးဇူးတရားကို သတိတရနဲ့ ဂုဏ်ပြုစကား ပြောပေးသင့်ပါတယ်။ တကယ်တော့ မိခင်အများစုဟာ သားသမီးတွေဆီက တစ်စုံတစ်ရာ အကျိုးကျေးဇူး မမျှော်မှန်းပဲ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြတာပါ။ ကိုးလလွယ် ဆယ်လဖွားတာကနေ ဖဝါးလက်နှစ်လုံး ပခုံး လက်နှစ်သစ် အရွယ်ကစလို့ အသက်အရွယ် ကြီးရင့်သွားတဲ့ တိုင်အောင် သားသမီးတွေ အပေါ်မှာ ထားရှိတဲ့ မိခင်တွေရဲ့ မေတ္တာတရားဟာ တုနှိုင်းမရအောင် ကြီးမားလှပါတယ်။

ကိုယ်တွေ ဘယ်လောက်ပဲ အသက်ကြီးသွားသွား အမေ့အဖို့မှာတော့ ကလေးလေး တစ်ယောက်လိုပဲ မြင်နေပြီးတော့ ဘယ်သွားသွား ဘာလုပ်လုပ် စိတ်မချနိုင်ကြပါဘူး။ အမေ့ရဲ့ မေတ္တာဟာ သားသမီးအပေါ်မှာ လျော့သွားတယ်လို့ မရှိပါဘူး။ ကိုဘအေးတို့ရဲ့ အတုမရှိ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်တောင်မှ မိခင်ရဲ့ ကျေးဇူးကို နို့တစ်လုံးဖိုးပဲ ကျေအောင်ဆပ်နိုင်ခဲ့တယ်လို့ ဆိုစမှတ်ရှိပါတယ်။ အဲဒီတော့ ကိုဘအေးတို့လို လူသားတွေအဖို့ အမေ့ရဲ့ ကျေးဇူးကို မြူတစ်မှုန်တောင် ကျေအောင်ဆပ်နိုင်ဖို့ မလွယ်လှပါဘူး။ ဒါကြောင့် အမေများနေ့ ရောက်မှ အမေ့ကျေးဇူးကို သတိရကြရမှာ မဟုတ်ဘဲ အစဉ်အမြဲ အောက်မေ့နေ၊ သတိရနေရမှာ ဖြစ်ပါတယ်။ အမေသက်ရှိ ထင်ရှားရှိတုန်းမှာ အမေ့ကို တတ်နိုင်သလောက် ကျွေးမွေးပြုစုဖို့ အမေစိတ်ချမ်းသာအောင် ထားဖို့ လိုပါတယ်။ အမေမရှိတော့မှ အမေ့ကို ကျွေးမွေးပြုစုချင်လို့ ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ အမေတွေဆိုတာ သူတို့က မြီးခြံ ချွေတာပြီး သားသမီးတွေကို ဝလင်အောင် ကျွေးမွေးတတ်တဲ့ သူတွေပါ။ သားသမီးတွေကို ပြုစုစောင့်ရှောက်ရလို့ ပင်ပန်းတယ်ဆိုပြီး ငြီးငြူတတ်ကြတဲ့ သူတွေ မဟုတ်ပါဘူး။ သားသမီးတွေ ဘာလုပ်လုပ် ရှေ့ကအမြဲ ရပ်တည် ပေးတတ်သူပါ။ တိရစ္ဆာန်ဖြစ်တဲ့ ကြက်သား အုပ်မကြီးကတောင် သူ့ရဲ့သားသမီးတွေဖြစ်တဲ့ ကြက်ကလေး တွေကို စွန်ရဲတွေ သုတ်ချီမယ့် ရန်ကနေ တတ်နိုင်သလောက် အကာအကွယ်ပေးကြတာတွေ့ဖူးကြမှာပါ။

အရင်တုန်းကတော့ အမေတွေဟာ အဖေ လုပ်တဲ့သူက စီးပွားရှာပြီး အမေကတော့ သားသမီးတွေ ထိန်းသိမ်း စောင့်ရှောက်ရတဲ့ တာဝန်ပဲ ယူရပါတယ်။ နောက်ပိုင်းမှာတော့ ပညာတတ်တွေ ပေါ များလာတော့ အမေတွေလည်း အလုပ်ထွက်လုပ်ကြပါတယ်။ ပညာအခြေခံ မရှိတဲ့ သူတွေကလည်း ဈေးရောင်း ဈေးဝယ် စသဖြင့် အမေတွေ အလုပ်လုပ်ကြရပါတယ်။ အခုခေတ်မှာ လူတွေဟာ စားဝတ် နေရေး အတွက် တတ်နိုင်သမျှ အလုပ် လုပ်ကြရပါတယ်။ အမေတွေဟာ အလုပ်လည်း ထွက်လုပ် ကြရတယ်။ အိမ်မှာလည်း မိသားစုရဲ့ ဝတ္တရားကို ကျေပွန်အောင် လုပ်ကြရပြန်တယ်။ ချက်ရေးပြုတ်ရေး၊ လျှော်ရေး ဖွတ်ရေး စသဖြင့်ပေါ့။ ဒီကြားထဲမှာ သားသမီး တွေက အလိုမကျလို့ ငြူစူကြပြန်သေးတယ်။ အမေ့အပေါ် နားလည်မှု မပေးနိုင်ကြဘူး။ အသက်ကြီးလာတော့လည်း လူပိုကြီး တစ်ယောက်လို ဆက်ဆံခံရပြန်တယ်။ ဒါတွေဟာ တကယ်တော့ မဖြစ်သင့်ပါ။ အမေ့ရဲ့ ကျေးဇူးကို မဆပ်နိုင်တောင်မှ အမြဲတမ်း သတိတရရှိနေမယ်ဆိုရင် အမေတွေဟာ တမလွန်ကနေတောင် ကျေနပ်နေမှာပါ။

ငွေကြယ်ပွင့်လေးတွေ လင်းလက်တောက်ပဖို့ အတွက် ကောင်းကင်ကြီး တစ်ခုလည်း မရှိမဖြစ် လိုအပ်သလိုပဲ ကိုဘအေးတို့ရဲ့ လူ့ဘောင်လောကကြီးမှာလည်း သားသမီးတွေ ဖြစ်တဲ့ငွေကြယ်ပွင့်လေးတွေ ရှင်သန် တောက်ပလာဖို့အတွက် မိခင် ကောင်းကင်ကြီး တစ်ခုဟာလည်း မရှိမဖြစ် လိုအပ် နေမှာပါ။ ဒါကြောင့် သားသမီးတွေအတွက် အမေဟာ မရှိမဖြစ် ကောင်းကင်ကြီးလို့ပဲ တင်စားလိုက်ပါရစေ။

Approved Centre (Since 2008)

Golden Crown

အမှတ် (၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။

ဖုန်း ၀၁-၃၇၃၀၃၀
၀၉-၇၃၂၃၄၉၉၂

အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသော လူငယ်များအတွက်

- Applied Mechanical Engineering Diploma
- Applied Electronic Engineering Diploma
- Applied Electrical Power Engineering Diploma
- Mechanical & Electrical Engg Diploma
- Diploma in Construction ( Civil )
- Diploma in Refrigeration & Air-Condition

- Advanced Diploma in Electrical & Electronic
- Advanced Diploma in Mechanical
- Advanced Diploma in Construction (Civil)

ရုံးချိန်တွင်း / ရုံးချိန်လွတ် တန်းခွဲရှိသည်။

တန်းခွဲသစ်အတွက်ကျောင်းအပ်လက်ခံပြီ။ 10% Off

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ လုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာအသိအမှတ်ပြု Diploma ရလိုသူများ၊ GTI အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ရာနှုန်းပြည့် အောင်ချက်များ ဖြင့် 2011,2012 ခုနှစ်အတွက် ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုရှင်ကိုလည်းမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သင်လည်း ကမ္ဘာ့အဆင့်ထူးချွန်သူဖြစ်ချင်ရင် . . . .

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 18

# ငါ့ကို . . . သတ်တော့မယ် . . .

Dr-FTS



Image Credit: www.sadhillnews.com

တလွင့်လွင့် လွင့်နေသော ခန်းဆီး လိုက်ကာလေးသည် အေးမြသော လေန လေရှူ အေးလေးကို တစ်ယောက်သော သူ၏ ရင်ကို အဆက်မပြတ် ရိုက်ခတ်စေရန် အားပေးနေသည်။ လေပြေက အေးမြသော်လည်း ပူလောင်နေသော ရင်ခွင်တစ်ခုကို ပိုင်ဆိုင်ထားသူမို့ အများထင်သလို မအေးမြနိုင်သူကတော့ မေသဲချို။

"သမီး ဘာငေးနေတာလဲ၊ ဒီစွပ်ပြုတ်လေး သောက်လိုက်ဦးလေ"

ရှည်လျား မဲနက်သော မျက်တောင်များအောက်မှ ဝိုင်းစက်သော မျက်ဝန်းအစုံမှ မျက်ရည်များသည် ပုလဲလုံးများသဖွယ် ဝန်းစက်စွာသီးလာပြီး ပိန်းကြာရွက်ပေါ် မှ မိုးစက်သို့ မြေခသည့်နှယ် ဖွေးနသော ပါးပြင်ပေါ်သို့ သက်ဆင်းလာချေပြီ။

"ဒီအချိန်ရောက်မှတော့ ငိုနေလို့လည်း အပိုပဲ မိချို"

ခက်ထန်တင်းမာသော အသံတစ်စုံက မေသဲချို၏ နလုံးသဲစိုင်ကို သံမှိုနက်သကဲ့သို့ နာကျင်လှသဖြင့် မျက်စိအစုံကို ပိတ်၍ ရှိုက်ကြီးတငင် ငိုချေပြီ။ ဘယ်သူမပြု၊ မိမိမှုပါတကား။

ကြည်လင်သာယာသော ကောင်းကင်ပြာပေါ်တွင် ဖြူးဝင်းအိစက်သော တိမ်တောင်တိမ်လိပ်တို့က လှပသော ပန်းချီကား တစ်ချပ်သဖွယ် အသက်ဝင် သာယာလှသည်။ ဖြူနီပြာဝါရောင်စုံ လူအပေါင်းကလည်း ထိုပန်းချီကား၏ အလှတန်ဖိုးကို မြင့်စေသော ဆေးစက်လေးများတည်း။ ထိုရောင်စုံ ဆေးစက်များတွင် အတက်ကြွဆုံး အပျော်ရွှင်ဆုံးလူသားနှစ်ဦးကား "မြတ်နိုးသူနှင့် မေသဲချို" "ကိုကို့ အချစ်ကို လက်ခံလိုက်ပြီနော်"ဟု Galaxy Note II Screenပေါ်မှ မေသဲချို၏ လက်ရေးမှုလေးသည်ကား မြတ်နိုးသူ၏ (၂၁)နှစ်မြောက် မွေးနေ့လက်ဆောင်။ တစ်နည်းဆိုရလျှင် ငါးသိန်းကျော် ပေးဝယ်ရသော Galaxy Note IIရသည်ထက်ပင် ပို၍ တန်ဖိုးမဖြတ်နိုင်သော မွေးနေ့ လက်ဆောင်ဟုဆိုလျှင် မောင်မြတ်နိုးအတွက်မမှား။

နေပြည်တော်ရှိမှာ ရုပ်ရှင်ကြည့်၊ Cafe Aeromaမှာ Coffee သောက်ရင်း တစ်ဦးမျက်နှာ တစ်ဦးထိုင်ကြည့်ပြီး၊ အပြုံးပန်းများဝေဆာနေသူ နှစ်ဦးကား ပြင်ပလောကဌ် မိုးသည်း မုန်တိုင်းတိုက်နေပင်လျှင် သိမည်မဟုတ်။

"မေသဲချို ညည်းခြေလှမ်းတွေ ပျက်နေတာ ငါသိတယ်နော်"

"သင်တန်း သင်တန်းဆိုပြီး မိုးလင်းကတည်းက ထွက် မိုးစုပ်စုပ်ချုပ်မှ အိမ်ကို ခြေဦးလှည့်လည်နေတာ ငါမသိဘူးများ ထင်သလား၊ ညည်းအဖေက ဒီရက်ပိုင်း အလုပ်များနေလို့ ဒေါ်လေးက မတိုင်သေးလို့၊ နင် သက်သာတယ်မှတ်၊ နင့်အချိုးတွေ မပြင်လို့ကတော့ ငါ့အဆိုးမဆိုနဲ့"

မိတဆိုးလေးမို့ ဖခင်ဖြစ်သူ ဦးလွန်းချိုက သမီးအပျိုပေါက်ဖြစ်ကတည်းက နယ်မှာနေသော ညီမဝမ်းကွဲ ဒေါ်သင်းနန္ဒာကို ကျောင်းဆရာမ အလုပ်မှ ထွက်ခိုင်းကာ စောင့်ရှောက်ထားခိုင်းခြင်း ဖြစ်သည်။ ငယ်စဉ်ကတော့ "ဒေါ်လေး၊ ဒေါ်လေး"နှင့် အဒေါ်ဖြစ်သူ၏ လက်ကို ဆွဲကာ နေရာတကာ လိုက်နေတတ်သော်လည်း တက္ကသိုလ် စတက်ချိန် ကတည်းက အလှအပနှင့် အပေါင်း အသင်း ခံ့မင်လာသော မေသဲချိုအဖို့ အဒေါ် ဖြစ်သူနှင့် အံမဝင်သည်က များလာသည်။

"ကိုယ်တို့ အတူနေချင်ပြီကွာ၊ လက်ထပ်ကြရအောင်နော်"

"ဩော်.. ကိုရယ်၊ ချိုလည်း အတူ နေချင်တာပေါ့။ ဖေဖေ့ကိုလည်း ပြောရမှာ ကြောက်တယ်။ ဒီကြားထဲ ဒေါ်လေးက ပိုဆိုးသေး"

"ဟား...ဒါတွေပဲ အမြဲကြား နေရတာပဲကွာ၊ ကိုယ်တို့ ချစ်သက်တမ်း တစ်နှစ်ပြည့်တော့မယ်၊ ဒီလိုပဲ လျှောက်သွား၊ လျှောက်စား အဆင့်က မတက်သေးဘူး"

ငိုတတ်သော ကလေးမုန့်ရသည်ဆိုသော စကားကို တကယ်တော့ မိချို သတိမထားမိခဲ့။ ဆန့်ကျင်ဘက် ဆွဲအားနှစ်ခုအကြား မေသဲချို ရောက်နေပေပြီ။ တစာစာ ပူဆာနေသော တစ်ဘဝလုံး လက်တွဲရမည့်သူနှင့် အတူနေထိုင်ခွင့်ကို ဖခင်နှင့် အဒေါ်ဖြစ်သူထံမှ တောင်းရန် မေသဲချို အင်အားမရှိခဲ့။ နှစ်ဖက်စလုံးကို စိတ်ချမ်းသာစေချင်သည်၊ တစ်ဖက် စကားနားထောင်လျှင် တစ်ဖက်ကို စိတ်ဆင်းရဲစေမည်။ တစ်ပတ်၊ နှစ်ပတ် တစ်လ နှစ်လ ကြာသည်အထိ အုပ်ထိန်းသူတို့အား ဖွင့်ဟတောင်းဆိုနိုင်ခွင့် မရခဲ့။ ရင်နှင့် အမျှ ချစ်ရသူ၏ ဆန္ဒကို မဖြည့်ဆည်းနိုင်၍လည်း ဝမ်းနည်းရသည်။

ချစ်စကြင်နာစက ပျော်ရွှင်ဖွယ် နေ့ရက်ချိုလေးများကား ခါးသက်စပြုလာပြီ။ ထာဝစဉ် ရွှန်းလဲ့ တောက်ပနေသော အားအင် အပြည့်ရှိသည့် မျက်ဝန်းအစုံကို ပိုင်ဆိုင်သည့် ချစ်ရသူ၏ မျက်ဝန်းများသည် တစ်နေ့ထက် တစ်နေ့ အားလျော့လာပြီ။ တက်ကြွ ပျော်ရွှင်တတ်သည့် အနေအထိုင် အမူအကျင့်တို့သည် မြတ်နိုးသူ၏ နေ့စဉ်လှုပ်ရှားမှု ကဏ္ဍမှ ခွဲခွာစ ပြုနေပေပြီ။

"ချို ဘာလုပ်ရမလဲ၊ ချို ဘာလုပ်ရမလဲ"

သူ့ကိုလည်း ပျော်စေချင်သည်။ လူကြီးများကိုလည်း စိတ်မညစ်စေချင်။ ထို့ကြောင့် မျက်လုံးအစုံကို မှိတ်၊ နားအစုံကို ပိတ်၍ မေသဲချို တစ်ယောက် ဆုံးဖြတ်ချက်ချလိုက်ပြီ။ ထိုဆုံးဖြတ်ချက်သည်ကား မေသဲချို၏ တစ်ဘဝလုံးကို ကျဆုံးအောင် ရိုက်ခတ်စေမည့် မုန်တိုင်းမျိုးမှန်း ထိုစဉ်ကသာ သိခဲ့ပါလျှင်....

"သမီး ဖေဖေက နေသိပ်ကောင်းတာ မဟုတ်ဘူး။ စီးပွားရေး လုပ်ငန်းတွေကလည်း ဒီရက်ပိုင်း ကိုယ်တိုင် မကြီးကြပ်နိုင်လို့ အရှုံးပေါ် သွေးတိုးကလည်း ထိန်းမရနဲ့မို့ ကြီးမေတော့ သမီးရဲ့ မေတ္တာရေး ကိစ္စကို မပြောစေချင်သေးဘူး"

မေသဲချို ငယ်စဉ်ကတည်းက အိမ်ထိန်းသဖွယ် ထိန်းသိမ်းစောင့်ရှောက်လာသော ကြီးမေ ဒေါ်နန်းရွှေစင်က တားသည်။ မေသဲချို၏ မိခင်မဆုံးပါးခင်ကတည်းက ဘွဲ့ရ ပညာတတ် မဟုတ်သော်ငြား အိမ်၏ စရိတ်နှင့် လိုအပ်သော ကွပ်ကဲမှုတို့ကို လုံးဝတာဝန်ယူထားသူမို့လည်း မိချိုတို့က လေးစား ချစ်ခင်ရသည်။ ကြီးမေ ဟန့်လျှင် တန့်သည်။ ကြီးမေတောင်းလျှင် ပေးသည်။

ဒီလိုနှင့် နွေရာသီ ကုန်ဆုံး၍ မိုးရာသီ စလာချေပြီ။ အပူစင်၍ အအေးဝင်တော့မည် ဖြစ်၍ အားလုံး ပျော်နေကြပြီ။ မပျော်နိုင်သူကတော့ မေသဲချို။ ရှေ့မှ ဖြတ်လျှောက်သူကိုလည်း မမြင်တော့။ ဘေးမှ ထပ်အော်လျှင်ပင် မကြားရတော့။ ရင်တွင်း၌ ဗလောင်ဆူနေချေပြီ။ ကိုယ့်အကြောင်း ကိုယ်သိနေပြီ။ မိန်းကလေးတို့ သဘာဝ၊ မိန်းကလေးတို့ရဲ့ အစဉ်အလာ၊ မိမိမှာ ပျောက်နေပြီလား။

"ဘုရား၊ ဘုရား မဟုတ်ပါစေနဲ့"

ငယ်စဉ်ကတည်းက ဘုရားမှာ သစ္စာဆိုဆုတောင်းလျှင် ပြည့်သည်က များသည်။ ယခုတော့ မေသဲချိုတို့ ဆောက်တည်ရာ မရတော့။

"မဖြစ်ပါစေနဲ့" ဆုတောင်းသော်ငြား။

အဖြေက ဘွားကနဲ ယနေ့ပေါ်လာပြီ။

"သေချာတယ် နှစ်ကြောင်း ပေါ်နေပြီဟ" သူငယ်ချင်း ဖြစ်သော ဆေးကျောင်းသူ မေဇင်သောင်းက ပြောပြီ။

"ငါဘာလုပ်ရမလဲ၊ သူငယ်ချင်းရေ ငါ့ကို ကူညီပါ"

လုပ်အပ်သည် မလုပ်အပ်သည်တို့ကို ကရားရေလွှတ်ဆုံး မသွားသော သူငယ်ချင်း၏ စကားများသည်ကား မိချို၏ နားသို့ သံရည်ပူ လောင်းသည့်နှယ်။

"ငါ အဖေကို သတ်တဲ့ သမီး မဖြစ်ချင်ဘူး" မေသဲချို ဆုံးဖြတ်ချက် ချလိုက်ပြီ။ ထိုဆုံးဖြတ်ချက်သည်ကား မေသဲချို၏ ဘဝတွင် ဖျက်မရသော အမည်းစက်ကြီး တစ်ခု ဖြစ်လာခဲ့ပေပြီ။

ဘောင်းဘီရှည် အနက်စင်းနှင့် အင်္ကျီလက်တို အဖြူစင်းကို စတိုင်ကျကျ ဝတ်ဆင်၍ ဆေးရုံလူနာဆောင်အတွင်း ဝင်လာသူ၏ သွက်လက်သော ခြေလှမ်းများ။ လက်တစ်ဖက်မှာ ဆရာဝန်သုံး နားကြပ်ကို ကိုင်၍ တစ်ဖက်၌ စာရွက်စာတမ်း တပွေ့တပိုက်ကို သယ်လာသော သူကား ဒေါက်တာ ရဲမြတ်နိုင်။ ရှုးဖိနပ်ကို စီးထားသော်ငြား ညင်သာလှသော ခြေနင်းသံကြောင့် အိပ်မောကျနေသူ လူနာများကား သူဖြတ်သွားသည်ကိုပင် သတိမထားမိကြ။ သို့သော် သိလိုက်သူ တစ်ယောက်တော့ ရှိသည်။ သင်းပျံ့သော ရေမွှေး ရနံ့လေးက လေအဝေ့မှာ မေသဲချို၏ အာရုံတို့ကို နိုးထစေခဲ့သည် မဟုတ်လော။

"ဆရာ Goodmorning ဆရာ"

"Good Morning ပါ။"

"Very Good Morningပါ "

ဆေးရုံတစ်ခုလုံးတွင် မနက်ခင်း နှုတ်ဆက်ကြိုဆိုမှုများနှင့် မင်္ဂလာယူနေသူများကား ဆရာဝန် ဆရာမများတည်း။ မွေးလူနာမှအပ အခြားလူနာ မှန်သမျှ ဆေးရုံတက်ရသည်ဆိုကတည်းက မင်္ဂလာရှိဖွယ်ရာမရှိ။

"ညက Induced Abortion ကိုယ်ဝန်ဖျက်ချတဲ့ လူနာတစ်ယောက် ရောက်တယ် ဆရာ"

"ဟုတ်ပြီလေ ဆရာ၊ ကျွန်တော် Professor ဆီကို ဒီစာလေးတွေ ပြပြီးရင် စ Round မယ်လေ။ ဆရာတို့ ကြိုကြည့်ထားနှင့်ကြပါ"

"22 years G1, Bleeding Per Vagina after 2 months of Amenonhocaပါ ဆရာ၊ အရပ်လက်သည် လုပ်ဖူးတယ်လို့ ပြောတဲ့ အဒေါ်ကြီးတစ်ယောက်က ငွေငါးသောင်းနဲ့ Induced Abortion လုပ်လာတာတဲ့"

"အခုတော့ Po+ ဖြစ်သွားပြီ၊ ညက DBC လုပ်လိုက်ပြီးပြီ၊ Antibiotic Cover လဲ ပေးပြီးသား၊ Vital Signs လဲ Stable ဖြစ်ပါပြီ ဆရာ"

"Marriedလား၊ Unmarriedလား"

"Unmarriedပါ ဆရာ Familyကို ဖွင့်မပြောရဲတာနဲ့ လုပ်လိုက်ရတာပါတဲ့"

"ဟုတ်ပြီလေ ပြီးရင် ဆရာ လူနာ စကြည့်မယ်"

ဒါမျိုးဇာတ်လမ်းတွေ ဒေါက်တာရဲတို့ ရိုးနေပြီ။ တိုးတက်သည်ဟူသော ဒီခေတ်ကြီးတွင် Pre-Marietal Relationship၊ Living Togetherစသည်တို့သည် အဆန်းမဟုတ်သယောင်။ Vrginityဟူသော ဂုဏ်ပုဒ်နှင့် အပျိုစင်၏ တန်ဖိုးသည် မရှိတော့သယောင်။ စီးပွားရေး အဆင်မပြေသေးလို့၊ ကျောင်းမပြီးသေးလို့၊ အိမ်ကို ပြောရမှာကြောက်လို့၊ လွတ်လပ်လွန်းလို့ စသဖြင့် အကြောင်းပေါင်းများစွာနှင့် လွယ်လင့်တကူ ဝင်ထွက်နိုင်သော အအေးခန်း တည်းခို ရိပ်သာများ၊ အလုံပိတ် အခန်းနှင့် စားသောက်ဆိုင်များသည်လည်း ယနေ့ခေတ်ကြီး၏ အကျည်းတန်စေသော အဖြစ်ဆိုးများကို ဖန်တီးပေးနေသည်။

"ဟယ်.. မင်းမောင်ရဲမြတ် မဟုတ်လား"

"ဒေါ်ဒေါ်က ဒေါ်နန်းရွှေစင်မဟုတ်လား၊ သူက ..."

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရဲ့ မိုက်မဲလှတဲ့ တူမမိုက် မေသဲချိုပေါ့"

"ညီမလေး ကိုယ်တို့ မြို့လာတုန်းက ကလေးပဲ ရှိသေးတာ။ ဘယ်လိုဖြစ်ရတာလဲ ကလေးရယ်"

ဒီအချိန်မှာ မိသဲချို ပြောလိုက်ချင်သည်က "အရှက်ကို အသက်နဲ့သာ လဲလိုက်ချင်တော့တယ် ကိုကိုတို့ ဒေါ်ဒေါ်တို့ရယ်"

"ဆရာနောက်ဆုံး ဇာတ်လမ်းက ဘယ်လို ဆက်ဖြစ်သွားလဲ၊ ကောင်မလေး ဆေးရုံက ဆင်းတော့ သူ့အရင် ကောင်လေး နဲ့ပဲ လက်ထပ်ဖြစ်လား။ ဒါမဟုတ် ဟို ဆရာဝန်နဲ့ရော ဘာဆက်ဖြစ်သေးလဲ"

"ဟားဟားဟား ကျွန်တော့ လက်ရာက ဒီလိုဆို မဆိုးဘူးပဲ။ ဆရာလေးတို့ကို ဆန့်တငံ့ငံ့ ဖြစ်အောင် ဒီလောက်အထိပဲ ပေးဖတ်ထားတာ၊ နောက်ကျန်နေတဲ့ အပိုင်းကို ဘယ်လိုဖြစ်စေချင်လဲ ဘယ်လို ဖြစ်သင့်သလဲ ဆိုတာ စဉ်းစားကြည့်ကြပေါ့။ အဓိက ရည်ရွယ်ချက်ကတော့ Induced Abortion ကိုယ်ဝန်ဖျက်ချခြင်းကို တားဆီးဖို့ ကျန်းမာရေး ပညာပေးဖို့ ရည်ရွယ်ပြောတာပါ"

"ဟုတ်တယ်နော်၊ အခုနယ်မှာရော ရန်ကုန်မှာပါ စုံတွဲတွေက လက်မထပ်ခင် စည်းကျော်ကြ၊ မဖုံးနိုင် မဖိနိုင်ဖြစ်မှ အလွယ်နည်းနဲ့ ဖြေရှင်းကြနဲ့"

"မှန်တယ် ဆရာက ပညာပေး ကာတွန်းလေးတစ်ခုကို ဖတ်မိပြီး ကတည်းက အဲဒီအကြောင်းလေးကို စာနဲ့ ထည့်ရေးချင်နေတာ။ ကာတွန်းပုံမှာ ကိုယ်ဝန်နဲ့ မိန်းကလေးက "ငါ့ကို ငါ့အမေတော့ သတ်တော့မှာပဲ"လို့ စဉ်းစားနေချိန်မှာ သူ့ဝမ်းထဲရှိ တဲ့ သူ့ရင်သွေးလေးကလည်း "ငါ့ကို ငါ့အမေတော့ သတ်တော့မှာပဲ"လို့ တစ်ပြိုင်နက်တွေးတော ပူပန်နေပုံလေး ပြထားတာ၊ ဆရာ အရမ်းကြိုက်တယ်"

"ကိုယ်ဝန်ကို ဖျက်ချရင် ကလေးကို သတ်တဲ့အမှု ရောက်တယ်။ လုပ်ပေးတဲ့သူကိုလည်း ဥပဒေအရ အရေးယူလို့ ရတယ်"

"ကံဆိုးရင် ကိုယ်ဝန်ဆောင်ရဲ့ အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်တယ်။ အသက်မထိရင်တောင် သားအိမ်ထုတ်ပစ်ရတာတို့၊ မျိုးပွားအင်္ဂါစု ပိုးဝင်ပြီး ပြည်တည်နာ ဖြစ်တာတို့ ဖြစ်နိုင်တယ်။ တဒင်္ဂ ဆုံးဖြတ်ချက် အမှားလေးတစ်ခုက တစ်ဘဝလုံးကို နင်းချေဖျက်နိုင်တယ်"

မိမိ၏ ဝတ္ထုတိုများထဲမှ တစ်ခုကို လက်တောက် ဆရာဝန်များအား ပေးဖတ်ခဲ့ခြင်းတည်း။

"အဲဒါ ဆရာ့တကယ့် အတွေ့အကြုံလား၊ အဲဒီထဲက ဇာတ်ကောင်တွေ အပြင်မှာ တကယ်ရှိခဲ့လား"

သူတို့ မေးကြပြီ။ ဒေါက်တာ ဝီတိ ပြန်မဖြေ၍ အားမလို အားမရ ဖြစ်ကြပြီ။ တကယ်တော့ "မေသဲချို"တွေ အပြင်လောကမှာ အများကြီး ရှိနေသည်ကို သူတို့မသိ ကြသလော။

> "ကိုယ်ဝန်ကို ဖျက်ချရင် ကလေးကို သတ်တဲ့အမှု ရောက်တယ်။ လုပ်ပေးတဲ့သူ ကိုလည်း ဥပဒေအရ အရေးယူလို့ ရတယ်"

# ပြည်သူများ ရှောင်ရှားသင့်သော လုပ်ဆောင်ချက်များနှင့် အစားအစာများ

မနော်ဖြူလေး


Image Credit: www.plasticisnthice.blogspot.com

လူတိုင်း နေ့စဉ်ထိတွေ့ စားသုံးနေသော အရာများနှင့် လုပ်ဆောင်ချက်များသည် ကျန်းမာရေးနှင့် လျော်ညီစွာ စားသုံးသင့်ပါကြောင်း သိမှတ်သမျှ ပြန်လည် ဖောက်သည်ချ ပြောလိုက်ပါရစေ။ နိုင်ငံခြား တိုင်းပြည်များတွင် သကြားကို မူလ သဘာဝ အရောင်အတိုင်း ဝါညစ်ညစ် သကြားများကို စားသုံးကြသော်လည်း မြန်မာနိုင်ငံ၌မူ ဟိုက်ဒရို ဟုခေါ်သော (Chemical) ချွတ်ဆေး သုံး၍ ဖြူဖွေးသော သကြားများကို ရွေးချယ် စားသုံးကြတာကို တွေ့ရပါတယ်။ ထန်းလျက် သည်လည်း မူလအညိုရောင် ပျောက်ကာ ချွတ်ဆေးကြောင့် ဖြူဖွေးသွားကာ နေ့စဉ် သုံးသည့် အိမ်သုံးဆား သည်ပင်လျှင် ဓာတု ချွတ်ဆေးသုံး၍ ဖြူဖွေးအောင် လုပ်ကြပါတယ်။ ထိုဓာတုချွတ်ဆေးများသည် ကင်ဆာရောဂါကို ဖြစ်ပွားစေသဖြင့် သဘာဝ အရောင်ကို ရွေးချယ် စားသောက်သင့်တယ်ဆိုတာ ပြောချင်ပါတယ်။

နောက် အသုံးမပြုသင့်ပဲ ရှောင်ရှား သင့်တာကတော့ တကယ်လို့သာ ကင်ဆာရောဂါ ဖြစ်ပွားမှာကို ကြောက်ခဲ့ရင်ပေါ့လေ။ ပလတ်စတစ်နှင့် ဖော့ဘူးတွေကို ရှောင်ရှားရမှာပဲ ဖြစ်ပါတယ်။ ဟိုးရှေးယခင်ကတော့ ဘာပဲ ဝယ်ဝယ် တစ်လုံးချိုင့်လေး လက်ကဆွဲပြီး သွားဝယ်ကြတာကို ကျွန်မတို့ ငယ်ငယ် တုန်းကတော့ မြင်ဖူးခဲ့သလို ကိုယ်တိုင်လည်း လက်ဖက်ရည် ဝယ်ဝယ်၊ အအေးဝယ်ဝယ် အိမ်က အသွားက ယူသွားခိုင်းလို့ ဝယ်ခဲ့ဖူးပါတယ်။ နောက်ပိုင်းကျတော့ အလွယ် ကြိုက်တတ်တဲ့ မြန်မာတွေဟာ ယူသွားရမှာ အလုပ်ရှုပ်တာနဲ့ မသယ်တော့ပဲ အလွယ် ထည့်ပေးတာနဲ့ ကျွန်မလို ဝယ်ခဲ့မယ်လို့ ထင်မြင်မိပါတယ်။ ဒီတော့ မုန့်ဟင်းခါးပဲ ဝယ်ဝယ်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အသုပ်စုံတွေ၊ ထုံချိုင်းတွေ၊ အကြော်စုံတွေ၊ အကင် တွေပဲ ထုပ်ထုပ်၊ ပလတ်စတစ်တွေ၊ ကြွတ်ကြွတ်အိတ်တွေနဲ့ချည်းပဲ သုံးနေကြတာကို အများအားဖြင့် တွေ့ရှိနေရပါတယ်။ ပလတ်စတစ်တွေထဲမှာ ပါတဲ့ ပလတ်စတစ်ဆိုက်ဇာ ဆိုတဲ့ဓာတ်နဲ့ စတိုင်းရင်း (Styrene)ဆိုတဲ့ ဓာတု ပစ္စည်းတွေဟာ အပူဓာတ်နဲ့ပဲ တွေ့ တွေ့ဆီပါတဲ့ အစားအသောက်နဲ့ပဲ တွေ့တွေ့ အစားအသောက်တွေထဲကို ဓာတ်ပြု ပျော်ဝင်တော့တာပါပဲ။ နောက်ပြီး ကလေး နို့ဘူးတွေ ပြုလုပ်တဲ့ PVC ပလတ်စတစ်နဲ့ ပလတ်စတစ် ရေပိုက်တွေမှာ မိုနိုမာ (Monomer) ဆိုတဲ့ အင်မတန် အဆိပ်ပြင်းပြီး ကြောက်စရာကောင်းတဲ့ ဓာတ်တစ်မျိုး ပါဝင်တာ သုတေသနပြုသူများက တွေ့တယ်လို့ သိရှိရပါတယ်။ ဒီဓာတုပစ္စည်းတွေ အကုန်လုံး ဆိုးရွားတဲ့ ကင်ဆာရောဂါတွေ ဖြစ်စေနိုင်တာမို့ အရင်တုန်းကလို စက္ကူတွေ၊ အင်ဖက်တွေ၊ ဗန်ဒါရွက်တွေ၊ စတီးချိုင့်တွေ၊ ဖန်ဘူးတွေနဲ့ပဲ အစားအသောက်တွေကို သတိထား ပြောင်းလဲကြစေချင်ပါတယ်။

ပြီးတော့ ဒန်ပေါက်ဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ အသုံးပြုနေတဲ့ ဖော့ဘူးတွေဟာလည်း စတိုင်းရင်း (Styrene) ဓာတ်ပါတဲ့ ပလတ်စတစ် အုပ်စုတွေဖြစ်လို့ ဖော့ဘူးတွေ တစ်ခါသုံး ပလတ်စတစ်တွေ လုံးဝ အသုံးမပြုဖို့ ဆင်ခြင်သင့်ကြောင်း၊ နောက် အသုပ်ဆိုင်တွေ၊ အကြော်ဆိုင်တွေ၊ ထုံချိုင်းဆိုင်တွေ၊ အကင်ဆိုင်တွေ၊ တုတ်ထိုးဆိုင်တွေမှာ နေ့စဉ်လူတွေ အများအားဖြင့် လမ်းဘေး ပလက်ဖောင်းတွေပေါ်မှာ အသီးသီး ခင်းကျင်း ရောင်းချနေတာတွေ မြင်ဖူးကြမယ် ထင်ပါတယ်။ နေ့စဉ် လူတွေ မြိန်ရည် ယှက်ရည် စားသောက်နေကြတာကတော့ အန္တရာယ်ရှိ တားမြစ်ဆိုးဆေး နီနီရဲရဲတွေ ရယ်၊ ကင်ဆာရောဂါ ဖြစ်စေတတ်တဲ့ ဓာတုတာရှည်ခံဆေးတွေကတော့ အစာအိမ် အူလမ်းကြောင်း ကင်ဆာ ဖြစ်စေတတ်တဲ့ ဆာ(လ်)ဖျူရစ် အက်ဆစ်ပြင်း ($H_2SO_4$) ရောစပ်ထားတဲ့ အချဉ်ရည်လို့ခေါ်တဲ့ အဆိပ်တွေပါပဲ။ ဆာ(လ်)ဖျူရစ် အက်ဆစ်က နည်းနည်းလေး ထည့်ရုံနဲ့ အချဉ်ရည် အရသာကို ဖြစ်ပေါ်စေပြီး ဘက်ထရီအိုးမှာ သုံးတဲ့ အက်ဆစ်တစ်မျိုး ပါပဲတဲ့။ ရေရှည် စားသုံးရင်တော့ အစာအိမ် အူလမ်းကြောင်း ကင်ဆာ၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာ တွေကို ကျိန်းသေဖြစ်နိုင်တာမို့ လုံးဝ ရှောင်ကြဉ်သင့်တဲ့ အထဲမှာ ပါဝင်နေပါတယ်။

အချိုရည် အသောက်များတဲ့ ကိုကို မမ တွေနဲ့ ကလေးတွေကို ဂျယ်ရီဂယ်ကျွေးတဲ့ မိခင်များ သတိထား ရမှာကတော့ အချိုရည် ဘူးများတွင် တားမြစ်ဆိုးဆေး၊ ကင်ဆာဖြစ်စေသော တာရှည်ခံဆေး၊ သကြားထက် အဆ ၂ဝဝ ပိုမိုချိုစေသော ပါဝါသကြားနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ကဖိန်းဓာတ်များ ပါဝင်ပြီး ခံတွင်းကင်ဆာ၊ ကျောက်ကပ် ရောဂါ၊ ဆီးချိုရောဂါနှင့် အဝလွန် ရောဂါများအပြင် အသည်းကင်ဆာရောဂါ တို့ကိုပါ ဖြစ်ပွားစေ တတ်ကြောင်း လေ့လာဖတ်ရှုရပါသည်။ ထို့အတူ ဂျယ်လီဗူး များတွင်လည်း တရုတ်မှလာသော ဂျယ်လီပေါင်ဒါ၊ ဆီထရစ်အက်ဆစ်၊ Sodium Benzoate ခေါ် တာရှည်ခံ ဆေးပါဝင်တဲ့ ကင်ဆာရောဂါများကို ဖြစ်ပွားစေသဖြင့် သားသားမီးမီးတို့ကို အရမ်းမကျွေးသင့်ပါ။ ဖြစ်နိုင်လျှင် လုံးဝ မကျွေးပဲ ရောင်းလည်း မရောင်းသင့်ပါကြောင်း သိမှတ်ရပါတယ်။ နောက် မီးဖိုချောင်သုံး အိမ်ရှင်မများ သတိပြုစရာတွေကတော့ မယ်လမင်းလို့ခေါ်တဲ့ ဖိုက်ဘာ ပစ္စည်းများသည် အပူနှင့် ထိတွေ့လျှင် ဓာတ်ပြု ပစ္စည်းဖြစ်သဖြင့် ကျောက်ကပ် ပျက်စီးခြင်းနှင့် ကင်ဆာရောဂါ များကို ဖြစ်ပွားစေသဖြင့် လုံးဝအသုံးမပြုသင့်ပါ။

အစားအသောက်များထဲတွင် တားမြစ် အန္တရာယ်ရှိ ဆိုးဆေးများ အသုံးပြုထားသော မှုစ်နီ၊ မှုစ်ဝါ၊ ပုဇွန်ချဉ်နီနီ၊ အဝါရောင် ဆိုးထားသော ငါးပုဏ္ဏား၊ ငါးမြွေထိုး၊ ရွှေငါး၊ ကြက်သားများနှင့် အနီရောင် ဆိုးထားသော ငရုတ်သီးမှုန့်၊ ပုဇွန်ခြောက်၊ ပတ္တမြား ပြောင်းဖူး၊ ငါးပိ၊ ပဲနီလေး၊ ပဲဝါလေး၊ မက်မန်းသီး၊ ဆီးထုတ် စသည်တို့သည် အသည်းနှင့် ကင်ဆာ ရောဂါများကို ဖြစ်ပွားစေတတ်သဖြင့် တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါကြောင်း ဖတ်မှတ် သိရှိရပါတယ်။ တစ်ဆက်တည်း သတိပြု ရှောင်ကြဉ်သင့်တဲ့အထဲမှာ ပါဝင်တဲ့ အသီးအနှံများမှာ ဓာတုဟော်မုန်းဆေးများ အသုံးပြုထားပြီး အဆမတန် ကြီးထွားနေသော မုန်လာဥအဖြူများ၊ အမြစ်တိုတို အလုံးတုတ်တုတ်နှင့် ပဲပင် ပေါက်များ၊ ပိုးသတ်ဆေးအပြင်းစား သုံးထားသည့် ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်၊ မုံညှင်းထုပ်များ နှင့် ဆေးစိမ် ဆေးဖျန်းထားပြီး မှည့်နေသော သရက်သီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ ငှက်ပျောသီး စသည်တို့သည် ကင်ဆာ ဖြစ်စေနိုင်သဖြင့် ရှောင်ရှား သင့်ပါတယ်။

ထို့အပြင် လှုသေကောင် မပုပ်အောင် ပြုလုပ်သည့် ဖော်မလင်နှင့် အသုံးပြုထားသော ပဲပြား၊ မဲနယ်ဆိုးထားသော ပုဇွန်၊ ယူရီးယား ဓာတ်မြေသြဇာပါသော ငါးပိရေကျိုတို့ကိုလည်း ကင်ဆာဖြစ်မှာ ကြောက်ရင်တော့ ရှောင်ရှား စားသောက်နိုင်ပါတယ်။ အစေ့မပါတဲ့ စပျစ်၊ ကီလိုမာလကာသီးနှင့် ဆီးသီး စတဲ့ ပုံမှန်စိုက်ပျိုးထားသော အသီးအနှံမဟုတ်ပဲ ဓာတုပစ္စည်းများနှင့် ပြုပြင်ပြောင်းလဲထားတဲ့ အသီးမှန်သမျှ ကင်ဆာဖြစ်နိုင်ချေ အလွန်ရှိပါကြောင်း သိရှိရပါတယ်။ ပြောရင်တော့ ဆုံးမှာမဟုတ်ပါဘူး။ စားအုန်းဆီတွေ မစားသင့်ကြောင်းတော့ အားလုံးသိကြမယ် ထင်ပါတယ်နော်။ ပြောသာပြောရတာ စီးပွားရေး လုပ်စားတဲ့သူတွေကလည်း ဂမ်းစာအတွက် မလုပ်မဖြစ် လုပ်နေကြတော့ ဒါတွေမှ မစားရင်လည်း ဘာတွေစားရမလဲလို့ စောဒက တက်စရာ ရှိပါတယ်။ စားတော့ စားကြပေါ့ အလွန်အကျွံစားရင်တော့ ရောဂါပိုဖြစ်မြန်မယ်လို့ ထင်မြင်မိပါတယ်။ ဒီလိုမှ မပြောရင်လည်း ရောင်းစားတဲ့သူတွေက လာရိုက်မှာလည်း ကြောက်ရသေးတယ်။ နောက် ဘာလုပ်ကိုင် စားသောက်ကြမလဲ ဆိုတာလည်း စဉ်းစားစရာ ဖြစ်လို့နေပါတယ်။ ညီမလေး တစ်ယောက်ဆို အမြဲလမ်းဘေး အသုပ်တွေ စားဖြစ်တော့ နောက်ဆုံး ဗိုက်ခဏခဏအောင့်ကာ ဆေးရုံမှာ ပြရတော့တဲ့အဆင့်ကို ရောက်ရှိ သွားပြီး အစာအိမ် မှန်ပြောင်းကြည့်ရတဲ့ အဆင့်တောင် ဖြစ်သွားပါတယ်။ ဖြစ်နိုင်ရင်တော့ ဒီလို ရောဂါဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်း အသုံးမပြုတဲ့ အစားအစာများကိုသာ ရောင်းချ သင့်ပါကြောင်းနှင့် စားသုံးသူများ အနေဖြင့်လည်း သတိထား ရှောင်ကြဉ်သင့်ပါကြောင်း ပြောရင်းနဲ့ အခုလို သိမှတ်ရအောင် လမ်းညွှန်ပေးသော မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေး အသင်းကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြော လိုက်ရပါတော့တယ်။ မြန်မာနိုင်ငံ စားသုံး သူကာကွယ်ရေးအသင်းသို့ ဝင်ရောက်လိုသူများနှင့် အကူအညီ တောင်းခံလိုသူများ ဖုန်း -၆၄၄-၀၉၀နှင့် ၀၉-၄၂၀-၁၂၀-၈၉၀သို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်း ပေးလိုက်ပါရစေရှင်။

“အချိုရည် အသောက်များတဲ့ ကိုကို မမ တွေနဲ့ ကလေးတွေကို ဂျယ်လီဂယ်ကျွေးတဲ့ မိခင်များ သတိထား ရမှာကတော့ အချိုရည် ဘူးများတွင်”

ဘယ်လိုဆိုင်မျိုးရဲ့ အရောင်းပိုင်းကို ထိန်းချုပ်ချင်ပါသလဲ။
“R-SCS”
ရိုးရှင်းလွယ်ကူစွာ သုံးနိုင်သော
“စားသောက်ဆိုင် အရောင်းထိန်းချုပ်ကွပ်ကဲမှုစနစ်”
၁၄ ရက် စမ်းသပ် အသုံးပြုနိုင်သော အစီအစဉ် စတင်နေပါပြီ
Zillion Com
09-49220434
zillioncom.com
www.facebook.com/zillioncomictsolution

PROFIT Computer Training Centre 30% Off
Practical A+ Special Course
- Desktop များသာမက Laptop များအကြောင်း အသေးစိတ် အချက်အလက်များအပြင် စနစ်တကျပြုပြင်တပ်ဆင်ခြင်း ၊
- Windows XP, 7, 8, Driver, Software, Game Installation,
- DOS command, Disk Management, Hard Disk Cloning, System Registry , Group Policy , Data Security , Data Backup & Recovery, System Backup & Recovery, Anti Virus System နှင့် အခြားသိသင့်သော system tools များ
- Networking ချိတ်ဆက်ခြင်းများအပြင် CCTV Camera များ တပ်ဆင် အသုံးပြုပုံများ ထည့်သွင်းသင်ကြားပေးပါသည်။
- ACER နှင့် MSI မှ Computer Technician များမှ Laptop များအကြောင်းကူညီပံ့ပိုး သင်ကြားပေးမည်ဖြစ်ပါသည်။

Graphic Design Course + Project
ကြော်ငြာဒီဇိုင်း၊ ဗီနိုင်း၊ ပြက္ခဒိန် မွေးနေ့ကဒ်၊ Phamplet, Logo Design, Visiting Card , Wedding Card များဖန်တီးခြင်း၊ ဓါတ်ပုံအသစ်၊ အဟောင်းများပြုပြင်ခြင်း၊ ကုန်ပစ္စည်းထုတ်ပိုးမှု ဘူးခွံဒီဇိုင်းများ၊ စာအုပ်မျက်နှာဖုံးဒီဇိုင်း၊ CD Sticker Design, Voucher Design, Background Design ၊ လှပဆန်းပြားသော စာလုံးပုံရိပ်ဒီဇိုင်းများဖန်တီးခြင်း၊ Graphic Animation များ ဖန်တီးခြင်း၊ Layoutချခြင်း၊ စာအုပ်စာစောင်ဖွဲ့ခြင်း စသည်တို့ကို ပြုလုပ်နိုင်ရန် Trutorials ပေါင်းများစွာဖြင့် စနစ်တကျလေ့ကျင့် သင်ကြားပေးပါသည်။ကိုယ်တိုင် Projectများလေ့ကျင့်ပြုလုပ်ရမည်
Adobe Photoshop CS5, Adobe Illustrator CS5, Adobe Indesign CS5

I-Office , DTP , Advanced Excel , Vedio Editing Course, Animation (2D+3D)Course
(၈၀-၅)၊ ဦးထွန်းလင်းခြံလမ်း၊ သခြေညီ (၁) လည်းတန်း၊ ကမာရွတ်။ Phone:09-73084751, 09-420160229

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 18

## စေတသိက် သဘောကိုသိကြည့်ခြင်း

စေတသိက်ဆိုတဲ့ စိတ်ကပိုပြီး စိတ်ဂင်စားစရာကောင်းတယ်။ အာရုံကိုသိတတ်တဲ့ စိတ်ကိုပူးကပ်ပြီး ခြယ်လှယ် လှုံ့ဆော်ပေးတဲ့

စေ တ သိ က = စေတသိက်

လူသားအားလုံးနဲ့ နေ့စဉ် အချိန်တိုင်း စက္ကန့်မလပ် အတူရှိနေတယ်။ အာရုံတွေကို သိတတ်တဲ့ စိတ်ကိုမှီပြီး ကောင်းအောင်၊ ဆိုးအောင် ရှင်းအောင် ၊ရှုပ်အောင်၊ ညစ်ပတ်အောင်၊ ရိုင်းစိုင်းအောင်၊ မိုက်မဲအောင် နာမည်ပေါင်းများစွာနဲ့ စိတ်အမျိုးအစားတွေ ပေါ်ထွက်လာအောင် ဖန်တီးပေးနေတာ စေတသိက်ပဲ။

စိတ်ဟာ စေတသိက်အမျိုးမျိုးနဲ့ အတူတူဖြစ်ရလို့ စေတသိက်ရဲ့အကောင်းအဆိုးကို လိုက်ပြီး ကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ်ဆိုပြီး ကွဲပြားစေတာဟာ တူတူပူးကပ်နေတဲ့ စေတသိက်က ခြယ်လှယ်နေလို့ပဲ။ စိတ်ကိုကောင်းအောင်၊ မကောင်းအောင် ခြယ်လှယ်တဲ့စေတသိက် ရှိသလို ကောင်းတာရော၊ မကောင်းတာရော နှစ်မျိုးလုံးကို ခြယ်လှယ်တဲ့ စေတသိက်တွေရှိတယ်။

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.comတွင် သွားရောက် လေ့လာနိုင်ပါသည်။

## Education UK Certificate for Agents သင်တန်းအကြောင်း ရှင်းလင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့

ဒေဝီ

Education UK Certificate for Agents ဆုပေးပွဲ အခမ်းအနားနှင့် Education UK Certificate for Agents သင်တန်း အကြောင်း ရှင်းလင်းပွဲနှင့် ဖြေဆို အောင်မြင်ခဲ့သည့် သင်တန်းသားများ၏ ဆုပေးပွဲ အခမ်းအနား ကို မေလ ၁၇ရက်နေ့ နံနက် ၁၀း၀၀၊ Self-Access Centre, ဗြိတိသျှကောင်စီ စာကြည့်တိုက်၊ ၇၈ ကမ်းနားလမ်းတွင် ပြုလုပ်ခဲ့သည်။

ဗြိတိသျှ ကောင်စီမြန်မာမှ ပြည်တွင်းရှိ UKပညာရေး အတိုင်ပင်ခံ လုပ်ငန်း လုပ်ကိုင်သူများအတွက် Education Certificate for Agents သင်တန်းကို ပထမဆုံးအကြိမ် မြန်မာပြည်၌ အောက်တိုဘာလ ၂၀ရက်နေ့ ၂၀၁၂ခုနှစ်မှ စတင်ပို့ချခဲ့ပြီး သင်တန်းကာလ ၂လကြာမြင့်သည်။ Online Trainingကို ပထမဆုံးအကြိမ် အနေဖြင့် ပြည်တွင်းပညာရေး အတိုင်ပင်ခံ Agencyများအား ဖိတ်ကြားခဲ့ပြီး ပညာရေး အတိုင်ပင်ခံ ၃ဦး တက်ရောက်ခဲ့သည်။

၎င်း Online Training Programmeကို ဗြိတိသျှကောင်စီက အဓိက ဖန်တီးခဲ့ပြီး ပညာရေး ဈေးကွက်မြှင့်တင်ရေး နယ်ပယ်တွင် လုပ်ကိုင်နေကြသူများ၊ UKနိုင်ငံရှိ တက္ကသိုလ်နှင့် ပညာရေး အဖွဲ့အစည်းများ၊ UK အမျိုးသား အဖွဲ့အစည်းများ ဖြစ်ကြသည့် UCASနှင့် UK၏ ပြည်ဝင်ခွင့် စည်းမျဉ်း စည်းကမ်းများနှင့် ခွင့်ပြုချက်များကို တာဝန် ယူဆောင်ရွက်သည့် UK အစိုးရအဖွဲ့အစည်း UKBA (UK Border Agency)တို့၏ အကြံပြုချက်များကိုပါ ထည့်သွင်းထားပါသည်။

သင်တန်းတက်ရောက် အောင်မြင်သူများသည် UK နိုင်ငံ၏ ပညာရေးစနစ်နှင့် UK နိုင်ငံတွင် ကျောင်းသားတစ်ယောက် အနေနှင့် ပညာသင်ကြားရာနှင့် နေထိုင်ရာတွင် အချက်အလက်များကို သိရှိနားလည်၍ ကျောင်းသားများကို အပြည့်အဝ ပညာရေးနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေး အကြံပြုနိုင်စေမည် ဖြစ်သည်။ လက်မှတ်ကို UK ပညာရေး အဖွဲ့အစည်းများက အသိအမှတ်ပြုပြီး လက်မှတ် ရရှိထားသူများသည် UKသို့ သွားရောက် ပညာသင်ကြားရန် ပြင်ဆင်နေကြသည့် ကျောင်းသားများကို အပြည့်အဝ အကြံပေးနိုင်သူ ဖြစ်ကြောင်း သိရသည်။


Image Credit: www.madridteacher.com

## မလေးရှားနိုင်ငံမှတစ်ဆင့် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများသို့ တက်ရောက်လိုသူများအတွက် ဆွေးနွေးပွဲ


Image Credit: www.telegraph.c

သန့်စင်

မလေးရှား နိုင်ငံမှတစ်ဆင့် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများသို့ ဆက်လက် တက်ရောက်လိုသူများအတွက် ဆွေးနွေးပွဲကို SR Worldwide Education ရုံးခန်း၌ ညနေ ၄ နာရီမှ ၆ နာရီအတွင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်သော UCSI Universityမှ တာဝန်ရှိသူများ ကိုယ်တိုင် လာရောက် ဆွေးနွေး ဟောပြောပါသည်။ ယင်းနေ့တွင် ဆွေးနွေးမည့် အကြောင်းအရာများမှာ Civil Engineering, Architecture, Interior Architecture, Aerospace, Chemical Engineering, Mechanical Engineering, Electrical & Electronic Engineering, Manufacturing Engineering, Computer System Engineering, Automotive Engineering, Biosystems Engineering အစရှိသည့် ဘာသာရပ်များနှင့် ပတ်သက်သည့် ကျောင်းဝင်ခွင့်ဆိုင်ရာ အချက်အလက်များ၊ 1+2 Programအကြောင်းနှင့် ကျောင်းဝင်ခွင့် ရရှိစေရန် ပြင်ဆင်သင့်သည့် အချက် အလက်များကို အသေးစိတ် ဆွေးနွေးပေး ပါမည်။

ဒါ့အပြင် ယင်း UCSI Universityရှိ Bachelor ပထမနှစ် တက်ရောက်ပြီး၊ ကျန် (၂)နှစ်ကို USA, UK, Australia, Canada, Newzealand အစရှိသည့် နိုင်ငံကြီးများရှိ ထိပ်တန်း တက္ကသိုလ်များတွင် ဒုတိယနှစ်မှစ၍ တိုက်ရိုက် တက်ရောက်ခွင့် ရရှိနိုင်မည့် ဘာသာရပ်များ အကြောင်းကိုလည်း ဆွေးနွေးပေးမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ MBBS ဘွဲ့ရရှိထားသူများ Master Program ဆက်လက် တက်ရောက်နိုင်သည့် Master of Science in Anti-Aging အကြောင်းကိုလည်း တစ်ပါတည်း ရှင်းလင်း ပြောကြားမည် ဖြစ်ပြီး၊ ဒါ့အပြင် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအတွက် Scholarship Program များကိုလည်း ယင်းနေ့တွင် တစ်ခါတည်း လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

CARTOON BY

စမ်းချောင်း ကိုကိုအောင်



# TMC Academy စင်ကာပူတွင် ဘွဲ့ဒီဂရီရယူလိုသူများရန်ကုန်၊မန္တလေးတွင် တစ်ဦးချင်း ဆွေးနွေးပေးမည်




မင်းခန့်

TMC Academyတွင် သင်ယူနိုင်မည့် စီးပွားရေး ဘာသာရပ်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဘာသာရပ်များ၊ အိုင်တီဘာသာရပ်များ၊ လူထုဆက်ဆံရေး ကျောင်းသား များအတွက် အဓိကလိုအပ်သော အင်္ဂလိပ်စာ၊ "O" Level စသည့် ဘာသာရပ် များ၊ ဥပဒေနှင့် စိတ်ပညာဘာသာရပ်များ အကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အကြောင်းတို့ကို TMCမှ တာဝန်ခံအရာရှိ Miss Thu Thuမှ တစ်ဦးချင်း ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၃ခုနှစ်၊ မေလ ၂၀ရက် (တနင်္လာနေ့) နေ့လည် (၁)နာရီမှ ညနေ (၅)နာရီအထိ AT&S အမှတ် (၁၄၀) ပထမထပ်(ညာ)၊ စဉ့်အိုးတန်းလမ်း (အထက်)၊ လသာမြို့နယ်တွင် လည်းကောင်း၊ မေလ (၃၀)ရက်နေ့ (ကြာသပတေးနေ့) နံနက် (၉)နာရီခွဲမှ နေ့လည် (၁)နာရီအထိ AT & S အမှတ် (၈၂)၊ ၇၂ လမ်း၊ ၃၁×၃၂ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင် ကျင်းပ ပြုလုပ်မည် ဖြစ်ပါသည်။

၁၉၈၁ခုနှစ်မှ စတင်တည်ထောင်ခဲ့သော TMC Academyသည် စင်ကာပူ အစိုးရ အသိအမှတ်ပြု EDU Trust လက်မှတ် ၄နှစ်ရရှိထားပြီး MRTမှတ်တိုင်များနှင့် နီး၍ သွားလာရ လွယ်ကူသော ကျောင်းဝင်းနှစ်ခုတွင် စာသင်ခန်းပေါင်း (၆၀)အပါအဝင် စာကြည့်တိုက်၊ လူထုဆက်ဆံရေး ဘာသာရပ်များအတွက် လေ့ကျင့်ရန် စတူဒီယို၊ ကွန်ပျူတာအခန်းများ၊ အစားအသောက်နှင့် အဖျော်ယမကာ လေ့ကျင့်ခန်းမ ဟိုတယ်နှင့် ဝန်ဆောင်မှု ဘာသာရပ်များအတွက် တကယ့်လက်တွေ့ လုပ်ငန်းခွင်နှင့် မခြားသော လေ့ကျင့်မှုများ ပြုလုပ်နိုင်မည့် ပတ်ဝန်းကျင်၊ စိတ်ပညာ ကျောင်းသားများအတွက် ဆွေးနွေး လေ့ကျင့်နိုင်မည့် ခန်းမများအပြင်၊ အခြားသော ကျောင်းတွင်း ဝန်ဆောင်မှုများကိုပါ စီမံဆောင်ရွက် ပေးထားပါသည်။

ဆွေးနွေးပွဲတွင် TMC Academy၏ Monash College စီးပွားရေး ဒီပလိုမာ ပထမပိုင်းနှင့် ဒုတိယပိုင်း နှစ်ခုပေါင်း (၁၆)လ တက်ရောက်ပြီး ကမ္ဘာ့ထိပ်တန်းစာရင်း ဝင်ဩစတြေးလျ Monash University၏ ဒုတိယနှစ် စီးပွားရေး ဒီဂရီတန်းများသို့ တိုက်ရိုက် တက်ရောက်နိုင်ခြင်း၊ ကွန်ပျူတာဘာသာရပ်ကို University of Cambridge International Examination (CIE)၏ အဆင့်မြင့် အိုင်တီ ဒီပလိုမာကို TMCတွင် တက်ရောက်ပြီး University of Greenwich, UK၏ အိုင်တီ ဘွဲ့ဒီဂရီတို့ကို တစ်နှစ် ဆက်လက် တက်ရောက်ပြီး ရရှိနိုင်ခြင်း၊ အဆင့်မြင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဒီပလိုမာများကို TMCတွင် တက်ရောက်ပြီး တစ်နှစ် ဆက်လက် တက်ရောက်နိုင်ခြင်း၊ အဆင့် မြင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဒီပလိုမာများကို TMCတွင် တက်ရောက်ပြီးပါက အင်္ဂလန်၏ နာမည်ကျော် Liverpool John Moore University, University of Glouce-stershire, Robert Gordon Universityတို့၏ နောက်ဆုံးနှစ် ဘွဲ့ဒီဂရီတန်းများကို ဆက်လက် တက်ရောက်ရုံဖြင့် ရရှိနိုင်ခြင်း၊ မိမိတက်ရောက်ရန် ရွေးချယ်ထားသည့် တက္ကသိုလ်ပေါ် မူတည်၍ ဆွစ်ဇာလန်နိုင်ငံ တွင် ၆လ ပညာသင်ကြားပြီး၊ (၄လမှ၆လ)ကို ဆွစ်ဇာလန်၏ ဟိုတယ်လုပ်ငန်းခွင်များ တွင် လခစား လက်တွေ့လုပ်ငန်းခွင်ဆင်းခွင့် (၁၅)ပတ်ကို အင်္ဂလန်တွင် သွားရောက် ပညာသင်ကြားကာ (၄)လ အဝေးရောက် သင်ကြားခွင့်များ ရရှိ နိုင်ခြင်းတို့အပြင် TMC Academy၏ အင်္ဂလိပ်စာသင်တန်းများ၊ TMCနှင့် ချိတ် ဆက်ထားသည့် တက္ကသိုလ်ကြီးများနှင့် ၎င်း တို့မှ ပေးအပ်ချီး မြှင့်မည့် ဘွဲ့လွန်နှင့် ဘွဲ့ဒီဂရီများ အကြောင်းတို့ကို ဆွေးနွေးပေးမည် ဖြစ်သည်။

TMC Academyအကြောင်း အသေးစိတ်သိရှိလိုသူများနှင့် ဆွေးနွေးပွဲအတွက် စာရင်းပေးသွင်းလိုသူများသည် AT&S ရန်ကုန်မြို့အတွက် ဖုန်းနံပါတ် ၀၁-၅၂၁-၁၂၅၊ ၀၁-၆၅၂-၂၈၈၊ ၀၁-၂၅၁-၃၃၂၊ ၀၉-၅၁၂-၄၇၆၁ သို့လည်းကောင်း၊ မန္တလေးမြို့အတွက် ၀၂-၇၄၄-၃၆၊ ၀၉-၅၀၆-၂၁၆၁သို့လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# .NET Application Developer ( ASP.NET with C#.NET) သင်တန်းဖွင့်လှစ်မည်

မင်းခန့်

Framework နည်းပညာများ၊ Database ချိတ်ဆက် သုံးစွဲပုံနှင့် Software ကောင်းတစ်ခု ဖြစ်စေရန်အတွက် လိုအပ်သော Design Patternများ အသုံးပြုပုံတို့ကို စနစ်တကျသင်ကြားပေးမည့် .NET Application Developer သင်တန်းကို ဖွင့်လှစ်တော့မည် ဖြစ်သည်။ အဆိုပါ သင်တန်းသည် ပြည်တွင်း၊ ပြည်ပတွင် .NET Professional တစ်ယောက် ဖြစ်လိုသူများ၊ နိုင်ငံရပ်ခြားတွင် နည်းပညာများသွားရောက် သင်ယူလိုသူများအတွက် သင့်လျော်သော သင်တန်း ဖြစ်သည်။

C#.Net Application တစ်ခုတည်ဆောက်ခြင်း၊ ASP.Net Framework အကြောင်း လေ့လာခြင်း၊ HTML Controls၊ Web Server Controlsနှင့် Validation Controls များ အသုံးပြုပုံ၊ State Management Techniquesများဖြစ်သော Query Strings၊ Cookies၊ Server State၊ Application Stateများ အကြောင်း လေ့လာခြင်းများ အပြင်၊ ASP.Net User Controlများ အကြောင်း၊ Database ချိတ်ဆက်မှု အပိုင်းနှင့် ပတ်သက်၍ ADO.Net၊ Data Binding၊ Error Handling၊ Securityစသည့် ဘာသာရပ်များ ပါဝင်မည် ဖြစ်သည်။

သင်တန်းကာလ အားလုံးပြီးဆုံးပါက Final Examများကို ဖြေဆိုရမည် ဖြစ်ပြီး၊ Projectလည်း ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ရမည် ဖြစ်သောကြောင့် စာတွေ့ လက်တွေ့ ကျွမ်းကျင်မှု ရရှိစေမည် ဖြစ်သည်။ သင်တန်းချိန်များမှာ စနေ၊ တနင်္ဂနွေတန်း (၁၂း၄၅ မှ ၃း၄၅နာရီအထိ)၊ သင်တန်းကာလမှာ (၄)လကြာမြင့်မည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာတန်း (ညနေ ၄း၀၀မှ ၇း၀၀ နာရီအထိ) သင်တန်းကာလ (၃)လကြာမြင့်မည်။

အသေးစိတ် သိလိုပါက Myanmar WWW Institute - အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်(ခ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်။ ဖုန်း-၆၅၂-၂၈၈၊ ၅၂၁-၁၂၅သို့ စုံစမ်း မေးမြန်းနိုင်ပါသည်။






# Webster Universityတွင် တက်ရောက်နေသော ကျောင်းသူ နန်းကံ့ကော်ယွက်ဆိုင်နှင့် တွေ့ဆုံခြင်း

လင်းအေး

ပညာသင်ဆု (၂)ခုဖြစ်သော Entr -ance Scholarshipနှင့် ထိုင်းနိုင်ငံ အခြေစိုက် We Women Foundation မှ ပေးအပ်သော Scholarshipများ ဖြင့် International Relation ဘာသာ ရပ်အား အမေရိကန်နိုင်ငံ၏ တစ်ခု တည်းသော ထိုင်း နိုင်ငံကျောင်းခွဲ Webster Universityတွင် တက်ရောက်နေသော ကျောင်းသူတစ်ဦး နှင့် Myanmar Search International (MSI)တို့၏ Online ဆွေးနွေးမှု

Q: ညီမလေးရဲ့ အမည်၊ အသက်၊ တက်ရောက်နေသော ကျောင်း၊ သင်ကြားနေသော ဘာသာရပ်

Ans: ညီမနာမည်က နန်းကံ့ကော်ယွက်ဆိုင်ပါ။ ညီမအသက် ၂၀ပါ။ အခု Webster University (Thail -and)မှာ International Relati -onကို လေ့လာနေပါတယ်။

Q: ညီမလေး တက်ခဲ့တဲ့ ကျောင်းတွေကို အသေးစိတ်လေး သိချင်ပါတယ်။

Ans: အထက်တန်းကျောင်းကို V.E.C အဆောင်မှာနေရင်း အ.ထ.က (၂၆) မန္တလေးမှာ တက်ခဲ့ပါတယ်။ တက္ကသိုလ်ကိုတော့ အင်္ဂလိပ် မေဂျာ ဒုတိယနှစ်အထိ တက်ခဲ့ပါတယ်။ အဲဒီနှစ်တွေအတွင်း အခြား လှုပ်ရှားမှုအနေနဲ့ Kaw Daiအဖွဲ့နဲ့ Com -munity အလုပ်လုပ်ပါတယ်။ အဲဒီအဖွဲ့မှာပဲ ညီမ အင်္ဂလိပ်စာကို ထပ်လေ့လာပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားပြု ကျောင်းသား ခေါင်းဆောင်အဖြစ် Hawaii, United Statesမှာ သဘာဝ ပတ်ဝန်းကျင်အကြောင်း လေ့လာ ဖြစ်ပါတယ်။

Q: ညီမလေးက ဘယ်နှစ်ခုနှစ်လောက်က ပြည်ပကို စတင် သွားရောက် ကျောင်းတက်ပါသလဲ။

Ans: ညီမ မတ်လ ၁၀ရက်နေ့ ၂၀၁၂ခုနှစ် က စတက်ဖြစ်ပါတယ်။

Q: အခု ညီမလေး တက်နေတဲ့ ဘာသာရပ်ကို ရွေးချယ်ဖြစ်ခဲ့ပုံနဲ့ ဘာလို့ ရွေးချယ်ရတယ် ဆိုတာလေးကို အသေးစိတ် ရှင်းပြပေးလို့ ရနိုင်မလား။

Ans: International Relation ဘာသာရပ်ဟာ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ နိုင်ငံအသီးသီးရဲ့ Political Systemတွေ၊ Ideologiesတွေ၊ သီအိုရီတွေရယ်၊ လတ်တလော ဖြစ်ပျက်နေတဲ့ ကမ္ဘာ့အရေးတွေကို လေ့လာရတာ ဖြစ်ပါတယ်။ နိုင်ငံတွေရဲ့ Political Systemတွေရဲ့ Success and Failuresတွေကိုလည်း လေ့လာသင်ယူရတာ ဖြစ်ပါတယ်။ ညီမတို့နိုင်ငံက နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆက်သွယ်ရေး နည်းပညာ ဗဟုသုတ အစစအရာရာ သိပ်မဖွံ့ဖြိုးသေးပါဘူး။ အထူးသဖြင့် ညီမလေးတို့ရဲ့ ရှမ်းပြည်နယ်၊ ရှမ်းလူမျိုးတွေ နောက်ကျနေတယ်လို့ ခံစားမိပါတယ်။ နိုင်ငံဖွံ့ဖြိုးရေး ဆိုတာကလည်း ကိုယ့်နိုင်ငံထဲမှာ ငြိမ်းချမ်းဖို့လိုပါတယ်။ ဒါပေမယ့် ပြည်တွင်းငြိမ်းချမ်းရေးကို ညီမတို့ အခုထိ မရသေးတဲ့အတွက် ငြိမ်းချမ်းရေး ရအောင် သူများနိုင်ငံတွေ ဘယ်လို လုပ်သလဲ၊ ပြည်သူတွေရဲ့ စွမ်းရည် (Capacity)ကို သူတို့ ဘယ်လို မြှင့်တင်နေလဲ ဆိုတာတွေလည်း လေ့လာချင်လို့ ဒီဘာသာကို ရွေးဖြစ်တာပါ။

Q: International Relation ဘာသာရပ်နဲ့ ပတ်သက်ပြီး ညီမလေးရဲ့ အမြင်လေးကိုလည်း သိချင်ပါတယ်။

Ans: နိုင်ငံရေးဆိုတာက နိုင်ငံရေးသမားနဲ့ နိုင်ငံ့ ပါတီတွေနဲ့ချည်းပဲ သက်ဆိုင်တာ မဟုတ်ပါဘူး။ စီးပွားရေးကလည်း နိုင်ငံရေးပါပဲ။ Inter -national Relations ဆိုတာ လည်း ကမ္ဘာ့သူ ကမ္ဘာ့သားတိုင်း နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်ပြီး ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ဖွံ့ဖြိုး တိုးတက်အောင် လုပ်တဲ့နေရာမှာ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့နေရာမှာ အရေးပါတဲ့အတွက် နိုင်ငံသားတိုင်း စိတ်ဝင်စားသင့်တဲ့ ဘာသာရပ် တစ်ခုပါ။ IRကို တက်ရောက်လေ့လာခြင်း အားဖြင့် နောက်ကျနေတဲ့ ညီမတို့နိုင်ငံနဲ့ လူမျိုးကို တစ်ထောင့် တစ်နေရာကနေ အင်အားဖြည့်ပေးနိုင်မယ်လို့ မြင်ပါတယ်။

Q: အခု ဘာသာရပ်နဲ့ ဘွဲ့ရပြီးရင်ရော ညီမလေး ဘယ်လိုနေရာတွေမှာ အသုံးချသွားမလဲ။

Ans: စစ်မှန်တဲ့ ပြည်ထောင်စုနဲ့ ငြိမ်းချမ်းရေး ရရှိအောင် လုပ်ဆောင်နိုင်မယ့် နေရာတွေမှာ အသုံးချသွားမှာပါ။ ညီမလုပ်နိုင်တဲ့ နေရာကနေ စလုပ်သွားမှာပါ။

Q: We Women Foundation အကြောင်းလေးကို အသေးစိတ်လေး ပြောပြပေးလို့ ရမလား။ နောက်ပြီး ညီမလေး အဲဒီ Foundation ကနေ ပညာသင်စရိတ် ချီးမြှင့်ငွေ ဘယ်လောက်ရခဲ့သလဲ။

Ans: ဟုတ်ကဲ့၊ We Women ဖောင်ဒေးရှင်းကို ၂၀၀၉ ခုနှစ်လောက်က ထိုင်းနိုင်ငံမှာ စတင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ထိုင်းနိုင်ငံမှာ ရှိတဲ့ မြန်မာနိုင်ငံသား အမျိုးသမီးတွေရဲ့ ဗဟုသုတနှင့် စွမ်းရည်များကို မြှင့်တင်ပေးခြင်းနဲ့ အဆင့်မြင့် ပညာသင်ခွင့် အခွင့်အရေး၊ အလုပ်အကိုင်အခွင့်အရေးတို့ကို ပံ့ပိုးပေးရန် ရည်ရွယ်ပါတယ်။ အထူးသဖြင့် အဆင့်မြင့်ပညာရေးကို ရယူပြီးသူ တို့ရဲ့ နေရာဒေသအသီးသီးမှာ ရရှိလာတဲ့ ပညာကို အသုံးချပြီး ဦးဆောင်ဦးရွက်ပြုရန် စိတ်အား ထက်သန်လှတဲ့ အမျိုးသမီးများကို ဦးစားပေး ထောက်ပံ့ပေးတယ်။ ဖောင်ဒေးရှင်းရဲ့ ရေရှည် မျှော်မှန်းချက်ကတော့ အစိုးရအဖွဲ့အစည်းနှင့် အန်ဂျီအို အဖွဲ့အစည်းများကဲ့သို့သော လူမှုရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပေါ်လစီချမှတ်ခြင်းနဲ့ ဆုံးဖြတ်ချက်ချခြင်းများတွင် ဦးဆောင်ဦးရွက် နေရာမှ ပါဝင်လာနိုင်စေရန် ဖြစ်သည်။ ထိုနည်းအားဖြင့် ၎င်း အမျိုးသမီးများကနေ အခြားသော အမျိုးသမီးများ၏ စံနမူနာပြ ဖြစ်လာကြမည်ဖြစ်ပြီး ထိုမှတစ်ဆင့် သူတို့နေထိုင်ရာ ပတ်ဝန်းကျင်ရှိ သူများ၏ အမျိုးသမီးများ အပေါ်ထားရှိသော အမြင်ကို ပြုပြင် ပြောင်းလဲခြင်းနှင့် သူတို့ဒေသရဲ့ လိုအပ်ချက်များကို သူတို့ကိုယ်တိုင် ရှာဖွေဖော်ထုတ်ပြီး ဒေသတိုးတက်ရေးကို ဆောင်ရွက်ရန် ဖြစ်သည်။ Foundationကနေပြီး တက္ကသိုလ် အကြိုပြင်ဆင်ခြင်း၊ တက္ကသိုလ်တန်း တက်ရောက်ရန် ပံ့ပိုး ပေးခြင်းနဲ့ တက္ကသိုလ်တန်း တက်ရောက် နေစဉ်အတွင်း ကူညီပံ့ပိုးပေးခြင်းဆိုပြီး အဓိက သုံးမျိုး လုပ်ပါတယ်။ အကြိုပြင်ဆင်ခြင်း အစီအစဉ် မှာတော့ တက္ကသိုလ် ဝင်ခွင့်ရရန် အရေးကြီးလှတဲ့ အင်္ဂလိပ်စာ စွမ်းရည် မြှင့်တင်ပေးခြင်း၊ ကျောင်းသူ တစ်ဦးချင်းစီအား သူတို့ စိတ်အားထက်သန်တဲ့ ဘာသာရပ်ကို ရွေးချယ်နိုင်ရန် လမ်းကျောင်းပေးခြင်း၊ တစ်ဦးချင်းစီ လိုအပ်ချက်အလိုက် ဆရာတစ်ဦးချင်းစီနဲ့ လေ့ကျင့်သင်တန်းပေးခြင်း၊ အလုပ်သင်နှင့် အလုပ်ရရှိရေး ကူညီဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပါတယ်။ ထို့နောက် အရည်အချင်းပြည့် ဝလာပြီး တက္ကသိုလ်တက်ရန် အဆင့်သင့်ဖြစ်တဲ့ အမျိုးသမီးများကို ရွေးချယ်ပြီး ပညာသင်ဆု ထောက်ပံ့ပေးတယ်။ ကျောင်းလျှောက်လွှာတင်ခြင်းနဲ့ ပတ်သက်ပြီးလည်း အကြံဉာဏ် ပေးပါတယ်။ ဒါတင်မကပဲ ပညာသင်ဆု ချီးမြှင့်ပြီး တက္ကသိုလ် တက်ရောက်နေတဲ့ အချိန် အတွင်းမှာလည်း လိုအပ်တဲ့ အကူအညီများကို ဆက်လက်ထောက်ပံ့ ပေးပါတယ်။ တက္ကသိုလ်ပြီးတဲ့ အခါမှာလည်း အလုပ်သင်အခွင့်အရေး အလုပ်အကိုင် အခွင့်အရေး ရရှိရေးတို့အတွက် ပံ့ပိုးဆောင်ရွက် ပေးပါတယ်။ အခု ၂၀၁၃ ခုနှစ်မှာတော့ ဖောင်ဒေးရှင်းက မြန်မာနိုင်ငံအတွင်းမှာ လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် ကြိုးပမ်းနေပါတယ်။ ဖောင်ဒေးရှင်းရဲ့ အကြောင်း အသေးစိတ်ကိုတော့ www.wewomenfoundation.org အင်တာနက် စာမျက်နှာမှာ လေ့လာနိုင်ပါတယ်။ We Women Foundationကနေ ညီမတစ်နှစ်ကို ယိုးဒယား ဘတ်ငွေ ၂၀၀,၀၀၀ မြန်မာ ကျပ်ငွေ သိန်းခြောက်ဆယ်ကျော် ဝန်းကျင်လောက် ရပါတယ်။ အခက်အခဲရှိတယ်ဆိုရင်လည်း သူတို့နဲ့ ပြန်ပြီးတိုင်ပင်လို့ ရပါတယ်။

Q: Webster Universityက ပေးတဲ့ Entrance Scholarshipက ရော ဘယ်လောက်ရခဲ့တာလဲ။

Ans: အဲဒါက အမေရိကန် ဒေါ်လာ ၅၃၀၀ပါ။ စာသင်နှစ် လေးနှစ်စာလုံး အတွက် ဖြစ်ပါတယ်။ Myanmar Search International (MSI) ကတစ်ဆင့် သွားတဲ့ ကျောင်းသား သုံးယောက်လည်း Webster Universityက ပေးတဲ့ Entrance Scholarshipကို ရကြပါတယ်။ တချို့ကျောင်းတွေက ကျောင်း Promotion အတွက် ပညာသင်ဆု ဆိုပြီး ပေးပေမယ့် ဒီ Webster Uni -versityကတော့ ကျောင်းကို တက်မယ့် ထူးချွန်တဲ့ ကျောင်းသားတွေ အတွက် စောင့်ကြည့် အကဲဖြတ်တဲ့ ကော်မတီကို ဖွင့်ပြီး ပေးတာ ဖြစ်ပါတယ်။

Q: ညီမလေးရဲ့ အနာဂတ် ရည်မှန်းချက်လေးတွေကိုလည်း အသေးစိတ် ပြောပြပေးပါလား။

Ans: ညီမက ညီမသိထား၊ တတ်ထားသလောက်လေးတွေကို သူများကို ပြန်ဖြန့် ပေးဝေချင်ပါတယ်။ စာရေးတဲ့သူ တစ်ယောက် ဖြစ်ဖြစ်၊ ဆရာမ ဖြစ်ဖြစ်ပါ။

Q: ညီမလေးလိုပဲ ပညာ သင်ဆုကို စိတ်ဝင်စားတဲ့ မြန်မာနိုင်ငံက ထူးချွန် ကျောင်းသား၊ ကျောင်းသူတွေအတွက် ညီမလေးရဲ့ အမြင်လေးကို ပြောပြပေးပါဦး။

Ans: ဘယ်စကောလားရှစ်မဆို အင်္ဂလိပ်စာ TOEFL အမှတ်တွေ တောင်းပါတယ်။ အဲဒါလေးကို လေ့ကျင့်ထားသင့်ပါတယ်။ နောက် အရေးကြီးတာက Community အတွက် ဘာလုပ်ခဲ့လဲ ဆိုတာပါပဲ။ ပြီးတော့ ကိုယ့်ဆရာတွေရဲ့ ထောက်ခံချက်စာတွေလည်း ပြင်ဆင်ထားသင့်ပါတယ်။ အဲဒါတွေ မရှိထားဘူးဆိုရင် သူတို့မေးတဲ့ အင်တာဗျူးကို ဖြေတဲ့နေရာမှာ အခက်အခဲ ရှိနိုင်မှာ ဖြစ်တဲ့အတွက် ကိုယ့်ဘက်က အဆင်သင့် ဖြစ်အောင် ပြင်ဆင်ထားသင့်ပါတယ်။

Webster UNIVERSITY

Future Point
Computer Language Web Services
Basic Computer Course,
Graphic Design Course,
BCIS (NCC Education, UK)
အချိန် ညှိနိုင်းနိုင်
မှဘွဲ့ရကိုယ်တိုင် ရက်အနည်းငယ်အတွင်း အတတ်သင်ကြားပေးနေပါပြီ။
သင်ကြားရေးအတွေ့အကြုံရှိ UFL(Chinese) မှ Dip. ရ ဆရာမများ BA (Eng) ဘွဲ့ရဆရာ / ဆရာမ၊ Myanmar University of Marine ဘွဲ့ရဆရာ ကိုယ်တိုင် သင်ကြားပေးနေပါပြီ။
တန်းခွဲတစ်ခုလျှင် ၅ဦးသာ (For Language)
18 May Chinese Basic - Sat, Sun (3:00 - 5:00 PM)
27 May English 4 Skills Basic - Mon, Tue (1:30 - 3:30 PM)
29 May English Speaking - Wed, Thu, Fri (6:30 - 8:00 PM)
နိုင်ငံခြားသို့သွားရောက် အလုပ်လုပ်မည့်သူများအတွက် အခြေခံအင်္ဂလိပ်စကားပြော (၁)လသင်တန်း ကို မေ (၂၈) တွင်စတင်ဖွင့်လှစ်နေပါပြီ။ စာရင်းပေးသွင်းနိုင်ပါပြီ။
အိမ်လိုက်သင်ကြားပေးသည် Tue, Wed, Thu (6:00 - 7:30 PM)
Websites များကို အချိန်တိုအတွင်း ဈေးနှုန်းသင့်တင့်စွာဖြင့် ရေးဆွဲပေးပါပြီ
အမှတ် (၃၈/၁)၊ ဘော်ဇဂလမ်း (7MART ဘေး)၊ ဘော်ဇဂလမ်းသွယ် (၃)၊ သုဝဏ္ဏ၊ ရန်ကုန်။ ဆက်သွယ်ရန်: မှတ်တိုင် - လမ်းဆုံမှတ်တိုင် 0973215521

BrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBright
မြို့ပြကျေးလက် ဆက် ဆက် ဆက် စရာ Bright ရှာဝယ်ယူပါ။
Bright Mobile
Whole Sales & Retial
အထူးနှုန်း
နိုင်ငံတော်၏ သားသုံးသားအတွက် အထူးနှုန်းနှင့်ရောင်းပေးပါသည်။
♛ ဗုဒ္ဓ၏သားတော်၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ စာသင်တိုက်မှာရုံများ။
♛ ကျေးရွာ/မြို့နယ်များ၏ ကျောင်းသားများ၊ စာသင်ကျောင်းများ၊ ပင်စင်စား ဆရာ/မများ။
♛ တိုင်းပြည်အတွက် ကိုယ်အင်္ဂါပေးဆပ်ခဲ့သော တပ်မတော်သားများ၊ ပင်စင်စားဝန်ထမ်းများ။
♛ ဝယ်ယူအားပေးလိုသူများ သက်ဆိုင်ရာအသိအမှတ်ပြုကတ်များ ယူဆောင်လာပါရန်။
ဒုတိယထပ် ကားပါကင် ဆိုင်အမှတ် -D5 ဝင်ပေါက်အမှတ်(၃)မှ လှေကား(သို့) စက်လှေကားဖြင့်ကြွပါ။
YUZANA PLAZA (2nd Fl) CAR PARKING (D5) 09-73106085, 09-5198346
No.(64/476), INN TAW ST. INDUSTRIAL ZONE (2), S/ DAGON TSP. YANGON. 01-591201,09-31048594
10000 <Handset မျိုးစုံ <40000 (Myanmar Font) ပါပြီး(android) ဖုန်းများ
BrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBrightBright


Andrew E.Rubin

# Androidကို ထုဆစ်ခဲ့သူများ

လင်းထက်

ဒီနေ့ခေတ် Smart Phone လောကမှာ အဓိက ရေပန်းစားနေတဲ့ Operating System တစ်မျိုးဖြစ်တဲ့ Android ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလအတွင်းက လူငယ် နည်းပညာရှင်တစ်စုရဲ့ တီထွင်အောင်မြင်မှု ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ အဲဒီ လူငယ်နည်းပညာရှင်တွေရဲ့ ဘဝကို အကျဉ်းချုပ် ဖော်ပြပေးလိုက်ပါတယ်။


Rich Miner

Androidစနစ်ကို အဓိက ဦးဆောင် တီထွင်ခဲ့သူ Andrew E.Rubinဟာ Danger Inc.နဲ့ Android Inc.ကို ပူးပေါင်း တည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ Googleရဲ့ Mobile and Digital Content အပိုင်းရဲ့ စီနီယာ အုပ်ချုပ်ရေးမှူးတာဝန်ကို ၂၀၁၃ ခုနှစ် မတ်လအထိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ နည်းပညာပိုင်းဆိုင်ရာ တီထွင်ဖန်တီးနိုင်မှုတွေအတွက် ဂုဏ်ပြုဆုပေါင်း လေးခု ရရှိခဲ့ပြီး ငွေအနေနဲ့ ဒီနေ့အထိ ဒေါ်လာ သန်း ၁၀၀ခန့် ရရှိချမ်းသာသူ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာတော့ Googleရဲ့ CEOဖြစ်သူ Larry Pageက Andy Rubinအနေနဲ့ Googleရဲ့ အခြားသော ဌာနတစ်ခု ဖြစ်တဲ့ Android အပိုင်းကို တာဝန်ရွှေ့ပြောင်း ထမ်းဆောင်တော့မှာ ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ Andyရဲ့ နေရာကိုတော့ ယခင် Google Chrome အပိုင်းမှ Sundar Pichaiက ပြောင်းလဲ တာဝန်ယူခဲ့ပါတယ်။

Rubinဟာ ဂျူးလူမျိုး တစ်ယောက်ဖြစ်ပြီး နယူးယောက်မြို့၊ ချက်ပါကွာ အရပ်မှာ မွေးဖွား ကြီးပြင်းခဲ့ရတာ ဖြစ်ပါတယ်။ ပညာရေးအပိုင်းမှာတော့ ၁၉၇၇ ခုနှစ်ကနေ ၁၉၈၁ ခုနှစ်အထိ နယူးယောက်က Horace Greeley High Schoolမှာ တက်ရောက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၁၉၈၆ ခုနှစ်အထိ နယူးယောက်က Utica Collegeမှာ ကွန်ပျူတာ သိပ္ပံအထူးပြုနဲ့ တက်ရောက် သင်ကြား ကျောင်းပြီးခဲ့ပါတယ်။

Rich Minerဟာ Google Venturesအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး Android Inc.ကို ပူးပေါင်း တည်ထောင်ခဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ Google Venturesနဲ့ ချိတ်ဆက်ခဲ့တဲ့ အချိန်ကတော့ ၂၀၀၉ ခုနှစ် မတ်လ ဖြစ်ပြီးတော့ Cambridgeကနေ M.Aဘွဲ့ ရရှိခဲ့ပြီးချိန် ဖြစ်ပါတယ်။ ဒါ့အပြင် Minerဟာ Wildfire ကိုပါ ပူးပေါင်း တည်ထောင်ခဲ့သူ တစ်ယောက်ဖြစ်ပြီးတော့ နောက်ပိုင်းမှာတော့ Orange Companyဆီကို ရောင်းချခဲ့ရပါတယ်။ သူဟာ University of Mas-sachusetts Lowellကနေ ကွန်ပျူတာ သိပ္ပံအပိုင်းမှာ ဒေါက်တာဘွဲ့ ရခဲ့ပါတယ်။

Ref: www.wikipedia.com

# ၁၄ကြိမ်မြောက် အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲအတွက် မြန်မာနိုင်ငံသား ပညာရှင်များအား ဖိတ်ခေါ်

သန့်စင်

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗြိတိသျှကောင်စီ (မြန်မာ)၏ အင်္ဂလိပ်ဘာသာ သင်ကြားရေး နှီးနှောဖလှယ်ပွဲကို ဩဂုတ်လ ၂၄ရက်၊ ၂၅ရက်နေ့များတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဦးဆောင် ဆွေးနွေးမည့် မြန်မာနိုင်ငံသား ပညာရှင်များအား ဖိတ်ခေါ်လျက် ရှိကြောင်း သိရသည်။ ယခုနှစ် နှီးနှောဖလှယ်ပွဲ၏ အဓိက အကြောင်းအရာ (Theme)မှာ "FromInspiration to Implementation: Emerging Opportunities in the ELTClassroom" ဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ အင်္ဂလိပ် ဆရာ/ ဆရာမများအနေနှင့် နိုင်ငံတကာမှ ဆရာများ၏ အင်္ဂလိပ်ဘာသာ သင်ကြားနည်း စနစ်များ၊ နိုင်ငံတကာ အင်္ဂလိပ် ဘာသာ သင်ကြားရေး နယ်ပယ်တွင် တိုးတက်ပြောင်းလဲမှုများကို လက်တွေ့ လေ့လာနိုင်ရန်နှင့် မိမိတို့နိုင်ငံအတွင်း ကျင့်သုံးလျက်ရှိသော အင်္ဂလိပ်ဘာသာ သင်ကြားရေး နည်းစနစ်များကို တင်ပြဖလှယ်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ယခု နှီးနှောဖလှယ်ပွဲ၏ ထူးခြားချက်များမှာ မြန်မာနိုင်ငံ ပညာရေး ဝန်ကြီးဌာနမှ အရာရှိကြီးများ များစွာတက်ရောက် အားပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံ အင်္ဂလိပ်ဘာသာ သင်ကြားရေး နယ်ပယ်တွင် အလွန် ထင်ရှားသည့်အတွက် နှစ်စဉ် ပရိသတ် ရာကျော်တက်ရောက်သည့် ပွဲဖြစ်ခြင်း၊ ယခုနှစ်တွင်လည်း ပညာရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ပါမောက္ခများနှင့် သင်ကြားရေး ဝန်ထမ်းများအပြင် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှာလည်း တက်ရောက်ကြဦးမည် ဖြစ်သည်ဟု သိရသည်။ ဤပွဲတွင် အလုပ်ရုံ ဆွေးနွေးပွဲပေါင်း (၅၀)ခန့် ပါဝင်မည် ဖြစ်ပြီး နှီးနှောဖလှယ်ပွဲ၏ အဓိက အကြောင်းအရာကို နိုင်ငံရပ်ခြားမှ ပညာရှင်တစ်ဦးက အဖွင့်သဘော ဦးဆောင် ဆွေးနွေးခြင်းဖြင့် စတင်မည်ဖြစ်ကာ အဆိုပါ နှီးနှောဖလှယ်ပွဲတွင် အလုပ်ရုံ ဆွေးနွေးပွဲများကို ဦးဆောင် ဆွေးနွေးမည့် မြန်မာနိုင်ငံသား အင်္ဂလိပ်ဘာသာ သင်ကြားရေး ပညာရှင်များကို ဖိတ်ခေါ်လျက် ရှိပါသည်။ ဗြိတိသျှကောင်စီမှ အင်္ဂလိပ်စာ ဖွံ့ဖြိုးတိုးတက်မှု တာဝန်ခံဒေါက်တာခိုင်ဖြူထွန်းမှ ပြောကြားသည်မှာ အဆိုပါ ဖိတ်ခေါ်လွှာများကို http://www.myanmar-network.netမှ ရယူနိုင်ပြီး Conference2013@mmbritishcouncil.orgသို့ အီးမေးဖြင့် ၂၀၁၃ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့ မတိုင်မီ ပြန်လည်ပေးပို့ရန် ဖြစ်သည်။

Mobile Logic
Mobile Training & Service Centre
သင်တန်းသားများ စတင်လက်ခံနေပါပြီ

**Andriod**
Understanding Andriod OS Setting
Apps Installation(apk, gpk)
Using PC Suites
Backup & Restore Data
Upgrade, Downgrade & Restore
Bootloader unlock/relock
S-on/S-off
Rooting/ Unrooting, Installing Recovery
Custom Firmware Installation
DeadBoot Repairing
Installing Myanmar Font
Creating Gold Card with XTC-clip
Guide Line for self-study
Tips & Tweaks

**Apple**
Understanding iOS Setting
Using iTunes and Third-party PC suites
Apps Installation(Jailbreak /Non-Jailbreak)
Backup & Restore(iTunes, iTools)
Firmware Upgrade, Downgrade & Restore
Baseband Upgrade & Downgrade
Jailbreaking, Crack Apps Installation
Adding Cydia Source (Online/Offline)
Creating Custom Firmware
Network Unlocking
Installing Myanmar Font
Creating iTunes Account and Apps Buying
Using iCloud
Tips & Tweaks

**Other OS**
(Symbian, Windows, Backberry, CDMA & Java OS)
Flashing
Apps Installation
Creating APN
Using PC Suites

**Using Toolbox**
Advance Turbo Box
Riff Box
SELG Fusion
Spiderman Box
XTC Clip

**Our Services!** *Your success is our value!!!*
- သင်ကြားမှုထိရောက်မှုရှိစေရန်အတွက် တန်းခွဲတစ်ခုလျှင် သင်တန်းသား(၆)ဦးသာလက်ခံပါသည်။
- လွယ်ကူစွာနားလည်သဘောပေါက်နိုင်သော Up-to-Date Courseများ၊ *Model* မြင့်*Laptop,Handset* များဖြင့် စာတွေ့/လက်တွေ့သင်ကြားပေးပါသည်။
- အင်တာနက်ပေါ်တွင် မိမိလေ့လာလိုသော နည်းပညာများကိုလေ့လာနိုင်ရန် *Internet Searching Techniques* ကိုလည်းထည့်သွင်းသင်ကြားပေးပါသည်။
- စာသင်ခန်းအပြင် သီးခြား *Mobile Lab* ပါထားရှိပေးသောကြောင့် သင်ခန်းစာများကို တစ်နေကုန်လက်တွေ့ စမ်းသပ်နိုင်ပါသည်။
- နယ်မှသင်တန်းသားများအတွက် အဆောင်(အခမဲ့) စီစဉ်ပေးခြင်း၊ ဆိုင်ဖွင့်လိုသူများနှင့် လုပ်ငန်းခွင်ဝင်လိုသူများအတွက် ကူညီဆောင်ရွက်ပေးခြင်း။

အမှတ်(၇၉)၊အင်းစိန်လမ်းနှင့်မွှေးရုံလမ်းထောင့်၊လှိုင်မြို့နယ်။ (သူ့စမှတ်တိုင်အနီး) ဖုန်း-၀၉-၅၄၁၄၀၈၄/၀၉-၄၂၁၀၅၇၆၃၈

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

ယခင်အပတ်မှ အဆက်

# သင့်ကို အလုပ်ရှင်က အလေးပေးလာဖို့ . . .

Sid



Image Credit: www.gbj.com

## အာရုံစိုက်ပြီးအလုပ်လုပ်ပါ

သင့်အတွက် တစ်ရက်တာလုံး နာရီပေါင်းများစွာ အလုပ်ချိန်မှာ ရှိနေရမှာ ဖြစ်ပြီးတော့ အဲဒီ အချိန်တွေ အားလုံး လိုလိုမှာ သင့်အနေနဲ့ စိတ်ပါဝင်စားမှု မရှိပဲ အလုပ်လုပ်ကိုင် ဆောင်ရွက်နေတာတွေ၊ စိတ်လေလွင့် နေတာတွေ၊ စိတ်ပင်ပန်းမှုတွေ ဖြစ်ပေါ်နေတာကို သင့်အလုပ်ရှင်က ဘယ်လိုမှ မြင်ချင်မှာ မဟုတ်ပါဘူး။ စွမ်းဆောင်ရည် ပြည့်ဝမှုဆိုတာ အလုပ်ရှင် တစ်ယောက်အတွက် ဝန်ထမ်း တစ်ယောက်ဆီက အလိုချင်ဆုံး အရာပဲ ဖြစ်ပါတယ်။ ဒါဟာ လူ့သဘော သဘာဝဖြစ်ပါတယ်။ အလုပ်ရှင် တစ်ယောက်မှ မဟုတ်ပါဘူး။ လူလူချင်းမှ မဟုတ်ပါဘူး။ လူသားတွေရဲ့ လိုချင်တပ်မက်မှု ဖြစ်ပါတယ်။

ဥပမာဆိုရင် ကျွန်တော်တို့ စက်ပစ္စည်းလေး တစ်ခု ဝယ်ယူသုံးစွဲကြတဲ့အခါ အဲဒီ စက်ပစ္စည်းလေးရဲ့ အကောင်းဆုံး စွမ်းဆောင်ပေးနိုင်မှုကို ကျွန်တော်တို့အားလုံး အလိုရှိကြတာ ဓမ္မတာပါ။ ဒီနေရာမှာ တန်ကြေးကြီးရင် ကြီး သလို စွမ်းဆောင်ပေးနိုင်မှုတွေ ကွာဟချက်တော့ အနည်းငယ် ရှိမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် စွမ်းဆောင်နိုင် သလောက်တော့ စွမ်းဆောင်ကြမယ်ဆိုရင် လူရယ်၊ စက်ပစ္စည်းရယ် မခွဲခြားပဲ လူတိုင်းက နှစ်ခြိုက်သဘောကျ ပါလိမ့်မယ်။

နောက်ထပ် စွမ်းဆောင်ရည် ပြည့်ဝစွာလုပ်ဆောင်တာနဲ့ တွဲပြီး အချိန်ကိုလည်း တန်ကြေးထား လုပ်ဆောင် နိုင်ရပါလိမ့်မယ်။ တကယ်လို့ သင့်အနေနဲ့ အချိန်ဇယား ဆွဲမှု အတတ်ပညာကို ကောင်းကောင်း နားမလည်ဘူးဆိုရင် အချိန်ပိုင်း စီစဉ်ညွှန်ကြားမှုဆိုင်ရာ သင်တန်း တစ်ခုခုမှာ တက်ရောက်လေ့လာသင့်ပါတယ်။

အချိန်ရဲ့ တန်ကြေး နားလည်မှုနဲ့ အချိန်ဇယား ခွဲခြား လုပ်ဆောင်နိုင်မှု ဆိုတာ လူတိုင်း အလွယ် သိရှိ နားလည်နိုင်တယ်လို့ လက်ခံထားကြပေမယ့် တကယ် တမ်းမှာတော့ အလွန်ခက်ခဲတဲ့ ဘာသာရပ် တစ်ခုပါ။ တိုးတက်တဲ့ နိုင်ငံတွေမှာ အချိန် စီမံခန့် ခွဲမှုဆိုင်ရာ သင်တန်းတွေ သီးသန့်ရှိပေမယ့် တချို့ကတော့ အုပ်ချုပ်မှု အတတ်ပညာ အဖြစ်နဲ့သာ နားလည် သိရှိထားပြီး သင်ယူလေ့လာမှုများ လုပ်ဆောင်နေကြပါတယ်။ အချိန် စီမံခန့်ခွဲမှုကို ကောင်းစွာ သိရှိမှုလည်း မိမိအတွက် ဒါမှ မဟုတ် မိမိအလုပ်အတွက် အကောင်းဆုံး အထောက် အပံ့ ရရှိနိုင်မှာ ဖြစ်တဲ့အတွက် နောက်ဆုံးမှာတော့ မိမိအတွက်သာလျှင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ အကျိုးသက်ရောက်မှု ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

အဲဒီလို သင်တန်း တက်ရောက်လို့ပဲ ဖြစ်စေ၊ အစက တည်းက အချိန်ပိုင်း စီမံခန့်ခွဲမှုကို သင်နားလည်ထားလို့ပဲ ဖြစ်စေ နောက်ထပ် သင်သိသင့်တာ တစ်ခု ကျန်ပါသေးတယ်။ အဲဒါက စွမ်းဆောင်ရည်နဲ့ ထိရောက်မှုပဲ ဖြစ်ပါ တယ်။ အဲဒါကလည်း ပုံမှန်အနေနဲ့ လူတိုင်း မစဉ်းစား ဖြစ်တဲ့ ကိစ္စရပ်တစ်ခု ဖြစ်ပါတယ်။ အထူးသဖြင့် ဝန်ထမ်းတော်တော်များများ အနေနဲ့ မစဉ်းစား၊ မတွေးတော ဖြစ်ကြပါဘူး။ လူနည်းစု ဖြစ်တဲ့ လုပ်ငန်းရှင်တွေကတော့ စဉ်းစား ဖြစ်ကြပါတယ်။ ဒါကြောင့် အဲဒီ စွမ်းဆောင်ရည်နဲ့ ထိရောက်မှုဆိုတာ ဝန်ထမ်းနဲ့ အလုပ်ရှင်ကို ပိုင်းခြားထားတဲ့ စည်းတစ်ခုလို ဖြစ်နေပါတော့တယ်။

အကြောင်းကတော့ စွမ်းဆောင်ရည် ဘယ်လောက် ရှိလဲဆိုတာ သိမှလည်း ဘယ်လောက် စွမ်းဆောင် နိုင်မယ် ဘယ်လောက် အချိန်ယူရမယ် ဆိုတာတွေ တွက်ချက်နိုင်လို့ပါ။ ဝန်ထမ်းအများစုဟာ သူတို့မှာ ဘယ်လောက်ထိ စွမ်းဆောင်နိုင်တယ်ဆိုတာ သူတို့ ကိုယ် သူတို့ မသိကြဘူး။ ဒါပေမယ့် ဘယ်ဝန်ထမ်းမှာ စွမ်းဆောင်ရည် ဘယ်လောက်ရှိတယ် ဆိုတာကိုတော့ လုပ်ငန်းရှင်ဖြစ်သူက သိပါတယ်။ ဒါကြောင့် လည်း ဘယ် အလုပ်ကို၊ ဘယ် ဝန်ထမ်းကို တာဝန်ပေးမယ်၊ ဘယ်နှစ်ရက်နဲ့ အပြီးသတ် ဆောင်ရွက်နိုင်ရမယ်၊ အဲဒီအတွက် လုပ်အားခ ဘယ်လောက်ပေးမယ် ဆိုတာတွေကို ကြိုတင် တွက်ချက် လုပ်ဆောင်ကြပါတယ်။ ဒါက လုပ်ငန်းရှင် ဘက်ကဖြစ်ပြီး ဝန်ထမ်းဘက်က ဆိုရင်တော့ အချိန် ပို လုပ်ကိုင်မှ ရမယ့် အလုပ်တွေကို အချိန်ပို ထိအောင် လုပ်ဆောင်ခြင်း၊ ဒါမှမဟုတ် အလုပ်ပြီးမြောက်အောင် အလုပ်ချိန်ပြည့် အာရုံစိုက် လုပ်ဆောင်ခြင်းတွေ လုပ်ဆောင်သင့်ပါတယ်။ ဒါဆိုရင် စွမ်းဆောင်နိုင်ရည်နဲ့ ထိရောက်မှုကို နားလည်လိမ့်မယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ စွမ်းဆောင်ရည် နည်းတဲ့ ဝန်ထမ်းတွေ၊ ဒါမှမဟုတ် စွမ်းဆောင်ရည် ရှိလျက်နဲ့ တာဝန်မပြီး မြောက်တဲ့ ဝန်ထမ်းတွေကို အလုပ်ရှင်တွေက အလုပ်က ရပ်နားတာဖြစ်စေ၊ လုပ်ခလျှော့ပေါ့တာ ဖြစ်စေ ပြစ်ဒဏ် တစ်မျိုးမျိုးကို ပေးတတ်ပါလိမ့်မယ်။ ဒီအခါ အဲဒီလို ဖြစ်ရပ်တွေအတွက် ဒေါသကတက်နေတာထက်၊ ဒါမှမဟုတ် ပြစ်ဒဏ် အတွက် အရှုံးတိုက် နေတာထက်စာရင် ကိုယ့်အမှားကို အမြန်ဆုံး ပြင်ဆင်ပြီး အနာဂတ်မှာ အကောင်းဆုံး ဖြစ်အောင် လျှောက်လှမ်းလိုက်တာက အကောင်းဆုံး ဖြစ်မှာပါ။

## ခေတ်နဲ့ အမီလိုက်ပါ

ခေတ်နဲ့ အမီလိုက်တယ်ဆိုတာ လူတိုင်းအတွက် အသင့်တော်ဆုံး လုပ်ဆောင်ချက် ဖြစ်ပါတယ်။ သတင်းတွေ၊ နည်းပညာရပ်တွေနဲ့ ကျွမ်းကျင်မှုဆိုင်ရာ နည်းလမ်း တွေဟာ အမြဲတမ်း အချိန်နဲ့ တစ်ပြေးညီ ပြောင်းလဲနေတာ ဖြစ်ပြီး အဲဒီလို ရေစီးကြောင်းကို သင် အမီလိုက်နိုင် မယ်ဆိုရင် သင့်အတွက် တစ်မျိုးမဟုတ် တစ်မျိုး အကျိုး ဖြစ်စေမှာပါ။ ဘာကြောင့်လဲ ဆိုတော့ ဒီနေ့ခေတ် အချိန်ကာလမှာ သက်ဆိုင်ရာ နယ်ပယ်တိုင်းမှာ နည်းပညာရပ် တွေဟာ တစ်နည်းမဟုတ် တစ်နည်း တစ်စထက်တစ်စ တိုးတက်နေလို့ပါပဲ။

ဘယ်နယ်ပယ် ဘယ်ပညာရပ်ဟာ နောက်ပြန်သွား နေကြောင်း၊ ရှိနေပြီးသား ပညာရပ်တွေကို ဖျက်ဆီး ဖျောက်ဖျက်လိုက်ကြောင်း သင်ကြားဖူးပါရဲ့လား။ ဒါကြောင့် ကျွန်တော်တို့ ခေတ်နဲ့အမီ ပြောင်းလဲနေတဲ့ ပညာရပ်တွေကို လက်လှမ်းမီ သလောက် စောင့်ကြည့်နေဖို့ လိုအပ်ပါတယ်။ ဖြစ်နိုင်ရင်တော့ အင်တာနက်သုံးစွဲမှုကို လူတိုင်း လုပ်ဆောင် နေသင့်ပါတယ်။ ဒါပေမယ့် အသုံးမလွဲဖို့လည်း တစ်နည်းပြောရရင် အသုံးတည့်အောင် သုံးစွဲဖို့ လိုပါတယ်။ ပညာရပ်တိုင်းလိုလို အနည်းဆုံး တစ်နှစ်မှာ တစ်ကြိမ်လောက်တော့ ပြောင်းလဲ တိုးတက်မှုတွေ ဖြစ်နေပါတယ်။

ခေတ်နဲ့အမီ လိုက်နိုင်တာကလည်း လုပ်ငန်းရှင်တွေရဲ့ သင့်အပေါ် အလေးထားချစ်ခင်မှုကို ရစေတဲ့ နည်းလမ်းတစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ ခေတ်နဲ့အမီ လိုက်နိုင်တာဟာ သင့်ရဲ့ တက်ကြွမှု၊ ဉာဏ်စွမ်းဉာဏ်စရှိမှု၊ စိတ်ပါဝင်စားမှုနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိမှု စတာတွေကို ပြသနိုင်လို့ ဖြစ်ပါတယ်။ အသေးစိတ် ပြောရမယ်ဆိုရင် သင့်အနေနဲ့ လုပ်ငန်းအတွက်ဖြစ်စေ၊ အားလပ်ချိန် စကား ပြောဆိုရင်းဖြစ်စေ ခေတ်မီတဲ့ အကြောင်းအရာ၊ အဖြစ်အပျက် များအကြောင်း ပြောနိုင်ခြင်း၊ ကြိုတင် သိရှိနေခြင်းတွေက သင့်ကို တခြား ဝန်ထမ်းတွေထက် စိတ်ဝင်စားမှု၊ အထင်ကြီး လေးစားမှုတွေ ရရှိစေ နိုင်မှာပါ။ ဒ့ါအပြင် ပညာရပ်နယ်ပယ် တော်တော်များ များမှာ နှံ့စပ် ကျွမ်းကျင်မယ်ဆိုရင် သင့်ရဲ့ မှတ်ဉာဏ် စွမ်းအား ဘယ်လောက်ရှိတယ်၊ အခြေခံ ပညာတတ်ကျွမ်းမှု ဘယ်လောက်ထိအောင် ရှိတယ်၊ ခေတ်မီတဲ့ ပညာရပ် တစ်နည်းပြောရရင် သိပ္ပံပညာ ဒါမှမဟုတ် ဆင့်ကဲ ပြောင်းလဲလာမှုအပေါ် သင်ဘယ်လောက် စိတ်ဝင်စားမှု ရှိတယ်ဆိုတာတွေ အပါအဝင် ပညာတတ်သူ တစ်ယောက် ဒါမှမဟုတ် မိမိ ကျွမ်းကျင်လိမ္မာရာ နယ်ပယ်တစ်ခုမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု ဘယ် လောက်ရှိတယ် ဆိုတာတွေကို သင့် အလုပ်ရှင်က သင့်ကို အကောင်းဆုံး သတိထားမိ လာစေပါလိမ့်မယ်။

ဒီလိုမျိုး ကိုယ့်ရဲ့ အစွမ်းအစတွေ သတိထားမိအောင် နေမှုသာ၊ နေနိုင်မှုသာလည်း အလုပ်ရှင် တစ်ယောက်ရဲ့ ယုံကြည်မှု အလေးထားမှုတွေ ရရှိလာမှာ ဖြစ်သလို သင့်ဆီက အကြံဉာဏ် တောင်းခံတာတွေ၊ တာဝန်လွှဲအပ် တာတွေ ဖြစ်လာမှာပါ။ ဒါဟာ သင့်ဘဝ ပြောင်းလဲမှုရဲ့ အစ ပထမလည်း ဖြစ်လာနိုင်ပါတယ်။ သင့်ရဲ့ အကြံဉာဏ်တွေ၊ လုပ်ဆောင်မှုတွေက သင့်လုပ်ငန်းတွင်းမှာ သာမကပဲ၊ ဌာနအတွင်းမှာရော၊ ဝန်ထမ်းချင်း အပိုင်းမှာ ရော လုပ်ငန်းရှင် အပိုင်းတွေမှာပါ စံထား ဂရုပြုလောက် စရာတွေ ဖြစ်လာပါလိမ့်မယ်။

Ref: www.news.com.au

CARTOON BY

သီဟ
(စခန်းသစ်)







# Windows 7နှင့် Windows 8တို့၏ အဓိက ကွာခြားချက်များ

မျိုးဇင်

1. Windows Boot တက်တဲ့အချိန်မှာ Windows 7က ၄၈ စက္ကန့် ကြာချိန်ရှိပြီး Windows 8မှာကတော့ ၁၀စက္ကန့်အတွင်း လျင်မြန်စွာ လုပ်ဆောင်ပေးတာကို တွေ့ရပါတယ်။
2. Windows 8၏ Desktop ပိုင်းဆိုင်ရာမှာလည်း Microsoftမှ Shortcut Iconsတွေရဲ့ နေရာမှာ Dynamic Titlesတွေနဲ့ အစားထိုး လိုက်ပါတယ်။ Applicationsများကို Titlesအဖြစ် ဖန်တီးပေးထားပြီး ၎င်း Titlesရဲ့ အရွယ်အစားကို Userတွေ စိတ်ကြိုက် ပြုပြင် ပြောင်းလဲနိုင်ပြီး Start Pageပေါ်မှာ Titlesတွေကို မိမိကြိုက်နှစ်သက်တဲ့ နေရာသို့ ရွှေ့ပြောင်းထားနိုင်ပါတယ်။
3. Multiple Monitors Support In Windows: Microsoft ကုမ္ပဏီမှ သုံးစွဲသူတွေ အဆင်ပြေစေဖို့အတွက် Windows 8 Operating Systemကို မော်နီတာ တစ်လုံးထက်ပို၍ ချိတ်ဆက် အသုံးပြုနိုင်တယ်လို့ ကြေညာခဲ့ပါတယ်။ Windows 8 PCကို အသုံးပြုပြီးတော့ မော်နီတာပေါင်းများစွာကို တစ်ချိန်တည်းမှာပဲ စီမံခန့်ခွဲမှု ပြုလုပ်နိုင်ပါတယ်။ Windows 7 Operating Systemမှာတော့ ဒီစနစ်ကို မရရှိနိုင်သလို ထောက်ပံ့ပေးထားချင်းလည်း မရှိပါဘူး။
4. In-built Windows Touch Features: Windows 7နှင့် Windows 8တို့၏ အဓိကကျတဲ့ ကွာခြားချက်ကတော့ Metro Style Interfaceပဲ ဖြစ်ပါတယ်။ Windows 8ရဲ့ Metro Style Interfaceဟာ ဒီဇိုင်းပိုင်းဆိုင်ရာမှာ ပိုပြီး ဆန်းသစ်သွားသလို Applicationsတွေ Websitesတွေ Contactsတွေကိုပါ လိုအပ်သလို စိတ်ကြိုက် Pin လုပ်ထားနိုင်ပါတယ်။ Metro Style Interfaceမှာ ပါဝင်တဲ့ ထောင့်မှန် စတုဂံပုံစံ ဖန်တီးထားတဲ့ Live Titleတွေဟာ Windows 7မှာ ပါဝင်တဲ့ Icon Patternတွေ နေရာမှာ အစားထိုး နေရာယူထားပါတယ်။
5. Applications Storeကို အခြေခံထားတဲ့ Microsoft Windowsဟာ Windows 8 Operating Systemမှာတော့ Application Store အသစ်ကို မိတ်ဆက်လိုက်ပါတယ်။ ကွဲပြားခြားနားတဲ့ Applicationsပေါင်း များစွာကို Start Menu Barတွင် တစ်စုတစ်စည်းတည်း ဖြစ်အောင် စုစည်းပေးထားပါတယ်။ Windows 8ရဲ့ Screen ညာဘက်ခြမ်းပေါ်မှာ Settingsနှင့် များစွာသော Devicesတွေအတွက် လက်တွေ့ အသုံးပြုလို့ရအောင် စီမံဆောင်ရွက် ပေးထားတာကိုလည်း တွေ့မြင်ရမှာပါ။ Settingsထဲမှာ ပါဝင်တာတွေ ကတော့ Power Options, Brightness, Volume, Notifications စတာ တွေကို အလွယ်တကူ အသုံးပြုနိုင်အောင် ဖန်တီးပေးထားပါတယ်။ Windows 7 OSမှာတော့ အဲဒီလိုမျိုး Featuresတွေ ပါဝင်ခြင်း မရှိပါဘူး။
6. Windows 7မှာ Touch Interface ထောက်ပံ့ပေးထားပေမယ့် လက်တွေ့အသုံးပြုမှု နည်းပါးခဲ့ပြီး Windows 8မှာကတော့ Metro Style Apps တွေကြောင့် ဖန်သားပြင်ကို လက်နှင့် ထိတွေ့လို့ရတဲ့ Touch Interface နည်းပညာဟာ မှန်မှန်ကန်ကန် လက်တွေ့ အသုံးချလာနိုင်ခဲ့ပါတယ်။



7. Built-in Antivirus: Windows 8 Operating Systemထဲမှာ Antivirus တစ်ပါတည်း ပါဝင်လာတဲ့အတွက် USB Deviceတွေမှတစ်ဆင့် ဝင်ရောက်လာမယ့် Virus ရန်မှ ကာကွယ်ပေးနိုင်ပါတယ်။

# ၉၉.၉၉ ဒေါ်လာတန် Nokia Smart Phone (Lumia 928)



Image Credit: www.nokiagadgets.com

မင်းခန့်

Nokiaဟာ တန်ကြေးနည်း မော်ဒယ်သစ်ဖုန်းနှစ်မျိုးကို မကြာခင်ကမှ မိတ်ဆက်ပြသခဲ့ပြီ ဖြစ်ပါတယ်။ သတင်းစာ ရှင်းလင်းပွဲအဖြစ် ခေါ်ယူ ရှင်းလင်းပြသခဲ့ခြင်း မဟုတ်ပေမယ့် Video Fileနဲ့ အဆိုပါ ဖုန်းအသစ် အကြောင်းကို ပြသမိတ်ဆက်ခဲ့တာပါ။ Lumia 928ရဲ့ အသေးစိတ် အချက်အလက်တွေကတော့ ၄.၅ လက်မ OLED Display၊ Resolutionအပိုင်းမှာ 1280x768 Pixel၊ Screenကို Gorilla Glassနဲ့ ဖုန်းအုပ်ထားမှာ ဖြစ်ပြီး၊ ကင်မရာက 8.7 MPရှိမှာ ဖြစ်သလို၊ Processorက Dual Core Snapdragon S4နဲ့ အမြန်နှုန်းက 1.5 GHz အသုံးပြု ပါရှိမှာ ဖြစ်ကြောင်းနှင့် Memoryက 32 GBကို Internalအဖြစ် ထည့်သွင်းထားကြောင်း သိရပါတယ်။ ဒါ့အပြင် အဆိုပါ ကင်မရာမှ Video ရိုက်ကူးမှုများအတွက်လည်း သင့်တင့်ကောင်းမွန်အောင် ဖန်တီးထားကြောင်း သိရပါတယ်။ အားသာချက် နောက်တစ်ခုအဖြစ် Lumia 928ဟာ Wireless Charing သုံးစွဲနိုင်မှာ ဖြစ်သလို NFCစနစ်ကို အသုံးပြုထားကြောင်း သိရပါတယ်။ အဆိုပါ ဖုန်းအား Lumia 822ရဲ့ နေရာအား အစားထိုး ဈေးကွက်တင်သွားမှာ ဖြစ်ပြီး တစ်လုံးလျှင် ဒေါ်လာ ၉၉.၉၉ ဖြင့် လာမည့် မေလ ၁၆ ရက်နေ့မှာ အမေရိကန်နိုင်ငံမှာ ဈေးကွက်တင် ဖြန့်ချိသွားမှာ ဖြစ်ကြောင်း သိရပါသည်။ တစ်ကမ္ဘာလုံးကိုတော့ မေလ (၂၀) ရက်နေ့မှာ ဖြန့်ချိသွားမှာဖြစ်ပြီး စနစ်နှစ်မျိုးသုံး ဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ CDMA ကိုင်ဆောင်ထားသူများ မျှော်လင့်နိုင်မည် ဖြစ်ပါသည်။

Ref: www.geeky-gadgets.com

# Windowsတွေ အတွက် Viber



Image Credit: www.trytower.com

မင်းခန့်

အချို့သော နိုင်ငံတွေမှာ Viberတွေဟာ Windowsတွေကို အသုံးပြုပြီးတော့ သုံးစွဲသူ အချင်းချင်းအကြား Messageတွေနဲ့ Callတွေကို အခမဲ့ ပေးပို့ ခေါ်ဆိုနိုင်အောင် လုပ်ဆောင်လာနိုင်တာ တွေ့ရပါတယ်။ အဲဒီ Viberစနစ်ဟာ အသုံးချပစ္စည်းအမျိုးအစားနဲ့ ဆက်သွယ်ရေး ကွန်ယက်စနစ်တွေ ရွေးချယ်မှုမရှိပဲ၊ သုံးစွဲနိုင်တဲ့ နယ်နမိတ်အတွင်း စိတ်ကြိုက်သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Viberရဲ့ အားသာချက်တွေက Voice Callတွေ အတွက် HDအသံထွက် ကောင်းမွန်မှု၊ Video Callတွေ ခေါ်ဆိုနိုင်မှု၊ Textနဲ့ Photoတွေကို အခမဲ့ ပေးပို့နိုင်မှု၊ အုပ်စုဖွဲ့ ပြောဆိုနိုင်မှု၊ မှတ်ပုံတင်ရန်မလို (အကြောင်းအရာစုံ ရေးသားဖြည့်သွင်းရန်မလို)၊ Passwords ပေးရန်မလို၊ Invite လုပ်ငန်းစဉ် မလိုအပ်မှုတွေ ဖြစ်ပါတယ်။ နောက်ဆုံးထွက်ရှိထားတဲ့ Viber3.0ရဲ့ အားသာချက်တစ်ခုက Video Messageပို့နိုင်တာပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ Viber အသုံးပြုသူပေါင်း သန်း ၂၀၀လောက်ရှိနေပြီး နိုင်ငံပေါင်း ၁၉၃မှာ သုံးစွဲနေကြပါတယ်။ ဒါကြောင့် အခုပဲ Viberကို www.viber.comမှာ Downloadလုပ်နိုင်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက ကိုယ်သုံးမယ့်စနစ်ကိုတော့ (Windows XP, 8, iOSလားဆိုတာတွေ) ရွေးချယ်ဖို့ ဖြစ်ပါတယ်။

# ၁၉၆၇ ခုနှစ်ထုတ် Toyota Sportကား ဒေါ်လာ ၁.၁၅သန်းဖြင့်ရောင်းချ

လင်းထက်

အမေရိကန် ရှေးဟောင်းကား စုဆောင်းသူများ အကြိုက်တွေ့ လျက်ရှိသော ၁၉၆၇ ခုနှစ်ထုတ် Toyota အမျိုးအစား 2000GTမော်ဒယ်၊ လက်ရှိ စီးနင်းနိုင်သော ကားတစ်စီးလျှင် တန်ကြေး ဒေါ်လာ ၁.၁၅ သန်းနဲ့ ရောင်းချနိုင်ခဲ့ကြောင်း သိရပါတယ်။ အဆိုပါ မော်ဒယ်ကားဟာ တစ်ကမ္ဘာလုံး အတိုင်းအတာအတွက် အစီးရေ ၃၅၁ စီးသာ ထုတ်လုပ် ဖြန့်ချိထားတာလည်း ဖြစ်ပါတယ်။ 2000GTတွင် ၂.၀ လီတာသုံး ခြောက်လုံးထိုး အင်ဂျင်တပ်ဆင်ထားတာဖြစ်ပြီး ကားပြိုင်ပွဲများတွင် ထည့်သွင်းယှဉ်ပြိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ထားခြင်း ဖြစ်ကာ တစ်နာရီ ၂၁၇ ကီလိုမီတာနှုန်းအထိ အမြန်ဆုံး မောင်းနှင်နိုင်ကြောင်းလည်း ဆိုပါတယ်။ Aluminium ကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး အဆိုပါ ကားအား ဈေးကွက်စတင် ဖြန့်ချိချိန်ကပင် အမေရိကန် ဈေးကွက်အတွင်း ဒေါ်လာ ၇၀၀၀ ဖြင့် ရောင်းချခဲ့ရကြောင်းလည်း သိရပါသည်။

Ref: www.stuff.co.nz



Image Credit: www.digtitaltrends.com

# အသစ်ထွက်ရှိလာတဲ့ BackTrack 6 (သို့မဟုတ်) Kali Linux




မျိုးဇင်

Hackers သမားများနှင့် BackTrack Linux Fansများအတွက် သတင်းကောင်း တစ်ခုပါ။ BackTrack ကနေ ဖန်တီး ရေးဆွဲထားတဲ့ Kali Linux လို့ ခေါ်တဲ့ BackTrack 6 ဗားရှင်းအသစ်ကို မျှော်လင့်စောင့်စား သူတွေအတွက် ဖြန့်ချိပေးလိုက်ပါပြီ။ လွန်ခဲ့တဲ့ ၇နှစ်လောက်ကတည်းက BackTrack Linux ကို Versions ငါးမျိုးအထိတောင် အံ့ဩဖွယ် ကောင်းလောက်အောင် ထွက်ရှိထားတာ တွေ့ရမှာပါ။ Kali Linuxဟာဆိုရင် Debian Linuxကို အခြေခံထားပြီး File Size ကတော့ 2.25GB ရှိပါတယ်။ BackTrack 6 ဟာ Open Source တစ်ခု ဖြစ်တဲ့အပြင် Penetration Toolsပေါင်း ၃၀၀ကျော် ပါဝင်ပါတယ်။ ကျယ်ပြန့်တဲ့ Wireless Device တွေကို ထောက်ပံ့ပေးထားပြီး Multi Languageကို အသုံးပြုနိုင်ပါတယ်။ Kali Linuxရဲ့ ARM Architecture ဒီဇိုင်းပုံစံဟာဆိုရင်တော့ Samsung ARM Chromebook, Raspberry Pi, ODROID U2/X2 နှင့် SainSmart SS808 အစရှိတဲ့ Deviceတွေမှာ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပါတယ်။ BackTrack 6ကို အသုံးပြုချင်သူတွေ အတွက် Download Linkကိုလည်း မျှဝေပေးလိုက်ရပါတယ်။ http://www.kali.org/downloads/ မှာ ရယူနိုင်ပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 18
MYANMAR ICT JOURNAL

How-to


# Word 2013မှာ Keyboard Shortcutတွေ ဖန်တီးမယ်...

မင်းခန့်


Word 2013မှာ ကီးဘုတ်ကနေ အမိန့်တွေ ပေးနိုင်မယ့် Shortcutတွေ အများကြီး အလိုအလျောက် ပါဝင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း အသုံးချမှုအပိုင်းမှာ လွယ်ကူ မြန်ဆန်ပြီး File Saving တွေကိုတောင် Keyboardကနေ လုပ်နိုင်ပါတယ်။ ဒ့ါအပြင် သင့်စိတ်ကြိုက် Shortcutတွေကို ထပ်မံပြီး ဖန်တီးနိုင်တဲ့ စွမ်းရည်တွေ Word 2013မှာ ပါဝင်လာတာ တွေ့ရပါတယ်။ ဒီနေ့ ပြောပြချင်တာက အဲဒီလို Shortcutအသစ်လုပ်တဲ့ နည်းလမ်းနဲ့ လက်ရှိ Shortcutကို ပြင်ဆင်နိုင်မယ့် နည်းလမ်းအကြောင်းတွေ ဖြစ်ပါတယ်။

Optionအပိုင်းကို အလွယ်ဝင် ရောက်နိုင် မယ့် နည်းလမ်း နှစ်မျိုးရှိပါတယ်။ ပထမနည်းကတော့ File Menu ကနေ တစ်ဆင့် ဝင်ရောက်ခြင်း ဖြစ်ပါတယ်။


နောက်ပြီး Menu စဉ်ရဲ့ ဘယ်ဘောက်အောက်နားမှာရှိတဲ့ Optionခလုတ်ကို နှိပ်လိုက်ပါ။





Word Options Dialog Boxကျလာတဲ့ အခါ Menu List ဘယ်ဘက်အောက်နားမှာ ရှိတဲ့ Customize Ribbon ခလုတ်ကို ဆက်နှိပ်ပါ။





Customize Ribbonကို အမြန်ဆုံး ဝင်ရောက်ပြင်ဆင်နိုင်မယ့် နည်းလမ်းက Ribbon စဉ်ပေါ်မှာ ရှိတဲ့ ခေါင်းစဉ် တစ်ခုခုကို Right-click လုပ်ပြီး ပြင်ဆင်တာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြင်ဆင်မှာက Shortcutတွေ ဖြစ်တဲ့အတွက် Popup စဉ်မှာပါတဲ့ Customize the Ribbonကို နှိပ်ပါ။




Customize Ribbonထဲ ရောက်သွားပြီ ဆိုရင်တော့ Popup ရဲ့ အောက်ဆုံးမှာ ရှိတဲ့ Customize ခလုတ်ကို နှိပ်ပြီး Keyboard Shortcutတွေ စတင် ဖန်တီးနိုင်တော့မှာ ဖြစ်ပါတယ်။





